yadanarbonnews.com

# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ နတ်တော်လဆန်း (၉) ရက် ၊ ကြာသပတေးနေ့ ၊ (1-12-2022) ၊ အတွဲ (၃၁) ၊ အမှတ် (၂၁၅)

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

(၁) ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီဆက်လက်လုပ်ဆောင်သွားမည်။

(၂) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက်ဆက်လက်ဆောင်ရွက်သွားမည်။

(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့်ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီ စံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# အစိုးရစက်မှုလက်မှုသိပ္ပံ(ထားဝယ်)၊ အစိုးရစက်မှုလက်မှုသိပ္ပံ(တောင်ငူ)နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ(သန်လျင်) ဖွင့်ပွဲအခမ်းအနားများ ကျင်းပ



**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တာဝန်ရှိသူများက အစိုးရစက်မှုလက်မှုသိပ္ပံ(တောင်ငူ)ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။**

**နေပြည်တော် နိုဝင်ဘာ ၃၀**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရစက်မှုလက်မှုသိပ္ပံ(ထားဝယ်)၊ အစိုးရစက်မှုလက်မှုသိပ္ပံ(တောင်ငူ)နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ(သန်လျင်)ဖွင့်ပွဲအခမ်းအနားများကို ယနေ့နံနက် ၉ နာရီတွင် တစ်ပြိုင်တည်းကျင်းပသည်။

အစိုးရစက်မှုလက်မှုသိပ္ပံ(တောင်ငူ) ဖွင့်ပွဲအခမ်းအနားသို့ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများ၊ GTIကျောင်းသားဟောင်းများ၊ ဆရာ၊ ဆရာမများ၊ စက်မှုလက်မှုလုပ်ငန်းရှင်များ၊ သင်တန်းသား၊ သင်တန်းသူများတက်ရောက်ကြပြီး

**စာမျက်နှာ ၁၇ ကော်လံ ၁ သို့**

**ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ နိုဝင်ဘာ ၁၈ ရက်ထိ တမူးနယ်စပ်ကုန်သွယ်ရေးစခန်းက ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၄၀၇ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့**

စာမျက်နှာ - ၂၉

**ဧရာဝတီတိုင်းဒေသကြီးမှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ဆန်နှင့် ဆန်ကွဲအိတ်ရေ ၁၄ သိန်းတင်ပို့ရောင်းချနိုင်ခဲ့**

စာမျက်နှာ - ၁၅



ရတနာပုံ
၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁ ရက်

အယ်ဒီတာ့အာဘော်

# ကျန်းမာပျော်ရွှင်ရေးအတွက် နေ့စဉ်လမ်းလျှောက်ပေးပါ

လမ်းလျှောက်ခြင်းသည် ကျန်းမာရေးကောင်းမွန်ရန်အတွက် အကောင်းဆုံးအားကစားနည်းတစ်ခုဖြစ်သည်။ ယခုလိုအေးသောရာသီတွင် ခန္ဓာကိုယ်သွေးလည်ပတ်မှုကောင်းစေရန် နေ့စဉ်ပုံမှန်လမ်းလျှောက်သင့်သည်။ ထိုသို့နေ့စဉ်ပုံမှန်လမ်းလျှောက်ခြင်းဖြင့် ကျန်းမာရေးကိုများစွာအထောက်အကူပြုသည်။

လူတစ်ဦး ကျန်းမာနေရန်အတွက် အသက်အရွယ်အလိုက် ရှိသင့်ရှိထိုက်သောကိုယ်အလေးချိန်ပေါ်မူတည်နေသည်။ နေ့စဉ်လမ်းလျှောက်ခြင်းဖြင့် ကယ်လိုရီကိုလောင်ကျွမ်းစေသည့်အတွက် ကိုယ်အလေးချိန်ကို လျှော့ချပေးပြီး အဝလွန်ခြင်းကို ကာကွယ်ပေးသည်။ နေ့စဉ်ပုံမှန်လမ်းလျှောက်သူများသည် လမ်းမလျှောက်သူများထက် ပို၍သက်လုံကောင်းပြီး အမောခံနိုင်သည်။

လမ်းလျှောက်ခြင်းသည် စိတ်ကိုကြည်လင်လန်းဆန်းစေသည်။ တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိသော အဖော်များနှင့်လမ်းလျှောက်ခြင်းသည် ကျန်းမာရေးကိုပို၍အထောက်အကူဖြစ်သည်။ ထို့ပြင် ပုံမှန်လမ်းလျှောက်ခြင်းဖြင့် စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျမှုနှင့် စိုးရိမ်ပူပန်မှုများကို သက်သာစေသည်။ လမ်းလျှောက်ခြင်းသည် ငွေကုန်ကြေးကျမရှိသော ကိုယ်လက်လှုပ်ရှားမှုတစ်ခုဖြစ်သောကြောင့် ပုံမှန်ပြုလုပ်သင့်သည်။

ဒီဇင်ဘာလသည် အေးသောရာသီဖြစ်သောကြောင့် ကိုယ်လက်လှုပ်ရှားမှုကို မဖြစ်မနေပြုလုပ်သင့်သည်။ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနကလည်း တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် နှစ်စဉ်ဒီဇင်ဘာလကို လူထုအားကစားလအဖြစ်သတ်မှတ်ပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လူထုစုပေါင်းလမ်းလျှောက်ပွဲများ၊ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ၊ ပျော်ပွဲရွှင်ပွဲအားကစားပြိုင်ပွဲများ စုပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ထုတ်ပြန်သတင်းများအရ သိရသည်မှာ ကျန်းမာရေးအတွက် သတင်းကောင်းတစ်ခုပင်ဖြစ်သည်။

လမ်းလျှောက်ခြင်းသည် အဆုတ်အားကိုကောင်းစေသည်။ သွေးလှည့်ပတ်မှုကောင်းပြီး အဆုတ်ကို အောက်ဆီဂျင်လုံလောက်စွာဝင်ရောက်စေသောကြောင့် အဆုတ်မှ အဆိပ်အတောက်များကို ဖယ်ရှားပေးနိုင်သည့်အပြင် သက်လုံအားကိုကောင်းစေသည်။ ထို့ကြောင့် အဆုတ်သည် သန်မာလာစေပြီး အဆုတ်နှင့်ပတ်သက်သော ရောဂါများကင်းဝေးစေပါသည်။ လမ်းလျှောက်ခြင်းသည် သွေးလှည့်ပတ်မှုကို ညီညွတ်စေသောကြောင့် ကျောရိုးမကြီးကိုပိုမိုအားကောင်းလာစေပြီး ကွေးခြင်း၊ ဆန့်ခြင်းကောင်းစေရန် အထောက်အကူပြုသည်။

ထို့ပြင် အထိုင်များသူတို့သည် ကိုယ်လက်လှုပ်ရှားမှုနည်းသောကြောင့် အဝလွန်ရောဂါများဖြစ်ရန် အခွင့်အလမ်းပိုများလာသည်။ လူအများစုသည် အဝလွန်ခြင်းရောဂါ၊ ဆီးချိုရောဂါ၊ နှလုံးနှင့်ဆက်စပ်သောရောဂါ၊ သွေးတွင်းသကြားဓာတ်မထိန်းချုပ်နိုင်သောရောဂါများကို နေ့စဉ်လမ်းလျှောက်ခြင်းဖြင့် ကာကွယ်နိုင်သည်။

သို့ဖြစ်ရာ ပုံမှန်လမ်းလျှောက်ခြင်းသည် တစ်နေ့တာချုပ်တည်းထားသော စိတ်ဖိစီးမှုများကို ဖယ်ရှားရန် အထောက်အကူပြုသည်။ ထို့ကြောင့် အေးသောရာသီတွင် မိတ်ဆွေများ၊ ချစ်ခင်သူများနှင့်အတူ စုပေါင်းလမ်းလျှောက်ခြင်းဖြင့် တစ်နေ့တာစိတ်ဖိစီးမှုများကို ပြေပျောက်စေပြီး ကျန်းမာပျော်ရွှင်သောဘဝများ ရရှိပိုင်ဆိုင်နိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ပါသည်။

# မန္တလေး-တကောင်း ရေလမ်းကြောင်းတစ်လျှောက် ရေလမ်းညွှန်အမှတ်အသား အခုရေ ၃၁၀ စိုက်ထူပြီးဖြစ်



**မန္တလေး နိုဝင်ဘာ ၃၀**

မန္တလေး-တကောင်း ရေလမ်းကြောင်းတစ်လျှောက် သင်္ဘောနှစ်စီးဖြင့် နိုဝင်ဘာ ၁၀ ရက်မှ ယနေ့ထိရေလမ်းညွှန်အမှတ်အသားအခုရေ ၃၁၀ စိုက်ထူပြီးဖြစ်ကြောင်း ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ ဒေသ-၅၊ မန္တလေးတိုင်းဒေသကြီး၊ ရေလမ်းညွှန်ဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲထွန်းလင်းအောင်က ပြောပြ၍ သိရသည်။

ဧရာဝတီမြစ် မန္တလေး-တကောင်း ရေလမ်းကြောင်းတစ်လျှောက်သင်္ဘောများသွားလာရာတွင် အန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရေးအတွက် နိုဝင်ဘာ ၁၀ ရက်မှစ၍ ရေပေါ်ပြရေလမ်းညွှန်အမှတ်အသားအခုရေ ၁၄၀ နှင့် ကမ်းပေါ်ပြရေလမ်းညွှန်အမှတ်အသားအခုရေ ၂၀၀ စုစုပေါင်း ရေလမ်းညွှန်အမှတ်အသားအခုရေ ၃၄၀ ကို စိုက်ထူပြသပေးလျက်ရှိရာ ယနေ့ထိ ရေလမ်းညွှန်အမှတ်အသား အခုရေ ၃၁၀ စိုက်ထူပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"အခုဧရာဝတီမြစ် မန္တလေး-တကောင်း ရေလမ်းကြောင်းတစ်လျှောက် နိုဝင်ဘာ ၁၀ ရက်ကနေ ဒီနေ့ထိ ရေပေါ်ပြရေလမ်းညွှန်အမှတ်အသား အခုရေ ၁၃၀ နဲ့ ကမ်းပေါ်ပြ ရေလမ်းညွှန်အမှတ်အသားအခုရေ ၁၈၀ စုစုပေါင်း ရေလမ်းညွှန်အမှတ်အသားအခုရေ ၃၁၀ ထိ စိုက်ထူပြီးစီးသွားပါပြီ" ဟု ဦးရဲထွန်းလင်းအောင်က ပြောပြသည်။

ယခုလက်ရှိ ဧရာဝတီမြစ်အတွင်း ရေနည်းချိန်ကာလသို့ ရောက်ရှိလာပြီဖြစ်ကြောင်း၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ယနေ့ နံနက် ၆ နာရီ မိနစ် ၃၀ တိုင်းတာချက်အရ ဧရာဝတီမြစ်ရေမှာ မန္တလေးမြို့တွင် ၃၆၇ စင်တီမီတာသို့ရောက်ရှိနေကြောင်း၊ ဧရာဝတီမြစ် ရေနည်းသတိပေးအမှတ်မှာ စင်တီမီတာ၃၆၀ ဖြစ်ကြောင်း၊ ထိုသို့ရေနည်းသတိပေးမှတ်သို့ရောက်ရှိရန်နီးစပ်နေပြီဖြစ်သောကြောင့် မန္တလေးဆိပ်ကမ်းမှ သွားလာမည့်ခရီးသည်နှင့်ကုန်တင်သင်္ဘောများအနေဖြင့် ရေပေါ်နှင့်ကမ်းပေါ်တွင် ပြသပေးထားသည့် ရေလမ်းညွှန်အမှတ်အသားများကို သတိပြုသွားလာကြရန် လိုအပ်ကြောင်း သိရသည်။ (၁၈၄)

# မန္တလေးတိုင်းဒေသကြီးတွင် တစ်နိုင်တစ်ပိုင်လုပ်ငန်းရှင်များကို စားသောက်ကုန်နှင့် လူသုံးကုန် ၅၉၈ မျိုး ဓာတ်ခွဲစမ်းသပ်ပေးထား

**မန္တလေး နိုဝင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီးအတွင်း တစ်နိုင်တစ်ပိုင် လုပ်ငန်းရှင်များ ပေါ်ထွက်ရေးအတွက် ထုတ်လုပ်ရောင်းချမည့် စားသောက်ကုန်နှင့် လူသုံးကုန် ၅၉၈ မျိုးကို ဓာတ်ခွဲစမ်းသပ်မှုများ ပြုလုပ်ပေးထားကြောင်း မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်က ပြောပြ၍ သိရသည်။

အဆိုပါ တစ်နိုင်တစ်ပိုင်လုပ်ငန်းရှင်များကို ယခုဘဏ္ဍာနှစ်တွင် ထုတ်လုပ်ရောင်းချမည့် ကုန်ပစ္စည်း ၆၀၀ ကျော်ထိလျာထားပြီး ဓာတ်ခွဲစမ်းသပ်ပေးသွားမည်ဖြစ်ရာ ယနေ့ထိ ဓာတုဗေဒဓာတ်ခွဲစမ်းသပ်ပေးခြင်းဖြင့် စားသောက်ကုန်၊ လူသုံးကုန် ၂၉၄ မျိုးနှင့် အဏုဇီဝဓာတ်ခွဲစမ်းသပ်ခြင်းဖြင့် စားသောက်ကုန်၊ လူသုံးကုန် ၃၀၄ မျိုး စုစုပေါင်း ၅၉၈ မျိုးကို ဓာတ်ခွဲစမ်းသပ်မှုများ ပြုလုပ်ပေးထားကြောင်း သိရသည်။

"ထုတ်ကုန်ပစ္စည်းတွေကို စမ်းသပ်ပေးရာမှာ ဓာတ်ခွဲစမ်းသပ်မှုနှစ်မျိုးနဲ့ ဆောင်ရွက်နေပါတယ်။ အခုလက်ရှိမှာ ဓာတုဗေဒဓာတ်ခွဲစမ်းသပ်ပေးတာနဲ့ အဏုဇီဝဓာတ်ခွဲစမ်းသပ်ပေးတာ စုစုပေါင်း ၅၉၈ မျိုးကို ဓာတ်ခွဲစမ်းသပ်ပြီး ခွင့်ပြုပေးထားပါတယ်။ ထုတ်လုပ်ရောင်းချမဲ့ လုပ်ငန်းရှင်တွေက မိမိတို့ပြုလုပ်ပြီး ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချမဲ့ ပစ္စည်းတွေကို ဓာတ်ခွဲစမ်းသပ်မှုမဖြစ်မနေပြုလုပ်ရပါတယ်။ အိမ်တွင်းစက်မှုလုပ်ငန်းတွေ စားသောက်ကုန်၊ လူသုံးကုန်တွေမှာ အများပြည်သူတွေ အများဆုံး သုံးစွဲစားသုံးကြတာကြောင့် ထုတ်ကုန်တွေကို ဓာတ်ခွဲစမ်းသပ်ပေးတာပါ။ ဓာတုပါဝင်မှုတွေ၊ အဏုဇီဝပိုးမွှား ပါဝင်မှုတွေကို စမ်းသပ်စစ်ဆေးရတာပါ။ စားသုံးသူပြည်သူတွေ အန္တရာယ်ကင်းရှင်းစေဖို့ ဆောင်ရွက်ပေးတာဖြစ်ပါတယ်" ဟု ဦးဝင်းဗိုလ်က ပြောပြ၍ သိရသည်။ (၁၈၅)

# သီရိမာလာကုန်စိမ်းဈေးတွင် ပြင်ဦးလွင်နှင့် နောင်ချိုတို့မှထွက်ရှိသည့် ပြောင်းဖူး ၁၀၀ ပါ တစ်အိတ်လျှင် ငွေကျပ် ၂၈၀၀၀ ထိဈေးကောင်းရရှိ

**မန္တလေး နိုဝင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ သီရိမာလာ ကုန်စိမ်းဈေးသို့ ယခုအခါ ပြင်ဦးလွင်ဒေသနှင့် နောင်ချိုဒေသတို့မှ ထွက်ရှိသည့် ပြောင်းဖူး ၁၀၀ ပါ တစ်အိတ်လျှင် ငွေကျပ် ၂၈၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း အဆိုပါဈေးအတွင်းရှိ အောင် ပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

ပြင်ဦးလွင်ဒေသနှင့် နောင်ချိုဒေသတို့မှ ထွက်ရှိသည့် ပြောင်းဖူးများ မန္တလေးမြို့၊ သီရိမာလာ ကုန်စိမ်းဈေးသို့ တစ်ရက်လျှင် ၁၂ ဘီးကားအစီးရေ ခုနစ်စီးမှ ရှစ်စီးထိ ပုံမှန်ဝင်ရောက်လျက်ရှိပြီး ပြောင်းဖူးဈေးနှုန်းများမှာ နိုဝင်ဘာလဒုတိယပတ်က ပြောင်းဖူး ၁၀၀ ပါ တစ်အိတ်လျှင် ငွေကျပ် ၁၈၀၀၀ ရှိခဲ့ရာမှ နိုဝင်ဘာလတတိယပတ်မှစ၍ ပြောင်းဖူး ၁၀၀ ပါ တစ်အိတ်လျှင် ငွေကျပ် ၂၈၀၀၀ ထိရရှိကာ ဈေးကောင်းရရှိနေကြောင်းအဆိုပါဈေးအတွင်းရှိ အောင် ပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြသည်။

"လက်ရှိအချိန်မှာ ဈေးကိုဝင်ရောက်လာတဲ့ ပြောင်းဖူးတွေဈေးကောင်းရရှိနေပါတယ်။ ပြောင်းဖူးက ပြင်ဦးလွင်နဲ့ နောင်ချိုက ဝင်ရောက်နေပါတယ်။ ပြောင်းဖူးက စိုက်သူနည်းသွားတယ်။ ကားတစ်စီးကို အိတ်ရေ ၁၂၀၀ ပါတယ်။ ကျန်တဲ့နေရာတွေက ပြောင်းဖူးမထွက်သေးပါဘူး။ အခုအောက်ကျွန်းဒေသတွေကတော့ ထွက်လာပြီလို့သိရပါတယ်။ ပြောင်းဖူးကို အိတ်ပြတ် ဝယ်ယူကြတာများပါတယ်။ ဝင်ရောက်လာတဲ့ ပြောင်းဖူးတွေကတော့ ၇၀၂၊ ၁၃၅၊ ၉၉ မျိုးတွေပါ။ လားရှိုးနဲ့ ရန်ကုန်ကိုလဲ တင်ပို့ရပါတယ်။ အခုချိန်မှာတော့ တောင်ပေါ်က ထွက်ရှိလာတဲ့ ပြောင်းဖူးတွေ နေ့စဉ်ဝင်ရောက်နေပြီး ဈေးကောင်းရနေပါတယ်။ ကျန်တဲ့ ကုန်စိမ်းသီးနှံတွေလို ပြောင်းဖူးတွေလဲ အရောင်းအဝယ်ကောင်းနေပါတယ်" ဟု ဦးအောင်မိုးနိုင်က ပြောပြသည်။

အဆိုပါ ပြောင်းဖူးများသည် လက်ရှိအချိန်တွင် မန္တလေးဈေးကွက်သို့ နေ့စဉ်ဝင်ရောက်လျက်ရှိပြီး အရောင်းအဝယ်ကောင်းကာ ဈေးကောင်းများ ရရှိနေကြောင်း ဦးအောင်မိုးနိုင်က ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# သနပ်ပင်မြို့နယ် ဖရဲကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်မှု စစ်ဆေး

**သနပ်ပင် နိုဝင်ဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖရဲကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပဲခူးတိုင်းဒေသကြီးကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်မိုးဝေ၊ ပဲခူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခိုင်ရွှေဝါနှင့် ဝန်ထမ်းများက ဖရဲကျေးရွာ၌ Cash For Work စီမံကိန်းရန်ပုံငွေဖြင့် မြေသားရေကန် ပြုပြင်ခြင်းလုပ်ငန်း၊ ပြည်ထောင်စုရန်ပုံငွေဖြင့် မြေသားရေကန်ပြုပြင်ခြင်းနှင့် ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်မိုးဝေက ကျေးရွာအလုပ်အမှုဆောင် ကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ ကျေးရွာပြည်သူများနှင့်တွေ့ဆုံကာ ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

သနပ်ပင်မြို့နယ် ဖရဲကျေးရွာ၌ Cash For Work စီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၀၀ ဖြင့် အရှည်ပေ ၁၆၅၀၊ အကျယ် ခြောက်ပေ၊ အနက်ငါးပေရှိ မြေသားရေကန် ပြုပြင်ခြင်းလုပ်ငန်းကို စက်တင်ဘာလ ပထမပတ်ကစတင်၍ ကျေးရွာပြည်သူလူထုကိုယ်တိုင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေကျပ် ၁၂ ဒသမ ၄ သန်းဖြင့် အလျားပေ ၁၀၀၊ အနံပေ ၁၀၀၊ အနက်ငါးပေရှိ မြေသားရေကန်ပြုပြင်ခြင်းလုပ်ငန်း၊ အရှည် ပေ ၁၆၅၀၊ အမြင့်ငါးပေရှိ ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများကို ချမ်းမြေ့ရတနာလင်းကုမ္ပဏီကတာဝန်ယူ၍ အောက်တိုဘာ ၁၇ ရက်ကစတင်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ကြောင်း ပဲခူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခိုင်ရွှေဝါက ပြောပြ၍ သိရသည်။

**ကိုညို**




**မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ စိတ်ဝဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေး မဟာအောင်မြေမြို့နယ် မဟာမြိုင်(၂)ရပ်ကွက်နေ ဦးသိန်းဇော်-ဒေါ်အေးအေး သားမောင်ချမ်းမင်းသူ မိသားစုက နှစ်ပက်မိဘတို့အားရည်စူး၍ ဆွမ်း၊ ဆေးပဒေသာပင်အတွက် ငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ရုံးအဖွဲ့မှူး ဦးသန့်ဇင်က လက်ခံရယူစဉ်။**

# ရမည်းသင်းမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံဧက ၁၀၀၀၀ ကျော်စိုက်ပျိုးပြီးစီး



**ရမည်းသင်း နိုဝင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံဧက ၁၀၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြသည်။

ရမည်းသင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ လျာထားဧက ၁၀၀၀၀ ကျော်ကို နိုဝင်ဘာလဆန်းမှစ၍ စိုက်ပျိုးခဲ့ရာ နိုဝင်ဘာ ၂၉ ရက်တွင် စားဖိုဆောင်သီးနှံ ဟင်းသီးဟင်းရွက်စိုက်ဧကအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ စားဖိုဆောင်သီးနှံများ စိုက်ပျိုးနိုင်သည့်အတွက် ဒေသထွက်ကုန်သီးနှံများကိုသာ ရောင်းချနိုင်ပြီး မိသားစုဝင်ငွေတိုးပွားစေမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်တဲ့ကာလမှာ စားဖိုဆောင်သီးနှံလျာထားဧက ၁၀၀၀၀ ကျော်ကို စိုက်ပျိုးခဲ့ပါတယ်။ စားဖိုဆောင်သီးနှံတွေ စိုက်ပျိုးတဲ့အတွက် မိသားစုဝင်ငွေ တိုးလာပါတယ်။ စိုက်ပျိုးထားတဲ့ သီးနှံတွေကလဲ ပိုးမွှားအန္တရာယ်ကင်းရှင်းပါတယ်။ စားဖိုဆောင်သီးနှံတွေ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် မျိုးစေ့နဲ့ ဈေးကွက်ဝင်သီးနှံတွေ၊ နည်းပညာတွေနဲ့ အခြားပံ့ပိုးမှုတွေကို ဌာနကနေ ဆောင်ရွက်ပေးပါတယ်။ မိုးရာသီမှာ စားဖိုဆောင်သီးနှံစိုက်ဧက ၅၉၀၀ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အခု ဆောင်းရာသီမှာတော့ ဧကတိုးချဲ့စိုက်ပျိုးနိုင်ခဲ့ပါတယ်"ဟု ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြသည်။

ရမည်းသင်းမြို့နယ်တွင် ယခုနှစ် ဆောင်းရာသီ စားဖိုဆောင်သီးနှံများဖြစ်သော နံနံပင်၊ ခရမ်းချဉ်သီး၊ ခရမ်းသီး၊ ချဉ်ပေါင်၊ ဘူးသီး၊ ရုံးပတီသီး၊ ဂေါ်ဖီ၊ မုန်လာ၊ တိုင်ထောင် ပဲတောင့်ရှည်၊ ကန်စွန်း၊ သခွား၊ ကြက်ဟင်းခါးသီး စသည်ဖြင့် အစုံစိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြ၍ သိရသည်။ (၁၈၅)

# အုတ်ဖိုမြို့နယ် ကြက်တိုက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အုတ်ဖို နိုဝင်ဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြက်တိုက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အဋ္ဌမအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက ကြက်တိုက်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အုတ်ဖိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်စိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း တာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကြက်တိုက်ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၈ ဦးကို ငွေကျပ် ၂၇ ဒသမ ၄၉၈၇ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၂ ဦးကို ၁၅ ဒသမ ၂၀၁၃ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူဦးရေ ၉၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၂ ဒသမ ၇ သန်း ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်စိုးက ပြောပြ၍ သိရသည်။

**အေးမြတ်**

# ခေါင်လန်ဖူးမြို့နယ် ကျေးရွာနှစ်ရွာ၌ VDP စီမံကိန်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**ခေါင်လန်ဖူး နိုဝင်ဘာ ၃၀**

ကချင်ပြည်နယ် ခေါင်လန်ဖူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့နယ်အတွင်းရှိ ကျေးရွာနှစ်ရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် ဆောင်ရွက်သည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို နိုဝင်ဘာ ၂၉ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ခေါင်လန်ဖူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးညီညီနှင့်တာဝန်ရှိသူများက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် ဆောင်ရွက်သည့် လုံးဆားဝမ်းကျေးရွာဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းနှင့် ကျေးရွာတွင်းဆိုလာလမ်းမီးတပ်ဆင်ပြီးစီးမှုကိုလည်းကောင်း၊ ဝူနင်ကျေးရွာဘက်စုံသုံးခန်းမတည်ဆောက်ခြင်း၊ ကျေးရွာတွင်း ဆိုလာလမ်းမီး တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ ရေရှည်အသုံးပြုနိုင်စေရေးအတွက် စနစ်တကျထိန်းသိမ်းဆောင်ရွက်ကြရန် တာဝန်ရှိသူများကို မှာကြားသည်။

ခေါင်လန်ဖူးမြို့နယ် လုံးဆားဝမ်းကျေးရွာတွင် ဆောင်ရွက်ပြီးစီးသည့် ကျေးရွာဘက်စုံသုံးခန်းမတည်ဆောက်ခြင်းသည် အလျားပေ ၄၀၊ အနံပေ ၂၀၊ အမြင့် ၁၀ ပေ၊ ဝူနင်းကျေးရွာဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်းသည် အလျားပေ ၄၀၊ အနံ ၂၃ ပေ၊ အမြင့် ၁၃ ပေ၊ ကျေးရွာတွင်း ဆိုလာလမ်းမီးတပ်ဆင်ခြင်းလုပ်ငန်းများကို တစ်ရွာလျှင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးငွေကျပ် ၁၀ သန်းစီဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူကျေးရွာသားများကိုယ်တိုင် ဩဂုတ်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း ခေါင်လန်ဖူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကျော်ဇေဦး(မောရုမ်းမြေ)**



# သံယောဇဉ်

မြင်းခြံကျော်အောင်

**သံယောဇဉ်၏ အခြေခံသဘော**

သံယောဇဉ်ဟူသည် နှောင်ဖွဲ့သောသဘော ဖြစ်သည်။ လူအချင်းချင်းစိတ်ဝယ် နှောင်ဖွဲ့လာသော အခါ ထိုသူကိုသတိရသည်။ စိတ်ထဲဝယ် မကြာခဏ ထင်မြင်လာသည်။ သတိရရုံဖြင့် သံယောဇဉ်ဖြစ်ပြီ၊ ငြိတွယ်ပြီဟု မဆိုသာသေးပါ။ ပိုမိုသံယောဇဉ်ဖြစ်လာသောအခါ နှုတ်ဖြင့်ပြောဆိုဆက်ဆံလာသည်။ တစ်ဦးနှင့်တစ်ဦး အထူးသံယောဇဉ်ရှိလာပြီဆိုလျှင် နီးစပ်ပါက မိမိ၏စားစရာကို ပေးကမ်းသည်။ ပစ္စည်းဝတ္ထုပေးသည်။ ဖိတ်ခေါ်ကျွေးမွေးသည်။ လိုအပ်သလိုကူညီသည်။ အကြံကောင်းဉာဏ်ကောင်းပေးသည်။ အခွင့်အရေးပေးသည်။ ငယ်သူဖြစ်ပါက မိမိဆရာ၊ ဘိုးဘွားများကို ပံ့ပိုးသည်။ ဤသို့ဖြင့် သံယောဇဉ်သည် ပင့်ကူမျှင်မှ ကြိုးအဖြစ် ကူးပြောင်းရောက်ရှိသွားတော့သည်။ ကြိုးဖြစ်သွားသောအခါ သံယောဇဉ်မှာ ပိုမိုခိုင်မြဲလာတော့သည်။ ဤသည်ကား သံယောဇဉ်၏ အရင်းခံသဘော စာကြောဝေဖန်ပြောပြခြင်းဖြစ်သည်။

**သံယောဇဉ်မှဆင့်ပွားလာသောတရားများ**

လူတစ်ဦးနှင့်တစ်ဦး သံယောဇဉ်နှောင်ဖွဲ့လာသော အခါ အောက်ပါစိတ်ကောင်းစိတ်မြတ်များသည် ပွားများလာပေတော့သည်။

(က) မေတ္တာသက်ဝင်ခြင်း၊
(ခ) ချစ်ခင်မြတ်နိုးခြင်း၊
(ဂ) အားထားယုံကြည်ခြင်း၊
(ဃ) ညှာတာသနားခြင်း၊
(င) စာနာထောက်ထားခြင်း၊
(စ) အကျိုးရှိရာရှိကြောင်းလိုလားပြီး အကျိုးဖြစ်ထွန်းမည့်လုပ်ငန်းများ ဆောင်ရွက်ပေးခြင်း။

ကျွန်တော်၏ကိုယ်တွေ့ဖြစ်ရပ်တစ်ခုကို ပြောပြမည်။ ကျွန်တော်၏တပ်ထဲက တပည့်တစ်ဦးအကြောင်းပါ။ သူနှင့် ကျွန်တော် ၁၉၈၀ ပြည့်နှစ်တွင် ပြည်မြို့၌ အတူနေရသည်။ သူကတပ်ရင်းဘောလုံးအသင်းခေါင်းဆောင်၊ ကျွန်တော်ကအုပ်ချုပ်သူ။ သူက ကျွန်တော့်ကို သူနှင့်ရင်းနှီးသော ဆရာတော်ကြီးတစ်ပါးထံခေါ်သွားသည်။ ဆရာတော်ကြီးက ရာထူးတိုးပြီး စိတ်ချမ်းသာသောနေရာရောက်မည်ဟု မိန့်ကြားခဲ့သည်။ သူ့ကျေးဇူးကြောင့် ကျွန်တော်စိတ်ချမ်းသာရသည်။ ဆရာတော်ကြီး၏ မိန့်ကြားချက်ကလည်း အတိအကျမှန်ကန်သည်။

၁၉၉၅ ခုနှစ်တွင် ကျွန်တော်ဘားအံ၌ တပ်မတော်တာဝန်ထမ်းဆောင်ခဲ့သည်။ ထိုအခါ သူက တပ်မတော်မှ အငြိမ်းစားယူပြီး ဘီလပ်မြေစက်ရုံ၌ လုံခြုံရေးတာဝန်ထမ်းဆောင်နေသည်။ အားလပ်သည့်အခါ သံလွင်မြစ်ထဲ ငါးများငါးရှာသည်။ ကျွန်တော့်အိမ်သို့ ငါးကြီး၊ ငါးသေးများ မကြာခဏလာပို့သည်။ ဤမှ သံယောဇဉ်ကအမျှင်မပြတ်။ ၂၀၀၃ ခုနှစ်တွင် ကျွန်တော် ဘားအံသို့ ခေတ္တအလည်သွားသည်။ ဈေးဘက်ရောက်ချိန် သူနှင့် မမျှော်လင့်ဘဲတွေ့ရသည်။ ကလေးတွေစားဖို့ဟုပြောပြီး မိသားစုတံဆိပ် မုန့်ပုံးတစ်ပုံးပေးလိုက်သေးသည်။ ကျွန်တော့်ထံမှ မည်သည့်အခွင့်အရေးမျှ မတောင်းခံ၊ သူစားရသမျှသာ လာလာပို့သည်။ ဤမျှသံယောဇဉ်ကြီးပြီး ချစ်ခင်သည်။

ထိုချစ်တပည့်ကား ခလရ(၈၁)မှ အငြိမ်းစားယူခဲ့သည့် ဘားအံမြို့နယ် သံလွင်မြစ်ကူးတံတားကြီးအနီးရှိ ဘားကပ်ရွာမှ ဒုတိယတပ်ကြပ်တင်ဦး(ငြိမ်း)ဖြစ်သည်။ ကျွန်တော့်အပေါ် ကြီးမားသောသံယောဇဉ်ရှိသည်မှာ ဖော်ပြပါဖြစ်ရပ်များက သက်သေပြနေသည်။ ကျွန်တော်နှင့် မိသားစု၏အကျိုး အထူးလိုလားသူဖြစ်သည်။

❖ အချင်းချင်းသံယောဇဉ်ထားရှိကြခြင်းဖြင့် ရရှိလာမည့် ကောင်းကျိုးများမှာ များပြားစွာရှိကြပေသည်။ မိသားစုတစ်စုအတွင်း သံယောဇဉ်အပြည့်အဝထားနိုင်ခြင်းဖြင့် အချင်းချင်းချစ်ခင်ကြသည်။ ထိုအခါ ပျော်ရွှင်ကြရသည်။ စည်းလုံးညီညွတ်စွာလုပ်ကိုင်ကြခြင်းဖြင့် စီးပွားဥစ္စာတိုးတက်ရသည်။ ရပ်ရွာအတွင်း ဂုဏ်ကျက်သရေရှိရသည်။ အဖွဲ့အစည်းအတွင်း သံယောဇဉ်ရှိကြခြင်းဖြင့် ပျော်ရွှင်ကြရသည်။ စည်းလုံးညီညွတ်မှုရှိပြီး အများအကျိုးပြုလုပ်ငန်းများ လုပ်ကိုင်နိုင်ကြသည်။ အဖွဲ့အစည်း၏ ဂုဏ်ကျက်သရေတိုးတက်ရပေတော့သည်။ အဖွဲ့ဝင်များ အကျိုးတရားခံစားကြရသည်။ ❖

သို့ဖြင့် အချင်းချင်းမေတ္တာသက်ဝင် ချစ်ခင်ကြရသည်။ ဘဝတွင် မမေ့နိုင်မပျောက်နိုင်ဖြစ်ရသည်။ သံယောဇဉ်၏ ဆင့်ပွားတရားများက လူတို့ကိုအကျိုးပြုနေသည်မှာ ဤသို့ပင်ဖြစ်သည်။ သူ့အကြောင်းဖော်ပြခြင်းဖြင့် ကျေးဇူးတုံ့ပြန်အပ်သည်။

**သံယောဇဉ်ကင်းပြတ်မှု၏ အခြေခံရင်းမြစ်များ**

လူတို့သည် အသိုင်းအဝိုင်း၊ အသိုက်အဝန်းဖြင့် နေကြသည်။ အခြေခံမှာ မိသားစု စုဝေးနေကြသည်။ တစ်ရပ်ကွက်တည်း၊ တစ်ရွာတည်း၊ တစ်မြို့တည်းနေကြသည်။ အမြင့်ဆုံးအဆင့်မှာ တိုင်းနိုင်ငံဖွဲ့စည်းနေကြသည်။ စုပေါင်းနေထိုင်ကြတိုင်း သံယောဇဉ်တွယ်ကြသည်တော့မဟုတ်ပေ။ မိသားစုအတွင်းမှာပင် ယောက္ခမနှင့် ချွေးမဓိဘသဖွယ် မဆက်ဆံနိုင်သူများ ရှိကြသည်။ အကြင်လင်မယားသည်ပင် ကလေးနှင့် ဇနီးကိုပစ်ထားခဲ့ပြီး နောက်အိမ်ထောင်ဖြင့် ပျော်နေသူများရှိကြသည်။ ဆွေပြတ်မျိုးပြတ်ဖြစ်နေသူများလည်း မနည်းမနော။ အဖွဲ့အစည်းအတွင်းတွင်လည်း မစည်းလုံး၊ မညီညွတ်နိုင်။ တစ်ဖက်လူ ရသင့်ရထိုက်သည့် အခွင့်အရေးရနေမှုကို မနာလိုမရှုဆိတ်နိုင်သူများရှိကြပေသည်။

ရပ်ရွာများအတွင်းတွင်လည်း မြောက်ပိုင်းနှင့် တောင်ပိုင်း မသင့်တင့်မှုများ ရှိတတ်ကြသည်။ မညီညွတ်နိုင်၊ မစည်းလုံးနိုင်ဖြစ်နေကြသည်။ ဤသို့ဖြစ်ကြခြင်းသည် အောက်ပါအခြေခံသဘောထားများကြောင့် ဖြစ်ပေသည်။

(က) တစ်ဦးအပေါ် တစ်ဦး၊ တစ်ဖွဲ့အပေါ် တစ်ဖွဲ့ မှားမှားယွင်းယွင်း သိမြင်ခြင်း၊
(ခ) သည်းခံခွင့်လွှတ်စိတ်မရှိခြင်း၊
(ဂ) ငြူစူခြင်း၊ မနာလိုဝန်တိုခြင်း၊
(ဃ) မကောင်းမှုပြုရန် မကြောက်လန့်ခြင်း၊
(င) မုန်းတီးခြင်း၊
(စ) အဖျက်အမှောင့်လုပ်ငန်းများ လုပ်ကိုင်ကြခြင်း(ခိုးယူခြင်း၊ ဓားပြတိုက်ခြင်း၊ လုယက်ခြင်း၊ လိမ်ညာလှည့်ဖြား မတရားရယူခြင်းတို့လည်းပါဝင်သည်။)၊
(ဆ) မချစ်ခင်၊ မစည်းလုံး၊ မညီညွတ်ခြင်း။

ထိုသို့သောစိတ်အခြေခံရှိသူများသည် အချင်းချင်းအပေါ် သံယောဇဉ်ကင်းပြတ်ကြသည်။ တစ်ဖက်လူ အတိဒုက္ခရောက်စေရန် ဖန်တီးသည်။ နာမကျန်းရှိနေသည်ကိုပင် ဖုန်းဖြင့် သို့မဟုတ် သွားရောက်၍မမေးမြန်း။ လမ်းတွေ့လျှင်ပင် မမြင်ဟန်ဆောင်သွားသည်။ မခေါ်နိုင်၊ မပြောနိုင်ဖြစ်ကြသည်။

သို့ဖြင့် အမုန်းတရားပွားကြသည်။ နိုင်ငံအဆင့်ဆိုလျှင် စည်းလုံးမှုပျက်ပြားပြီး နိုင်ငံမတည်မငြိမ်ဖြစ်ရပေတော့သည်။

**သံယောဇဉ်၏ကောင်းသောအကျိုးဆက်များ**

အချင်းချင်းသံယောဇဉ်ထားရှိကြခြင်းဖြင့် ရရှိလာမည့် ကောင်းကျိုးများမှာ များပြားစွာရှိကြပေသည်။ မိသားစုတစ်စုအတွင်း သံယောဇဉ်အပြည့်အဝထားနိုင်ခြင်းဖြင့် အချင်းချင်းချစ်ခင်ကြသည်။ ထိုအခါ ပျော်ရွှင်ကြရသည်။ စည်းလုံးညီညွတ်စွာလုပ်ကိုင်ကြခြင်းဖြင့် စီးပွားဥစ္စာတိုးတက်ရသည်။ ရပ်ရွာအတွင်း ဂုဏ်ကျက်သရေရှိရသည်။

အဖွဲ့အစည်းအတွင်း သံယောဇဉ်ရှိကြခြင်းဖြင့် ပျော်ရွှင်ကြရသည်။ စည်းလုံးညီညွတ်မှုရှိပြီး အများအကျိုးပြုလုပ်ငန်းများ လုပ်ကိုင်နိုင်ကြသည်။ အဖွဲ့အစည်း၏ ဂုဏ်ကျက်သရေတိုးတက်ရပေတော့သည်။ အဖွဲ့ဝင်များ အကျိုးတရားခံစားကြရသည်။

နိုင်ငံအတွင်းရှိ လူများအချင်းချင်းသံယောဇဉ်ရှိပြီး ချစ်ခင်ကြခြင်းဖြင့် နိုင်ငံသာယာအေးချမ်းရသည်။ စီးပွားတိုးတက်ရသည်။ အဖျက်သမားကင်းစင်ရသည်။ နိုင်ငံသူ၊ နိုင်ငံသားလူအများ စိတ်ချမ်းသာပျော်ရွှင်ကြရသည်။ ကမ္ဘာ့အလယ်ဂုဏ်ထည်ရသည်။

**စိတ်တွင် သံယောဇဉ်တည်နေစေရန် ကျင့်ရမည့် ကိုယ်ကျင့်တရားများ**

မိသားစုဝင်ဖြစ်ပါက တစ်သက်တာ အတူနေကြရမည်။ ရပ်ရွာအတွင်းနေပါက နှစ်ပေါင်းများစွာ နီးနီးကပ်ကပ်နေကြရမည်။ အဖွဲ့အစည်းဖြစ်ပါက ရေရှည်အတူနေကြ၊ လုပ်ကိုင်ကြရမည်။ နိုင်ငံဖြစ်ပါက တစ်မြေတည်းနေ တစ်ရေတည်းသောက်၊ တစ်လေတည်းရှူရှိုက်ကြရမည်။ တစ်မိုးအောက်တွင် အတူနေကြရမည်။ ထို့ကြောင့် အတူနေကြသူ အချင်းချင်း သံယောဇဉ်ထားကြရမည်။ မထားရှိ၍ မရပါ။ နိုင်ငံရပ်ခြားသွားနေသူများလည်း မိမိနိုင်ငံအပေါ် သံယောဇဉ်ထားရမည်။ ဗန်ကောက်သွားနေရုံဖြင့် ထိုင်းလူမျိုးမဖြစ်ပါ။ မြန်မာလူမျိုးသည် မြန်မာသာဖြစ်သည်။ ပတ်ဝန်းကျင်ကလည်း မြန်မာလူမျိုးဟုပင် သတ်မှတ်မည်။ ထို့ကြောင့် ကိုယ့်နိုင်ငံအပေါ် သံယောဇဉ်ရှိရမည်။

သို့ဖြစ်၍ မထားရှိ၊ မမွေးမြူလျှင်မဖြစ်သည့် သံယောဇဉ်တရား မိမိတွင်တည်နေစေရန် အောက်ပါကိုယ်ကျင့်တရားများကို ကျင့်ကြံရမည်။

(က) သည်းခံခွင့်လွှတ်ခြင်း၊
(ခ) ကျေးဇူးသိတတ်၊ ကျေးဇူးတုံ့ပြန်တတ်ခြင်း၊ ချက်ချင်းတုံ့ပြန်ခြင်းသည် အကောင်းဆုံးဖြစ်သည်။
(ဂ) နှမြောတွန့်တိုမှုမရှိခြင်း၊
(ဃ) သာရေးနာရေးကိစ္စများတွင် တက်ကြွစွာ ပူးပေါင်းပါဝင်ခြင်း၊
(င) မိမိ၏စီးပွားရေးတိုးတက်စေရန် ကြိုးပမ်းခြင်း၊
(စ) စည်းလုံးညီညွတ်စွာ ဆောင်ရွက်ကြခြင်း၊
(ဆ) အမျိုးဂုဏ်မြှင့်တင်ကြခြင်း။

၎င်းတို့ကို အပြည့်အဝကျင့်ကြံနိုင်ခြင်းဖြင့် ကြီးပွားတိုးတက်ကြမည်။ သာယာပျော်ရွှင်ကြမည်။ လူငယ်များအနေဖြင့် သံယောဇဉ်ပွားများကြစေရန်အတွက် လူကြီးများက နည်းကောင်းလမ်းပြပြုအပ်ကြပေသည်။

**စံနမူနာယူထိုက်သူတစ်ဦး**

စံနမူနာယူထိုက်သူတစ်ဦးကို ဖော်ပြရလျှင် ပျူစောထီးမင်းကိုဖော်ပြလိုသည်။ ပုဂံပြည်တွင် ပြည်သူတို့ကို နှစ်ပေါင်းများစွာ ဒုက္ခပေးနေသော ငှက်ကြီး၊ ကျားကြီး၊ ဝက်ကြီးနှင့် ရှူးပျံကြီးတို့ကို လေးဖြင့်ခွင်းပြီး နှိမ်နင်းခဲ့သည်။ ပြည်သူများ ဒုက္ခအေးကင်းဝေးခဲ့ရသည်။ ပျူစောထီး၏ ပြည်သူ့အပေါ် ထားရှိသော သံယောဇဉ် မေတ္တာစေတနာဖြစ်သည်။ မည်သူကမျှ တာဝန်မပေးပါ။ မိမိဆန္ဒစိတ်စေတနာဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်။

ထိုလုပ်ရပ်ကြောင့် သမုဒ္ဒရာဇ်မင်းက သမီးတော်နှင့် လက်ဆက်ပြီးအိမ်ရှေ့အရာထားခဲ့သည်။ မင်းကြီးကွယ်လွန်သောအခါ မိမိထီးနန်းမစံဘဲ မိမိကို လေးအတတ်သင်ပေးသော ဆရာရသေ့ကို လူဝတ်လဲစေပြီး မင်းပြုပေးခဲ့သည်။ မိမိကမူ အိမ်ရှေ့အရာ၌သာနေခဲ့သည်။ သက္ကရာဇ် ၇၄ ခုနှစ်မှ ၈၉ ခုနှစ်တိုင် ရသေ့မင်းပြုခဲ့သည်။ ၁၅ နှစ်ကြာမှ ကွယ်လွန်သည်။ ထိုအခါမှ ထီးနန်းကိုအုပ်ချုပ်သည်။ ကျေးဇူးရှင်ကို ထိုက်တန်စွာကျေးဇူးဆပ်ခဲ့သည်။

မိမိနန်းစံစဉ် မယ်တော်ကို ပုဂံသို့လာရန်ခေါ်ပြီး စည်းခံအရပ်တွင် ကြီးကျယ်ခမ်းနားစွာ ကြိုဆိုခဲ့သည်။ ဤမျှချစ်ခင်မှုသံယောဇဉ်ကြီးသည်။

ပျူစောထီးမင်းသည် သံယောဇဉ်ကြီးစွာဖြင့် ထူးခြားစွာဆောင်ရွက်တော်မူသည်။ ထို့ကြောင့် အိမ်ရှေ့မင်းအဖြစ် ၃၅ နှစ်၊ စည်းစိမ်တော် ၇၅ နှစ်၊ သက်တော် ၁၁၀ နှစ်တွင်မှ နတ်ရွာစံသည်။ သက်ရှည်ဘုန်းကြီးရသည်။ မည်မျှအတုယူဖွယ် ကောင်းပါသနည်း။

"ဘဝမှာ တန်ဖိုးအရှိဆုံး ပစ္စည်းဆိုတာတွေကို ငွေနဲ့မတိုင်းတာနိုင်ပါဘူး။ တကယ်အရေးကြီးတဲ့ အရာတွေဟာ အိမ်တွေ၊ မြေတွေ၊ ရွှေယာတွေ၊ ကားတွေမဟုတ်ပါဘူး။ ခင်မင်မှုသံယောဇဉ်၊ ယုံကြည်မှု၊ ညှာတာသနားမှုနဲ့ ကရုဏာတို့သာဖြစ်ပါတယ်။"

အထက်ဖော်ပြပါ အကြောင်းအရာများသည် ဘဝတွင် အမှန်တကယ်အရေးကြီးသော အရာများမှာ ခင်မင်မှုသံယောဇဉ်၊ ယုံကြည်မှု၊ ညှာတာသနားမှုနှင့် ကရုဏာတို့သာဖြစ်ကြောင်း ထင်ရှားလှပေတော့သည်။ အထက်ဖော်ပြပါဖြစ်ရပ်များက သံယောဇဉ်၏ တန်ဖိုးကြီးမှုကို ဖော်ပြနေသည်။ သို့ဖြစ်ပါ၍ အချင်းချင်း သံယောဇဉ်ထားကာ မေတ္တာပွားကြပါစို့ဟု ရေးသားလိုက်ရပါသည်။

**ကိုးကား**

– **မှန်နန်းရာဇဝင်တော်ကြီး(ပထမတွဲ)**

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ ပေါ်လွင်လာပြီး သန်မာလာမှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ဖြစ်ပါတယ်။ ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ နိုဝင်ဘာ ၁၈ ရက်ထိ ပို့ကုန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၀၀၉၂ ဒသမ ၇၃ သန်း ရရှိ

**နေပြည်တော် နိုဝင်ဘာ ၃၀**

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ နိုဝင်ဘာ ၁၈ ရက်ထိ ကာလအတွင်း ပြည်ပသို့ ပို့ကုန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၀၀၉၂ ဒသမ ၇၃ သန်း ရရှိထားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန ကုန်သွယ်မှုမူဝါဒဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ချိုသက်မူက ပြောပြ၍ သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ နိုဝင်ဘာ ၁၈ ရက်ထိ ကာလအတွင်း ပြည်ပသို့ ပို့ကုန်တင်ပို့မှုတွင် လယ်ယာထွက်ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၀၁၉ သန်း၊ တိရစ္ဆာန်ထွက်ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၉၂ သန်း၊ ရေထွက်ပစ္စည်းတင်ပို့မှုတွင် အမေရိကန်ဒေါ်လာ ၄၅၇ ဒသမ ၈၇ သန်း ရရှိထားပြီး သတ္တုတွင်းထွက် ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၉၂ ဒသမ ၂၅ သန်း၊ သစ်တောထွက်ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၉၁ ဒသမ ၄၃ သန်း၊ စက်မှုကုန်ချောတင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း ၇၀၀၀ နှင့် အခြားကဏ္ဍတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၁၄ ဒသမ ၂၆ သန်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၀၀၉၂ ဒသမ ၇၃ သန်း ရရှိထားကြောင်း သိရသည်။

"၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ နိုဝင်ဘာ ၁၈ ရက်ထိ ကာလအတွင်းမှာ ပြည်ပကို ပို့ကုန်ကဏ္ဍအနေနဲ့ လယ်ယာထွက်ကုန်၊ ရေထွက်ကုန်၊ တိရစ္ဆာန်ထွက်ကုန်၊ သတ္တုတွင်းထွက်ကုန်၊ သစ်တောထွက်ကုန်၊ စက်မှုကုန်ချောထွက်ကုန်နဲ့ အခြားထွက်ကုန်တွေ တင်ပို့နိုင်မှုက အမေရိကန်ဒေါ်လာ ၁၀၀၉၂ ဒသမ ၇၃ သန်း ဖြစ်ပါတယ်။ ဒီလိုတင်ပို့ရာမှာ နိုင်ငံပိုင်အနေနဲ့ အမေရိကန်ဒေါ်လာ ၂၀၄၈ ဒသမ ၉၉ သန်းနဲ့ ပုဂ္ဂလိကအနေနဲ့ အမေရိကန်ဒေါ်လာ ၈၀၄၃ ဒသမ ၇၄ သန်း တင်ပို့နိုင်ခဲ့တာ ဖြစ်ပါတယ်"ဟု ဒုတိယညွှန်ကြားရေးမှူး ဒေါ်ချိုသက်မူက ပြောပြ၍ သိရသည်။ ASH




# မအူပင်မြို့နယ် ပန်းပဲစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မအူပင် နိုဝင်ဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သုံးခွကျေးရွာအုပ်စု ပန်းပဲစုကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်ချက်ဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဒုတိယအကြိမ် ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်အောင်သာက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၂၉၄ သိန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ပန်းပဲစုကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်မည့်သူ စုစုပေါင်း အသင်းသား၊ အသင်းသူဦးရေ ၉၀ ကို မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၂၉၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်အောင်သာနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် အသင်းသား၊ အသင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**မောင်ခိုင်**

# အားကစားလ

- ကလေးပါ လူကြီးများ
  တူခရီးသွား လမ်းလျှောက်ရန်၊
  အရုဏ်ချိန် များအကျိုး
  နှိုးဆော်တေးသံ၊
  စောစောထလို့ ပြုကောင်းကြံ
  စုပေါင်းမှန် ပျော်ရွှင်ရေး၊
  များပြည်သူ ဝမ်းသာပြု
  ကျန်းမာမှုလေး။

- အတူတူ လမ်းလျှောက်ပေးတော့
  လွှမ်းရောက်အေး မရှိပေ၊
  နွေးထွေးကာ များနှလုံး
  ရွှင်ပြုံးကာနေ၊
  အစိုးရနှင့် ပြည်သူတွေ
  ညီတူလေ လက်တွဲ၊
  ပြည်တစ်ခွင် ငြိမ်းချမ်းခြင်း
  ဆောင်ကြဉ်းအောင်ပွဲ။

- ကျန်းမာကာ အသက်ရှည်မလွဲ
  နုပျိုမြဲ ကောင်းကျိုးပင်၊
  ဦးနှောက်ဉာဏ် တွေးချင့်ဆန်း
  လေ့ကျင့်ခန်းဝင်၊
  မပျင်းရိနှင့် များလူရှင်
  အားတူပင် စုပေါင်း၊
  နေ့စဉ်ကွယ် မြဲမပြတ်
  ကျော်ဖြတ် သည်ဆောင်း။

- တစ်သက်တာ အကျင့်ကောင်းမို့
  ကိန်းအောင်းကြ အများလူ၊
  အိပ်မက်ကိုယ်စီ ခရီးလမ်း
  လျှောက်လှမ်းညီတူ၊
  ညီညွတ်ရေး ထိပ်ထားမှု
  စိတ်အားဖြူ မွန်မြတ်စွ၊
  ကြည်ရွှင်စွာပ၊
  ဒီဇင်ဘာ လူအများရဲ့
  အားကစားလ။ ။

**ထက်မြတ်(သနပ်ခါးမြေ)**


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လေ့ကားလက်ရန်း၊ စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

## နိုင်ငံတကာ သတင်းများ

# တရုတ်သမ္မတဟောင်း ကျန်ဇီမင်း အသက် ၉၆ နှစ်တွင် ကွယ်လွန်

**ပေကျင်း နိုဝင်ဘာ ၃၀**

တရုတ်သမ္မတဟောင်းကျန်ဇီမင်းသည် ယနေ့တွင် ကွယ်လွန်ခဲ့ပြီး ကွယ်လွန်ချိန်တွင် အသက် ၉၆ နှစ်ရှိပြီဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

သမ္မတဟောင်း ကျန်ဇီမင်းသည် သွေးကင်ဆာရောဂါနှင့် အခြားကိုယ်တွင်းအင်္ဂါ ထိခိုက်ပျက်စီးမှု ရောဂါများကြောင့် ကွယ်လွန်ခဲ့ရခြင်းဖြစ်ကြောင်း တရုတ်အစိုးရ၏ မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

သမ္မတဟောင်း ကျန်ဇီမင်းသည် ၎င်း၏ ဇာတိမြို့ဖြစ်သည့် ရှန်ဟိုင်းမြို့နေအိမ်မှာပင် ကွယ်လွန်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သမ္မတဟောင်း ကျန်ဇီမင်း ကွယ်လွန်ခဲ့ရမှုသည်ကွန်မြူနစ်ပါတီအတွက် ပြည်သူများနှင့် တရုတ်စစ်ဘက်တို့အတွက် ကြီးမားလှစွာသောဆုံးရှုံးမှုဖြစ်ကြောင်း တရုတ်ကွန်မြူနစ်ပါတီ၊ အမျိုးသားပြည်သူ့ကွန်ဂရက်၊ အစိုးရနှင့်စစ်ဘက်တို့၏ ပူးတွဲထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

သမ္မတဟောင်း ကျန်ဇီမင်း လက်ထက်တွင် တရုတ်နိုင်ငံအတွက် ဂုဏ်အယူရဆုံးအောင်မြင်မှုတစ်ခုမှာ ၁၉၉၇ ခုနှစ်တွင် ဟောင်ကောင်ကျွန်းကို ဗြိတိန်လက်မှ ပြန်လည်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

ကျန်ဇီမင်းသည် တရုတ်ကွန်မြူနစ်ပါတီအထွေထွေအတွင်းရေးမှူးရာထူးကို ၁၉၈၉ ခုနှစ်မှ ၂၀၀၂ ခုနှစ်ထိ ရယူခဲ့ပြီး တရုတ်သမ္မတရာထူးကို ၁၉၉၃ ခုနှစ်မှ ၂၀၀၃ ခုနှစ်ထိ ရယူခဲ့ကြောင်း သိရသည်။

KKO

# ကွမ်ကျိုးမြို့ နယ်မြေအများအပြား၌ ရောဂါကူးစက်မှု ထိန်းချုပ်ရေးစည်းမျဉ်းများ စတင်ဖြေလျှော့

**ပေကျင်း နိုဝင်ဘာ ၃၀**

တရုတ်နိုင်ငံ ကွမ်ကျိုးမြို့ နယ်မြေအများအပြား၌ယနေ့မှစ၍ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ထိန်းချုပ်ရေး စည်းမျဉ်းများကို ဖြေလျှော့ပေးလိုက်ပြီ ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အလွန်တင်းကျပ်သော ရောဂါကူးစက်မှု သုညအဆင့်တွင် ထိန်းထားရေးမူဝါဒကြောင့်လူမှုရေးနှင့်စီးပွားရေးအရ ဝန်ပိလာမှုကို လျှော့ချပေးမည့် စည်းမျဉ်းများအား ယခုလအစောပိုင်းတွင် ကြေညာခဲ့ပြီးနောက် ရောဂါကူးစက်မှုထိန်းချုပ်ရေးစည်းမျဉ်းများကို ကွမ်ကျိုးမြို့ အာဏာပိုင်များက စတင်ဖြေလျှော့ပေးခဲ့ခြင်းဖြစ်သည်။

ကုန်ထုတ်လုပ်မှုလုပ်ငန်း ဗဟိုချက်နယ်မြေဖြစ်သော ကွမ်ကျိုးမြို့သည် တရုတ်နိုင်ငံ၌ နောက်ဆုံးပေါ်ထွက်ခဲ့သော ကိုဗစ်-၁၉ ရောဂါကူးစက်မှုဖြစ်စဉ်များ၏ နောက်ဆက်တွဲအကျိုးဆက်များကို ပြင်းထန်စွာ ရင်ဆိုင်ခဲ့ရသော တရုတ်မြို့ကြီးတစ်မြို့ဖြစ်သည်။

သို့သော် ကွမ်ကျိုးမြို့ရှိ အချို့တရုတ်ပြည်သူများသည် နိုဝင်ဘာ ၂၇ ရက်တွင် တင်းကျပ်လွန်းသည့် ရောဂါကူးစက်မှု ထိန်းချုပ်ရေးစည်းမျဉ်းများကို လမ်းပေါ်တက်၍ ဆန္ဒပြကန့်ကွက်ခဲ့ကြသည်။

ပြီးခဲ့သည့် ရက်များအတွင်း ရောဂါကူးစက်မှုနှုန်း နည်းပါးလာသော ကွမ်ကျိုးမြို့နယ်မြေအချို့၌ ရောဂါကူးစက်မှု ထိန်းချုပ်ရေးစည်းမျဉ်းများစတင်ဖြေလျှော့ပေးထားကြောင်း ကွမ်ကျိုးမြို့တာဝန်ရှိသူများက ကြေညာထားသည်။

သို့သော် ရောဂါကူးစက်မှုနှုန်းမြင့်မားနိုင်သည့် နေရာများတွင် အသွားအလာအဝင်အထွက် ထိန်းချုပ်မှုစည်းမျဉ်းများ ဆက်လက်ကျင့်သုံးဦးမည် ဖြစ်ကြောင်း သိရသည်။

KKO




# ရုရှားနှင့်တရုတ် မဟာဗျူဟာဗုံးကြဲလေယာဉ်များ ဂျပန်ပင်လယ်နှင့် အရှေ့တရုတ်ပင်လယ်ဒေသတို့၌ ပူးတွဲကင်းလှည့်ပျံသန်းမှုပြုလုပ်




**မော်စကို နိုဝင်ဘာ ၃၀**

ရုရှားနှင့်တရုတ် မဟာဗျူဟာဗုံးကြဲလေယာဉ်များသည် ယနေ့တွင်ဂျပန်ပင်လယ်ဒေသနှင့် အရှေ့တရုတ်ပင်လယ်ဒေသတို့၌ ပူးတွဲကင်းလှည့်ပျံသန်းမှုများ ပြုလုပ်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါပူးတွဲကင်းလှည့်ပျံသန်းမှုများ၌ တရုတ်လေတပ်မှ အိတ်ချ်-၆ မဟာဗျူဟာဗုံးကြဲလေယာဉ်များနှင့် ရုရှားလေတပ်မှ တူပိုလက်ဗ်-၉၅ မဟာဗျူဟာ ဗုံးကြဲလေယာဉ်များ ပါဝင်ခဲ့ကြကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ယနေ့တွင် ကိုရီးယားလေကြောင်းရန်ကာကွယ်ရေးစိစစ်ဇုန်အတွင်း ဝင်ရောက်လာသည့် ရုရှားနှင့် တရုတ်စစ်လေယာဉ် ခြောက်စင်းကြောင့် တိုက်လေယာဉ်များ အရေးပေါ်စေလွှတ်ခဲ့ကြောင်း တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာနက အတည်ပြုထားသည်။

ပျံသန်းရာ လမ်းကြောင်း၏ အချို့နေရာများတွင် တရုတ်နှင့် ရုရှား မဟာဗျူဟာဗုံးကြဲလေယာဉ်များကို ပြည်ပနိုင်ငံများမှ တိုက်လေယာဉ်များက ခြံရံပျံသန်းခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန၏ ကြေညာချက်၌ ဖော်ပြထားသည်။

ယနေ့ ကင်းလှည့်ပျံသန်းမှုတွင် ရုရှားဗုံးကြဲလေယာဉ်များနှင့်တရုတ်ဗုံးကြဲလေယာဉ်များသည် ပထမဆုံးအကြိမ်အဖြစ် လေဆိပ်ချင်းပြောင်းလဲ ဆင်းသက်မှုများလည်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

ကိုရီးယား လေကြောင်းရန်ကာကွယ်ရေးစိစစ်ဇုန်အတွင်း ဝင်ရောက်ပျံသန်းခဲ့စဉ် တရုတ်နှင့် ရုရှား ဗုံးကြဲလေယာဉ်များသည် တောင်ကိုရီးယား ဝေဟင်ပိုင်နက်ကို ချိုးဖောက်မှုမရှိခဲ့ကြောင်း တောင်ကိုရီးယားစစ်ဘက် တာဝန်ရှိသူများက ပြောကြားခဲ့သည်။

KKO

# တရုတ်ပိုင်ဆိုင်သည့် နျူကလီးယားထိပ်ဖူးအရေအတွက် ၂၀၃၅ ခုနှစ်တွင် ၁၅၀၀ ထိရှိလာနိုင်

**ဝါရှင်တန် နိုဝင်ဘာ ၃၀**

လက်ရှိအရှိန်နှုန်းအတိုင်း နျူကလီးယားလက်နက် တည်ဆောက်မှုများ ဆက်လုပ်နေမည်ဆိုပါက တရုတ်နိုင်ငံသည် ၂၀၃၅ ခုနှစ်တွင် နျူကလီးယားထိပ်ဖူးပေါင်း ၁၅၀၀ ထိ လက်ဝယ်ပိုင်ဆိုင်ထားနိုင်လိမ့်မည်ဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာန၏ အစီရင်ခံစာကို ကိုးကား၍ ရိုက်တာသတင်းဌာနက နိုဝင်ဘာ ၂၉ ရက်တွင် ဖော်ပြခဲ့သည်။

တရုတ်နိုင်ငံသည် လက်ရှိအချိန်တွင် နျူကလီးယားထိပ်ဖူးပေါင်း ၄၀၀ ကျော်ထိ ပိုင်ဆိုင်ထားနိုင်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက နိုဝင်ဘာ ၂၉ ရက်တွင် ထုတ်ပြန်ထားသည့် အစီရင်ခံစာ၌ ဖော်ပြထားသည်။

သို့ရာတွင် နျူကလီးယားလက်နက်များကို လက်ရှိအရှိန်အဟုန်အတိုင်း ဆက်လက်တည်ဆောက်နေမည်ဆိုလျှင် တရုတ်နိုင်ငံသည် ၂၀၃၅ ခုနှစ်အရောက်တွင်နျူကလီးယားထိပ်ဖူး ၁၅၀၀ထိ ပိုင်ဆိုင်ထားနိုင်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက ခန့်မှန်းထားသည်။

အမေရိကန်နိုင်ငံသည် တရုတ်နိုင်ငံ၏ နျူကလီးယားလက်နက်ကြီးမားလာမှုနှင့်ပတ်သက်၍ စိုးရိမ်လျက်ရှိသည်။




သို့ရာတွင် မိမိတို့ပိုင်ဆိုင်ထားသည့်နျူကလီးယားလက်နက်အရေအတွက်သည်အမေရိကန်နှင့် ရုရှားတို့ တစ်နိုင်ငံချင်းစီ ပိုင်ဆိုင်ထားသည့်နျူကလီးယားလက်နက်အရေအတွက်နှင့်နှိုင်းယှဉ်ပါက မပြောပလောက်ကြောင်းတရုတ်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ထို့ပြင် နျူကလီးယားလက်နက် ထိန်းချုပ်ရေး ဆွေးနွေးပွဲများတွင် ပါဝင်ရန် မိမိတို့အနေဖြင့် အသင့်ရှိသော်လည်း အမေရိကန်နိုင်ငံအနေဖြင့် ၎င်းတို့ပိုင်ဆိုင်ထားသည့် နျူကလီးယားလက်နက် အရေအတွက်ကို တရုတ်နိုင်ငံပိုင်ဆိုင်ထားသော ပမာဏထိ လျှော့ချပေးရန်လိုကြောင်း တရုတ်တာဝန်ရှိသူများက ပြောကြားထားသည်။ KKO

# ယူကရိန်းလေကြောင်းရန်ကာကွယ်ရေးစနစ် အားနည်းသွားစေရန် နျူထိပ်ဖူးမပါသည့် ခရုစ်ဒုံးကျည်များ ရုရှားအသုံးပြုနေဟုဆို

**မော်စကို နိုဝင်ဘာ ၃၀**

ရုရှားနိုင်ငံသည် ယူကရိန်းလေကြောင်းရန်ကာကွယ်ရေးစနစ်များ၏ ထိရောက်မှုကို လျှော့ချရေးအတွက် နျူကလီးယားထိပ်ဖူးဖြုတ်ထားသော ခရုစ်ဒုံးကျည်များဖြင့် ယူကရိန်းပစ်မှတ်များကို တိုက်ခိုက်နေကြောင်း အမေရိကန်စစ်ဘက်တာဝန်ရှိသူများ၏အဆိုကို ကိုးကား၍ ရိုက်တာသတင်းဌာနက နိုဝင်ဘာ ၂၉ ရက်တွင် ဖော်ပြခဲ့သည်။

ရုရှားနိုင်ငံအနေဖြင့် ယူကရိန်းစစ်ဘက် ဖြန့်ကြက်ထားသော လေကြောင်းရန်ကာကွယ်ရေးစနစ်များ ထိရောက်မှုအားနည်းသွားစေရေးအတွက် နျူကလီးယားထိပ်ဖူးသယ်ဆောင်နိုင်သည့် ခရုစ်ဒုံးကျည်များကို လက်နက်ထိပ်ဖူးဖြုတ်၍ ယူကရိန်းပစ်မှတ်များကို ပစ်ခတ်နေခြင်းဖြစ်ကြောင်း အမေရိကန်စစ်ဘက်တာဝန်ရှိသူများကသုံးသပ်ထားသည်။

ဗြိတိန် ထောက်လှမ်းရေးအဖွဲ့က နိုဝင်ဘာ ၂၆ ရက်တွင်ထုတ်ပြန်ခဲ့သော ယူကရိန်းစစ်မြေပြင် အကဲဖြတ်ချက်ကို တုံ့ပြန်သည့်အနေဖြင့် အမေရိကန်စစ်ဘက် တာဝန်ရှိသူများက အဆိုပါအတိုင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ရုရှားနိုင်ငံသည် ခရုစ်ဒုံးကျည်များမှ နျူကလီးယားထိပ်ဖူးများကို ဖယ်ရှား၍ ထိပ်ဖူးမဲ့ဒုံးကျည်များဖြင့် ယူကရိန်းပစ်မှတ်များကို တိုက်ခိုက်နေဖွယ်ရှိဟု ဗြိတိန်ထောက်လှမ်းရေး အစီရင်ခံစာ၌ ဖော်ပြထားသည်။

ပြီးခဲ့သည့် ရက်များအတွင်း ရုရှားနိုင်ငံက ယူကရိန်းပစ်မှတ်များကို ဒုံးကျည်များဖြင့် ပစ်ခတ်မှု မြင့်တင်လာခြင်းသည် ယူကရိန်း လေကြောင်းရန်ကာကွယ်ရေးစနစ်များ အားနည်းသွားစေရန်နှင့် ယူကရိန်းဝေဟင်ကို စိုးမိုးထားရန် ရည်ရွယ်သည့် မဟာဗျူဟာ၏ တစ်စိတ်တစ်ပိုင်း ဖြစ်ကြောင်း အမေရိကန် တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ယူကရိန်းပစ်မှတ်များကို တိုက်ခိုက်ရေးအတွက် ပစ်လွှတ်ခဲ့သော ရုရှားဒုံးကျည်များထဲတွင် နျူကလီးယား ထိပ်ဖူးတပ်ဆင်ပစ်လွှတ်ရေးအတွက် ရည်ရွယ်တည်ဆောက်ထားသော ဝေဟင်မှတစ်ဆင့် ပစ်လွှတ်နိုင်သည့် ဆိုဗီယက်ခေတ် ဒုံးကျည်တစ်စင်းကို ဗြိတိန်ထောက်လှမ်းရေးအဖွဲ့များက တွေ့ရှိခဲ့ကြကြောင်း သိရသည်။ KKO

# SCIENCE AND TECHNOLOGY

## တရုတ်အမျိုးသားအာကာသအေဂျင်စီက ရှန်ကျိုး-၁၅ အာကာသလူသယ်ယာဉ်ကို တီယန်ကောင်းအာကာသစခန်းသို့ လွှတ်တင်ရန်စီစဉ်ထား



**ပေကျင်း နိုဝင်ဘာ ၃၀**

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် ရှန်ကျိုး-၁၅ အာကာသလူသယ်ယာဉ်ကို တီယန်ကောင်းအာကာသစခန်းသို့ လွှတ်တင်ရန်စီစဉ်ထားကြောင်း ဆင်ဟွာသတင်းဌာနက နိုဝင်ဘာ ၂၉ ရက်က ရေးသားတင်ပြထားသည်။

ရှန်ကျိုး-၁၅ အာကာသလူသယ်ယာဉ်ကို လောင်းမတ်ချ်-၂ အက်ဖ် ဒုံးပျံဖြင့် တရုတ်နိုင်ငံအနောက်မြောက်ပိုင်း ချိကွမ်းအာကာသစခန်းမှတစ်ဆင့် လွှတ်တင်မည်ဖြစ်သည်။

ရှန်ကျိုး-၁၅ အာကာသလူသယ်ယာဉ်နှင့်အတူ တရုတ်အာကာသယာဉ်မှူး ဖိုင်ကျန်းလောင်၊ တန်ချင်မင်းနှင့် ကျန်းလူတို့လိုက်ပါသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ တရုတ်အာကာသယာဉ်မှူးသုံးဦးတို့သည် တီယန်ကောင်း အာကာသစခန်းပေါ်၌ ခြောက်လကြာ နေထိုင်မည်ဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီးနောက် ပတ်လမ်းအတွင်း ဝင်ရောက်ပြီးချိန်တွင် ရှန်ကျိုး-၁၅ အာကာသလူသယ်ယာဉ်သည် တီယန်ကောင်းအာကာသစခန်း၏ တီယန်ဟီပင်မကိုယ်ထည်၌ ဆိုက်ကပ်မည်ဖြစ်ကြောင်း တရုတ် အာကာသအေဂျင်စီက ပြောကြားခဲ့သည်။

ရှန်ကျိုး-၁၅ အာကာသလူသယ်ယာဉ်ဆိုက်ကပ်ပြီးချိန်တွင် တီယန်ကောင်းအာကာသစခန်း၌ ပင်မကိုယ်ထည်သုံးခုနှင့် အာကာသယာဉ်သုံးစင်းထိရှိနေမည်ဖြစ်ပြီး စုစုပေါင်းအလေးချိန် တန် ၁၀၀ ခန့်ထိရှိလာမည်ဖြစ်သည်။

KKO

## သက်တမ်းနှစ် သန်း ၅၅၀ ရှိ ကမ္ဘာဦးကျောက်ဖြစ်ရုပ်ကြွင်းအစာခြေလမ်းကြောင်း၌ ကမ္ဘာ့ရှေးအကျဆုံးအစားအစာသဲလွန်စများ တွေ့ရှိ

**ကင်ဘာရာ နိုဝင်ဘာ ၃၀**

သက်တမ်းအားဖြင့် နှစ်ပေါင်းသန်း ၅၅၀ ရှိသော ကမ္ဘာဦးသက်ရှိတစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းအစာခြေလမ်းကြောင်း၌ ကမ္ဘာ့ရှေးအကျဆုံး အစားအစာသဲလွန်စများကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ကြောင်း CNN သတင်းဌာနက နိုဝင်ဘာ ၂၉ ရက်က ရေးသားတင်ပြထားသည်။

ဩစတြေးလျ အမျိုးသားတက္ကသိုလ်မှ သိပ္ပံပညာရှင်များသည် ရုရှားနိုင်ငံ၌ တူးဖော်တွေ့ရှိခဲ့ရသော အက်ဒီယာကာရန် ဘူမိခေတ်ကျောက်ဖြစ်ရုပ်ကြွင်းများကို လေ့လာခဲ့ကြသည်။

အဆိုပါ ကျောက်ဖြစ်ရုပ်ကြွင်းများအနက် ကင်ဘာရယ်လာခေါ် ပက်ကျိနှင့် အလားတူသည့် သက်ရှိတစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်း အစာခြေလမ်းကြောင်းအတွင်း Phytosterol ခေါ် သဘာဝဓာတုဒြပ်ပေါင်းတစ်မျိုး၏ သဲလွန်စများကို ဩစတြေးလျသိပ္ပံပညာရှင်များက တွေ့ရှိ ခဲ့ကြသည်။



အထက်ပါတွေ့ရှိချက်ကြောင့် လွန်ခဲ့သောနှစ်ပေါင်း သန်း ၅၅၀ က ကမ္ဘာဦးသက်ရှိများ မည်သို့ရှင်သန်ခဲ့ကြသည်ကို နားလည်လာနိုင်ကြောင်း ဩစတြေးလျသိပ္ပံပညာရှင်များက ပြောကြားသည်။

ကင်ဘာရယ်လာများသည် အက်ဒီယာကာရန် ဘူမိခေတ်၏ အဆင့်အမြင့်ဆုံးသက်ရှိများထဲတွင် ပါဝင်ပြီး ပါးစပ်နှင့် အစာခြေစနစ်တို့ပါရှိမှုကြောင့် ယနေ့ခေတ်သက်ရှိများကဲ့သို့ပင် အစားအစာများကို ချေဖျက်နိုင်စွမ်းရှိသည်။

Phytosterol ဓာတုဒြပ်ပေါင်းအထောက်အထားများအရ ကင်ဘာရယ်လာများသည် သမုဒ္ဒရာကြမ်းပြင်ပေါ်ရှိ ရေညှိနှင့် ဗက်တီးရီးယားများကို စားသောက်ခဲ့ကြဖွယ်ရှိကြောင်း ဩစတြေးလျသုတေသနပညာရှင်များက ပြောကြားသည်။

KKO

## Space-X အာကာသနည်းပညာကုမ္ပဏီ၏ ဒရာဂွန်အာကာသကုန်တင်ယာဉ် နိုင်ငံတကာအာကာသစခန်းနှင့် အောင်မြင်စွာချိတ်ဆက်နိုင်ခဲ့

**ဝါရှင်တန် နိုဝင်ဘာ ၃၀**

Space-X အာကာသနည်းပညာကုမ္ပဏီ၏ ဒရာဂွန်အာကာသကုန်တင်ယာဉ်သည် နိုဝင်ဘာ ၂၇ ရက်က နိုင်ငံတကာအာကာသစခန်းနှင့် အောင်မြင်စွာချိတ်ဆက်နိုင်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၂၉ ရက်က ရေးသားတင်ပြထားသည်။

ဒရာဂွန်အာကာသကုန်တင်ယာဉ်နှင့် နိုင်ငံတကာအာကာသစခန်းတို့သည် ပစိဖိတ်သမုဒ္ဒရာဒေသအထက်၌ အောင်မြင်စွာ ချိတ်ဆက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် ဒရာဂွန်အာကာသကုန်တင်ယာဉ်ကို နိုဝင်ဘာ ၂၆ ရက်က ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဒရာဂွန်အာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာအာကာသစခန်းပေါ်ရှိ အာကာသယာဉ်မှူးများအတွက် စားရေရိက္ခာများ၊ နေစွမ်းအင်ပြားသစ်များနှင့် သိပ္ပံပညာစမ်းသပ်ပစ္စည်း စုစုပေါင်းတန်ချိန်လေးတန်ထိ သယ်ဆောင်ထားကြောင်း သိရသည်။

အဆိုပါဒရာဂွန်အာကာသကုန်တင်ယာဉ်သည် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ) နှင့် ရယူထားသောသဘောတူညီချက်အရ Space-X အာကာသနည်းပညာကုမ္ပဏီက လွှတ်တင်ပေးခဲ့သည့် ၂၆ ကြိမ်မြောက် နိုင်ငံတကာအာကာသစခန်းထောက်ပံ့မစ်ရှင်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာအာကာသစခန်း၌ ၄၅ ရက်ကြာ ဆိုက်ကပ်ထားမည်ဖြစ်ကြောင်း သိရသည်။

KKO

# HEALTH

## တစ်ရက်လျှင် ရေရှစ်ဖန်ခွက်ထိသောက်သုံးမှု ကိုယ်ခန္ဓာကလိုအပ်သည့်ပမာဏထက် လွန်ကဲဖွယ်ရှိ

**အီဒင်ဘတ် နိုဝင်ဘာ ၃၀**

တစ်ရက်လျှင် ရေကို ရှစ်ဖန်ခွက်ထိ သောက်သုံးမှုသည် လူကိုယ်ခန္ဓာက အမှန်တကယ်လိုအပ်သည့် ပမာဏထက် လွန်ကဲနေဖွယ်ရှိကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ The Daily Mail သတင်းစာက နိုဝင်ဘာ ၂၉ ရက်က ရေးသားတင်ပြထားသည်။

နိုင်ငံတကာ သုတေသနပညာရှင်များသည် အသက် ရှစ်ရက်နှင့် ၉၆ နှစ်ကြားရှိသူ လူပေါင်း ၅၆၀၄ ဦးတို့၏ ပျောက်ကွယ်သွားသော ရေဓာတ်အစားထိုးပြန်ဝင်ရောက်မှု (Water Turnover) ကို တိုင်းတာခဲ့ကြသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ အစားအစာများအားလုံးနီးပါးတွင် ရေဓာတ်ပါဝင်နေသည်ဖြစ်ရာ လူသားများအနေဖြင့် တစ်ရက်ရေနှစ်လီတာအစား ၁ ဒသမ ၃ လီတာ သို့မဟုတ် ၁ ဒသမ ၈ လီတာထိသာ သောက်သုံးရန်လိုကြောင်း စကော့တလန်နိုင်ငံ အဘာဒင်းတက္ကသိုလ်မှ သုတေသနပညာရှင်များ ဦးဆောင်သည့် နိုင်ငံတကာ သုတေသနပညာရှင်များ၏အဆိုအရ သိရသည်။

တစ်ရက်လျှင် ရေရှစ်ဖန်ခွက်ထိ သောက်ရေးအကြံပြုချက်မှာ လူကိုယ်ခန္ဓာက အမှန်တကယ်လိုအပ်သော ရေပမာဏထက် ပိုများနေဖွယ်ရှိကြောင်း၊ သို့ရာတွင် ကျန်းမာရေးအဖွဲ့အစည်းများ၏ အကြံပြုချက်အတိုင်း ရေရှစ်ဖန်ခွက်ထိ သောက်သုံးမှုသည်လည်း လူကို ဘေးဒုက္ခမပေးနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

မိမိတို့၏တွက်ချက်မှုအရ သက်လတ်ပိုင်းအရွယ် အမျိုးသားတစ်ဦးသည် တစ်ရက်လျှင် ရေ ၁ ဒသမ ၆ လီတာမှ ၁ ဒသမ ၈ လီတာထိ သောက်သုံးသင့်ပြီး အမျိုးသမီးများမှာ ၁ ဒသမ ၃ လီတာနှင့် ၁ ဒသမ ၄ လီတာကြား သောက်သုံးသင့်ကြောင်း သုတေသနပညာရှင်များက အကြံပြုထားသည်။

KKO

## ကိုဗစ်ရောဂါကာကွယ်ဆေးထိုးနှံထားပါက တစ်ကျော့ပြန်ကူးစက်မှုကို ထိရောက်စွာကာကွယ်နိုင်

**ကိုပင်ဟေဂင် နိုဝင်ဘာ ၃၀**

ကိုဗစ်ရောဂါ ဖြစ်ပွားခဲ့ဖူးလျှင်ပင် ကာကွယ်ဆေးထိုးနှံထားပါက ၎င်းရောဂါ တစ်ကျော့ပြန်ကူးစက်မှုကို ထိရောက်စွာကာကွယ်ပေးနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၂၉ ရက်က ရေးသားတင်ပြထားသည်။

ဒိန်းမတ်သုတေသနပညာရှင်များသည် ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၂ ခုနှစ် ဇန်နဝါရီလကြား ကိုဗစ်ရောဂါ ကူးစက်ခံခဲ့ရသူ ဒိန်းမတ်နိုင်ငံသား အားလုံး၏ ရောဂါကူးစက်မှုအခြေအနေ၊ ကာကွယ်ဆေးထိုးနှံထားမှုအခြေအနေများကို လေ့လာစိစစ်ခဲ့ကြသည်။

လေ့လာချက်မှ ထွက်ပေါ်လာသောရလဒ်များအရ ကာကွယ်ဆေးထိုးနှံထားသူများသည် အယ်လ်ဖာ ကိုရိုနာဗိုင်းရပ်မျိုးကွဲကူးစက်မှုများနေချိန်တွင် တစ်ကျော့ပြန်ကူးစက်မှုကို ၇၁ ရာခိုင်နှုန်းထိ ကာကွယ်ထားနိုင်ကြောင်း၊ ဒယ်တာဗိုင်းရပ်ကူးစက်မှုများနေချိန်တွင် ရောဂါတစ်ကျော့ပြန်ကူးစက်မှုကို ၉၄ ရာခိုင်နှုန်းထိ ကာကွယ်ပေးနိုင်ပြီး အိုမီခရွန်ဗိုင်းရပ် ကူးစက်မှုများနေချိန်တွင် ၆၀ ရာခိုင်နှုန်းထိ ကာကွယ်ပေးထားနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

ကိုဗစ်ဖြစ်ပွားခဲ့သည့်တိုင် ကာကွယ်ဆေးထိုးထားပါက ရောဂါတစ်ကျော့ပြန်ကူးစက်နိုင်မှုကို တားဆီးထားနိုင်စွမ်းမှာ ကိုးလထိတည်မြဲနေတတ်ကြောင်း သုတေသနပညာရှင်များက ဖော်ထုတ်တွေ့ရှိခဲ့ကြသည်။

KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ယခုနှစ်တွင် အောင်မြင်မှုရခဲ့သည့် လိုင်ဒီယာကို ကမ္ဘာ့အဆင့်(၁)နေရာသို့ ပြန်လည်ရောက်ရှိ

**ဝယ်လင်တန် နိုဝင်ဘာ ၃၀**

နယူးဇီလန်ဂေါက်သီးရိုက်မယ် လိုင်ဒီယာကိုသည် ယခုနှစ်ဂေါက်သီးရိုက်ရာသီအတွင်း အောင်မြင်မှုများ ရရှိခဲ့ပြီးနောက် Rolex Women's World Ranking အဖွဲ့ချုပ်က ထုတ်ပြန်ခဲ့သည့် ကမ္ဘာ့အဆင့် သတ်မှတ်ချက်တွင် ကမ္ဘာ့အဆင့် (၁)နေရာ၌ ရပ်တည်နိုင်ခဲ့သည်ဟု The Chosun သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

လိုင်ဒီယာကိုသည် ငါးနှစ်တာ ကာလအတွင်း ကမ္ဘာ့အဆင့်(၁) နေရာသို့ ပြန်လည်ရောက်ရှိလာခဲ့ခြင်းဖြစ်ပြီး ယခင်ကမ္ဘာ့အဆင့်(၁) အမေရိကန် ဂေါက်သီးရိုက်မယ် နယ်လီကော့ဒါက ကမ္ဘာ့အဆင့်(၂) နေရာသို့ကျဆင်းခဲ့ရပြီး ထိုင်းဂေါက်သီးရိုက်မယ် အက်သယာက ကမ္ဘာ့အဆင့်(၃)နေရာ၌ဆက်လက်ရပ်တည်ခဲ့သည်။

လိုင်ဒီယာကိုက "ကမ္ဘာ့အဆင့်(၁)ဂေါက်သီးရိုက်မယ်နေရာကို ပြန်လည်ရောက်ရှိလာနိုင်ခဲ့လို့ ဂုဏ်ယူပါတယ်။ ဒီနေရာကိုနောက်ထပ်တစ်ကြိမ် ပြန်ရောက်လာနိုင်လိမ့်မယ်လို့မျှော်လင့်မထားမိပါဘူး။ လုံးဝ မမျှော်လင့်ရဲတဲ့နေရာကို ပြန်လည်ရယူနိုင်ခဲ့တာဟာ ကျွန်မရဲ့ မိသားစုဝင်တွေနဲ့ ကျွန်မရဲ့ နည်းပြအဖွဲ့ဝင်တွေကြောင့်ပါ။သူတို့မပါဘဲ ဒီလိုနေရာတစ်ခုကို ပြန်ရောက်နိုင်မှာမဟုတ်ပါဘူး။ ကျွန်မကို အဘက်ဘက်ကနေ အားပေးကူညီခဲ့ကြတဲ့ သူတွေအားလုံးကို ကျေးဇူးတင်ပါတယ်။ ကျွန်မကို တောက်လျှောက်အားပေးလာခဲ့ကြတဲ့ ပရိသတ်တွေကိုလဲ ကျေးဇူးတင်ပါတယ်"ဟု ပြောကြားခဲ့သည်။

လိုင်ဒီယာကိုသည် ပြီးခဲ့သည့် ရက်သတ္တပတ်က အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်တွင် ကျင်းပခဲ့သည့် CME Group Tour Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ပြီးနောက် Rolex Player of the Year award ဆုကိုရရှိခဲ့သည်။

လိုင်ဒီယာကိုသည် ကစားသမားဘဝ သက်တမ်းတစ်လျှောက် ကမ္ဘာ့အဆင့်(၁)နေရာကို တတိယအကြိမ် ရောက်ရှိလာခဲ့ခြင်းဖြစ်ပြီး ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလတွင် ၎င်း၏အသက် ၁၈ နှစ်အရွယ်၌ ကမ္ဘာ့အဆင့်(၁)နေရာကို ပထမဆုံး ရယူနိုင်ခဲ့ပြီးနောက် ၂၀၁၇ ခုနှစ် နောက်ပိုင်း အောင်မြင်မှုများနှင့် ဝေးကွာခဲ့ရပြီး ယခုနှစ်မှသာ အောင်မြင်မှုများကို ပြန်လည်ရရှိခဲ့သည့်အတွက် ကမ္ဘာ့အဆင့်(၁) နေရာကို တတိယအကြိမ်ပြန်လည်ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

AZL



# ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အုပ်စုပွဲစဉ်အားလုံးရှုံးနိမ့်ပြီး ပြိုင်ပွဲမှထွက်ခွာခဲ့ရသည့် ပထမဆုံးအိမ်ရှင်အသင်းအဖြစ် ကာတာအသင်းမှတ်တမ်းဝင်



**ဒိုဟာ နိုဝင်ဘာ ၃၀**

၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် ကာတာအသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲသမိုင်းတစ်လျှောက်တွင် အုပ်စုပွဲစဉ်များအားလုံးရှုံးနိမ့်ပြီး ပြိုင်ပွဲမှထွက်ခွာခဲ့ရသည့် ပထမဆုံးအိမ်ရှင်အသင်းအဖြစ်မှတ်တမ်းဝင်ခဲ့သည်ဟု Bleacher Report Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ကာတာအသင်းသည် အုပ်စုအဖွင့်ပွဲစဉ်အဖြစ် ကစားခဲ့သည့် အီကွေဒေါအသင်းနှင့် ပွဲစဉ်တွင် နှစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ကမ္ဘာ့ဖလားပြိုင်ပွဲသမိုင်းတစ်လျှောက်၌ အုပ်စုအဖွင့်ပွဲစဉ်ရှုံးနိမ့်ခဲ့သည့် ပထမဆုံး အိမ်ရှင်အသင်းအဖြစ် မှတ်တမ်းဆိုးတစ်ရပ်ကို စတင်ရရှိခဲ့ခြင်းဖြစ်သည်။

ထို့နောက် အုပ်စုဒုတိယပွဲစဉ်အဖြစ်ကစားခဲ့သည့် ဆီနီဂေါအသင်းနှင့်ပွဲစဉ်တွင်လည်း သုံးဂိုးတစ်ဂိုးဖြင့် ထပ်မံရှုံးနိမ့်ခဲ့ပြီးနောက် အုပ်စုနှစ်ပွဲကစားအပြီး ပြိုင်ပွဲမှထွက်ခွာခဲ့ရသည့် အိမ်ရှင်အသင်းအဖြစ် ဒုတိယမှတ်တမ်းဆိုးတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

ယခုအခါတွင်လည်း အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ်ကစားခဲ့သည့် နယ်သာလန်အသင်းနှင့် ပွဲစဉ်တွင် နှစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ကမ္ဘာ့ဖလားပြိုင်ပွဲသမိုင်းတစ်လျှောက် အုပ်စုပွဲစဉ်အားလုံး ရှုံးနိမ့်ခဲ့ပြီး ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသည့်အသင်းအဖြစ် တတိယမြောက်မှတ်တမ်းဆိုးတစ်ရပ်ကိုပိုင်ဆိုင်ခဲ့ပြီး ကမ္ဘာ့ဖလားပြိုင်ပွဲ စတင်ကျင်းပခဲ့သည့်အချိန်မှစတင်ပြီး စွမ်းဆောင်ရည်အညံ့ဆုံး အိမ်ရှင်အသင်းအဖြစ်ပါ သတ်မှတ်ခံခဲ့ရခြင်းဖြစ်သည်။

ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့ပြီး အုပ်စုအဆင့်မှထွက်ခွာခဲ့ရသည့် အသင်းအဖြစ် ကာတာအသင်းမတိုင်မီ ၂၀၁၀ပြည့်နှစ်က တောင်အာဖရိကအသင်းက မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်သော်လည်း တောင်အာဖရိကအသင်းသည် အုပ်စုသုံးပွဲကစားခဲ့ရာတွင် တစ်ပွဲနိုင် တစ်ပွဲသရေနှင့် တစ်ပွဲရှုံးရမှတ် လေးမှတ်ထိရရှိခဲ့ပြီး အုပ်စုနောက်ဆုံးပွဲစဉ်၌ ပြင်သစ်အသင်းကိုအနိုင်ရရှိခဲ့ကြောင်း သိရသည်။

STA

# ဖီဖာက မီဒီယာနှင့် အင်တာဗျူးဖြေဆိုရန်ငြင်းဆန်ခဲ့သည့် ပြင်သစ်အသင်းမှ အမ်ဘက်ပီကို သတိပေးမှုပြုလုပ်

**ဂျိုနီဗာ နိုဝင်ဘာ ၃၀**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က ပွဲစဉ်အပြီး မီဒီယာနှင့်အင်တာဗျူးဖြေဆိုရန် ငြင်းဆန်ခဲ့သည့် ပြင်သစ်အသင်းတိုက်စစ်မှူး အမ်ဘက်ပီကို နောက်တစ်ကြိမ်ထပ်မံပြုလုပ်ပါက ပြင်းထန်စွာအရေးယူမှုပြုလုပ်သွားမည်ဟုသတိပေးခဲ့ကြောင်း ဒေးလီးမေးလ်သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ရှိကျင်းပနေသည့် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပွဲစဉ်အလိုက် အကောင်းဆုံး ကစားသမားဆုရရှိကြသူများအနေဖြင့် ဆုတံဆိပ်လက်ခံရယူပြီးလျှင် မီဒီယာများနှင့် တွေ့ဆုံကာ အင်တာဗျူးဖြေဆိုမှုပြုလုပ်ရန် ဖီဖာက သတ်မှတ်ထားခြင်းဖြစ်သည်။

အမ်ဘက်ပီသည် ပြင်သစ်အသင်းနှင့် ဒိန်းမတ်အသင်းတို့ပွဲစဉ်တွင် နှစ်ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် ပွဲစဉ်အကောင်းဆုံးကစားသမားဆုကိုရရှိခဲ့ပြီး ဆုတံဆိပ်လက်ခံရယူအပြီးတွင် မီဒီယာများနှင့် တွေ့ဆုံရန် ငြင်းဆန်ခဲ့ခြင်းဖြစ်သည့်အတွက် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က သတိပေးခဲ့ခြင်းဖြစ်သည်။

အမ်ဘက်ပီသည် ပြီးခဲ့သည့် ပြင်သစ်အသင်းနှင့် ဩစတြေးလျအသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင်လည်း ပွဲစဉ်တစ်လျှောက်အကောင်းဆုံးကစားသမားဆု ရယူအပြီးတွင်လည်း မီဒီယာနှင့်တွေ့ဆုံခြင်းမရှိခဲ့သကဲ့သို့ ယခုအခါတွင်လည်း မီဒီယာနှင့် တွေ့ဆုံခြင်းမရှိသည့်အတွက် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က အမ်ဘက်ပီအပြင် ပြင်သစ်နိုင်ငံဘောလုံးအဖွဲ့ချုပ်ကိုပါ သတိပေးမှုပြုလုပ်ခဲ့ပြီး အမ်ဘက်ပီအနေဖြင့် နောက်တစ်ကြိမ် ယခုကဲ့သို့လုပ်ရပ်ထပ်မံပြုလုပ်ပါက အရေးယူမည်ဟု သတိပေးခဲ့ခြင်းဖြစ်သည်။

အမ်ဘက်ပီကိုယ်တိုင်ကလည်း အင်တာဗျူးအစီအစဉ်တွင် မီဒီယာများက ပီအက်စ်ဂျီအသင်းမှ ထွက်ခွာရန် ပြင်ဆင်နေသည်ဟု သတင်းများထွက်ပေါ်နေခြင်းနှင့်ပတ်သက်ပြီး မေးမြန်းမည်ဖြစ်သည့်အတွက် မဖြေလိုသောကြောင့် ငြင်းဆန်ခဲ့ခြင်းဟု ပြောကြားခဲ့ပြီး ပြင်သစ်နိုင်ငံဘောလုံးအဖွဲ့ချုပ်ကလည်း အမ်ဘက်ပီကို ဒဏ်ကြေးငွေပေးဆောင်ရန် ပြစ်ဒဏ်ချမှတ်ပါက ၎င်းတို့အဖွဲ့ချုပ်က ပေးဆောင်သွားမည်ဟု ကြေညာခဲ့ကြောင်း သိရသည်။

STA

## အားကစားသတင်း အတိုအထွာများ

- ကမ္ဘာ့ဖလားတွင် ခြေစွမ်းပြကစားနေသည့် ဂါနာကွင်းလယ်ကစားသမား ကူဒက်စ်ကို ရီးရဲလ်မက်ဒရစ်၊ ပီအက်စ်ဂျီ၊ ချဲလ်ဆီးနှင့် လီဗာပူးအသင်းတို့က ခေါ်ယူရန် ကြိုးပမ်းနေကြောင်း သိရသည်။
- ဘာစီလိုနာအသင်းအနေဖြင့် လာလီဂါအဖွဲ့ချုပ်က ချမှတ်ထားသည့် ဘဏ္ဍာရေးစည်းမျဉ်းနှင့် ကိုက်ညီရန်အတွက် ယူရိုသန်း ၂၀၀ ဝန်းကျင်လိုအပ်လျက်ရှိကြောင်း သိရသည်။
- ဗလင်စီယာအသင်းနည်းပြ ဂတ်တူဆိုက နာပိုလီအသင်းကွင်းလယ်ကစားသမား ဒမ်မီကို လာမည့်အပြောင်းအရွှေ့တွင် ခေါ်ယူနိုင်ရန် ပစ်မှတ်ထားနေကြောင်း သိရသည်။ ML

**ကမ္ဘာ့ဖလား အုပ်စုပွဲစဉ်ရလဒ်**

| | | | | |
|---|---|---|---|---|
| ဒိန်းမတ် | ၀ | - | ၁ | ဩစတြေးလျ |
| ပြင်သစ် | ၀ | - | ၁ | တူနီးရှား |

(ဖဝ)

# အေစီမီလန်အသင်းက ကွင်းလယ်ကစားသမား ဘန်နာဆာကို စာချုပ်သက်တမ်းတိုးရန် ထပ်မံကြိုးပမ်း

**မီလန် နိုဝင်ဘာ ၃၀**

အေစီမီလန်အသင်းက ၂၀၂၄ ခုနှစ်တွင် စာချုပ်သက်တမ်းကုန်ဆုံးမည့်ကွင်းလယ်ကစားသမား ဘန်နာဆာကို အသင်းတွင် ဆက်လက်ထိန်းသိမ်းနိုင်ရန်အတွက် စာချုပ်သက်တမ်းတိုးရန် ကြိုးပမ်းနေကြောင်း Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ဘန်နာဆာသည် ၂၀၁၉ ခုနှစ်က နာပိုလီအသင်းမှ အေစီမီလန်အသင်းသို့ ရောက်ရှိခဲ့ပြီးနောက် ပြိုင်ပွဲစုံ ၁၂၆ ပွဲပါဝင်ခဲ့ရာ သွင်းဂိုးငါးဂိုး သွင်းယူနိုင်ခဲ့သကဲ့သို့ ယခုနှစ်ဘောလုံးရာသီတွင်လည်း ပြိုင်ပွဲစုံပွဲထွက်ကစားသမားအဖြစ် ပါဝင်ခွင့်ရရှိခဲ့ပြီး ကွင်းလယ်ခံစစ်ပိုင်း၌ ပုံစံကောင်းပြသနိုင်ခဲ့သောကြောင့် အေစီမီလန်အသင်းက ၎င်းကို သက်တမ်းတိုးရန်ကြိုးပမ်းခဲ့သည်။

အသက် ၂၄ နှစ်ရှိ ဘန်နာဆာသည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝစတင်ကတည်းက လက်တွဲလာသည့်အေးဂျင့် ဆစ်ဆိုကိုနှင့် လမ်းခွဲခဲ့ပြီးနောက် စာချုပ်သစ်ကိစ္စကို အသင်း နည်းစနစ်ဒါရိုက်တာ မာဒီးနီးနှင့်တိုက်ရိုက်ဆွေးနွေးခဲ့ရာ တိုးတက်မှုများရှိခဲ့သော်လည်း ယခုအခါ ၎င်းအနေဖြင့် ရှိုင်အိုလာကို အေးဂျင့်အဖြစ် ခန့်အပ်ခဲ့သောကြောင့် အေစီမီလန်အသင်းအနေဖြင့် ၎င်းကိုသက်တမ်းတိုးရန် အေးဂျင့်ဖြစ်သူနှင့် ထပ်မံဆွေးနွေးရမည်ဖြစ်သည်။

လက်ရှိ စီးရီးအေပြိုင်ပွဲတွင် ၁၅ ပွဲကစားအပြီး ၁၀ ပွဲနိုင်၊ သုံးပွဲသရေ၊ နှစ်ပွဲရှုံးရလဒ်ဖြင့် အမှတ်ပေးဇယားအဆင့်(၂)သို့ ရောက်ရှိနေသည့် အေစီမီလန်အသင်းသည် လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်ရန် အခွင့်အရေးကောင်းများရှိနေသောကြောင့် အသင်းမှ အဓိကကစားသမားများဖြစ်သည့် လီအိုနှင့် ဘန်နာဆာတို့ကို စာချုပ်သက်တမ်းတိုးရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

ML



# ယူကရိန်းအရေးနှင့် တန်ပြန်သက်ရောက်နေသော စီးပွားရေးပိတ်ဆို့မှုများ



ယူကရိန်းနိုင်ငံတွင် ရုရှားနိုင်ငံ၏ အထူးစစ်ဆင် ရေးစတင်ဆင်နွှဲကတည်းကပင် အနောက်အုပ်စုသည် ရုရှားနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုများ ချမှတ်ခဲ့ သည်။ အမေရိကန်သမ္မတဂျိုးဘိုင်ဒင်က ရုရှား၏ စီးပွားရေးကို ချည့်နဲ့ယိုင်လဲသွားအောင် ဆောင်ရွက် သွားမည်ဟု ပေါ်ပေါ်တင်တင် ထုတ်ဖော်ပြောကြားခဲ့ သည်။ ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ရော့ဗ် သည် မေ ၁၄ ရက်တွင် နိုင်ငံခြားရေးနှင့် ကာကွယ် ရေးဆိုင်ရာမူဝါဒများ ထုတ်ပြန်ကြေညာခဲ့ရာ၌ အနောက်အုပ်စုသည် ရုရှားနိုင်ငံအပေါ် ပေါင်းစပ် ဖိနှိပ်ရန် ကြိုးစားနေသည်ဟု အတိအလင်း ပြောကြားသွားသည်။

ရုရှားနိုင်ငံ၏ နိုင်ငံခြားအရန်ငွေ အမေရိကန် ဒေါ်လာ ဘီလီယံ ၃၀၀ ကို ထုတ်ယူခွင့်ပိတ်ဆို့ထားမှု အပါအဝင် စီးပွားရေးလုပ်ငန်း ၆၄၀၀ အပေါ်ပိတ်ဆို့ မှုများချမှတ်ခဲ့ခြင်းသည် ရုရှားနိုင်ငံတွင် ကုန်ဈေးနှုန်း များ တစ်ဟုန်ထိုးမြင့်တက်လာစေပြီး ရုရှားငွေကြေး ရူဘယ်လ်တန်ဖိုးမှာလည်း ရုတ်တရက်ကျဆင်းသွားခဲ့ သည်။ EU/ NATO ဝုန်နှင့် အမေရိကန်တို့ ဆင်နွှဲ လျက်ရှိသော စီးပွားရေးပိတ်ဆို့မှုများသည် ရုရှား နိုင်ငံကို ချည့်နဲ့ယိုင်လဲသွားစေရန်နှင့် အုပ်ချုပ်သူ အစိုးရပြောင်းလဲသွားရန် ရည်မှန်းဆောင်ရွက်နေခြင်း ဖြစ်ကြောင်း အမေရိကန်တာဝန်ရှိသူတစ်ဦးက ထုတ် ဖော်ပြောကြားခဲ့သည်။

သို့သော် ရုရှားနိုင်ငံက စီးပွားရေးအရ ကျွမ်းကျင် စွာတုံ့ပြန်ဆောင်ရွက်နိုင်ခြင်းသည် တိုင်းပြည်စီးပွား ရေးတည်ငြိမ်လာပြီး ပိတ်ဆို့မှုများကြောင့် ဖြစ်ပေါ် လာသည့်ထိခိုက်မှုများကိုလည်း ကုစားနိုင်ခဲ့သည်။ ရုရှားနိုင်ငံသည် စွမ်းအင်တင်ပို့ရာတွင် ရူဘယ်လ်ငွေ ကြေးဖြင့်သာပေးချေရန် ဆောင်ရွက်ခဲ့သောကြောင့် ရူဘယ်လ်ငွေကြေးတန်ဖိုး ပြန်လည်တည်ငြိမ်လာခဲ့ သည်။ လက်ရှိအချိန်တွင် ရူဘယ်လ်ငွေကြေးသည် ရုရှား၏အရန်ရွှေများနှင့် တိုက်ရိုက်ချိတ်ဆက်ထား ပြီးဖြစ်သည်။

အမှန်တော့ စီးပွားရေးပိတ်ဆို့ဆောင်ရွက်မှုများ သည် တစ်နှစ်ခန့်ကြာပြီးမှသာ သက်ရောက်မှုရှိနိုင် သည့် သဘောသဘာဝရှိကြောင်း လေ့လာသူများက သုံးသပ်ထားသည်။ ယူကရိန်းအရေးမဖြစ်ပွားမီက ဥရောပနှင့် NATO အဖွဲ့ဝင်နိုင်ငံများ၊ ရုရှားနှင့် တရုတ်နိုင်ငံတို့ကြားတွင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံ မှုများတိုးတက်ပြီး အပြန်အလှန်အကျိုးဖြစ်ထွန်းခဲ့ သည်။ ရုရှားနိုင်ငံသည် ဥရောပသို့ ဈေးနှုန်းချိုသာ စွာဖြင့် စွမ်းအင်များစွာတင်ပို့ခဲ့သည်။ ထို့ပြင် ဂျာမနီ သို့တင်ပို့ရန်အတွက် Nord Stream 2 ပိုက်လိုင်း ကိုလည်း ထပ်မံတည်ဆောက်ခဲ့သည်။ ဥရောပသမဂ္ဂ သည် စွမ်းအင်တင်သွင်းရေးအတွက် ရုရှားနိုင်ငံသို့ စက်မှုထုတ်ကုန်များတင်ပို့ခဲ့သည့်အပြင် အရင်းအနှီး များစွာကိုလည်း ရင်းနှီးမြှုပ်နှံဆောင်ရွက်ခဲ့သည်။

သို့သော် လက်ရှိအချိန်တွင် အပြန်အလှန်ကုန် သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ရပ်ဆိုင်းသွားခဲ့သည်။ ရုရှားနိုင်ငံ၏အရန်ငွေကြေးများကို ပိတ်ဆို့မှုလုပ် ဆောင်ခဲ့သောကြောင့် အပြန်အလှန်ယုံကြည်မှုကင်းမဲ့ သွားပြီဖြစ်သည်။ NATO အဖွဲ့ဝင်နိုင်ငံများသည် အမေရိကန်မှ သဘာဝဓာတ်ငွေ့အရည်ဝယ်ယူနိုင်ရေး အတွက် ဆိပ်ကမ်းများတည်ဆောက်ရန် အမေရိကန် ဒေါ်လာဘီလီယံများစွာ အကုန်အကျခံရမည်ဖြစ် သည်။ ၂၀၂၄ ခုနှစ်ထိ ထိုသို့ဝယ်ယူတင်သွင်းနိုင်ဦးမည် မဟုတ်ချေ။ အကျိုးဆက်အနေဖြင့် စွမ်းအင်ပြတ်လပ်မှု ကြောင့် ကမ္ဘာလုံးဆိုင်ရာစွမ်းအင်ဈေးနှုန်းများ မြင့် တက်လာစေမည်ဖြစ်သည်။ ဂျာမနီကုန်ထုတ်လုပ်မှု လုပ်ငန်းများသည် ပြန်လည်ဦးမော့လာတော့မည် မဟုတ်ကြောင်း ဂျာမန်စီးပွားရေးလုပ်ငန်းရှင်များက သတိပေးပြောကြားထားသည်။

ထို့ပြင် ဥရောပကော်မရှင်ဥက္ကဋ္ဌနှင့်ဂျာမနီဝန်ကြီး ချုပ် အိုလက်ရှောလက်ဇ်တို့၏ အာဏာတည်မြဲရေး အတွက် လက်ရှိ ယူကရိန်းအရေးကို အသုံးချလျက် ရှိရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များ အပေါ် ဆိုးကျိုးများစွာသက်ရောက်လျက်ရှိသည်။ သာဓကအနေဖြင့် ရုရှားစွမ်းအင်အပေါ်ပိတ်ဆို့မှုများ ချမှတ်ရေးအတွက် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ ကို စွမ်းအင်မူဝါဒချမှတ်ရန် EU အာဏာကို အသုံးချခြင်းသည် ဟန်ဂေရီလိုနိုင်ငံများအတွက် စီးပွားရေးဆိုင်ရာအကျပ်အတည်းများ ဖြစ်ပေါ်စေ မည်ဖြစ်သည်။

ယူကရိန်းအရေးကာလကြာလာသည်နှင့်အမျှ ရုရှားနှင့် EU တို့သည် စီးပွားရေးစစ်ပွဲအတွင်း၌ ပိတ်မိကာ တဖြည်းဖြည်းအင်အားချည့်နဲ့လာပြီ ဖြစ်သည်။ ရုရှားနိုင်ငံအနေဖြင့် လက်ရှိဖြစ်နေသော ပဋိပက္ခအတွက် ကြိုတင်ပြင်ဆင်ထားဖွယ်ရာရှိသည်။ စီးပွားရေးစစ်ပွဲ ကာလကြာရှည်လာသည်နှင့်အမျှ ပိတ်ဆို့မှုများ၏ တန်ပြန်သက်ရောက်မှုများသည် ဥရောပသမဂ္ဂနှင့် ဗြိတိန်တို့အပေါ် ပိုမိုရိုက်ခတ်လာ နိုင်ပေသည်။ လက်ရှိအချိန်ထိ ရုရှားနိုင်ငံသည် စီးပွား ရေးပိတ်ဆို့မှုများအပေါ် ထူးထူးခြားခြားတုံ့ပြန်ခြင်း မရှိသေးသော်လည်း မိတ်ဆွေမဟုတ်သောနိုင်ငံများသို့ လူသုံးကုန်ပစ္စည်းများ ဦးစားပေးတင်ပို့တော့မည် မဟုတ်ကြောင်း ထုတ်ပြန်ကြေညာထားရှိသည်။ ဆိုလို သည်မှာ ရုရှားနိုင်ငံအနေဖြင့် EU နိုင်ငံများနှင့် ကုန်သွယ်မှုဆောင်ရွက်ရာတွင်တည်ရှိပြီး သဘောတူ စာချုပ်များအတိုင်းသာ ဆောင်ရွက်သွားမည့်သဘော ထားရပ်တည်ချက်ရှိနေသည်။

ထိုသို့ဆောင်ရွက်ခြင်းသည် ဥရောပနိုင်ငံများ အတွက် အကျပ်အတည်းဖြစ်လာနိုင်ပေသည်။ အကြောင်းမှုကား ရုရှား၊ ယူကရိန်း၊ ဘယ်လာရုစ်နှင့် ကာဇက်စတန်နိုင်ငံတို့သည် ကမ္ဘာလုံးဆိုင်ရာ ဂျုံ တင်ပို့မှု၏ ၄၀ ရာခိုင်နှုန်းခန့် တင်ပို့လျက်ရှိသော ကြောင့်ပင်ဖြစ်သည်။ ထို့ပြင် သဘာဝဓာတ်မြေသြဇာ တွင်လည်း ရုရှားနိုင်ငံသည် ပိုတက်ဓာတ်မြေသြဇာ ၁၇ ရာခိုင်နှုန်း၊ အမိုနီးယား ၂၀ ရာခိုင်နှုန်းနှင့် ယူရီးယား ၁၅ ရာခိုင်နှုန်းတင်ပို့လျက်ရှိသောကြောင့် ပင်ဖြစ်သည်။

ဥရောပသမဂ္ဂသည် စားနပ်ရိက္ခာ၊ သဘာဝဓာတ် မြေသြဇာနှင့် လောင်စာဆီကဲ့သို့သော မရှိမဖြစ် လူသုံးကုန်ပစ္စည်းများ ပြတ်လပ်မှုကြောင့် ဖြစ်ပေါ်လာ နိုင်သည့်အန္တရာယ်များကို တုံ့ပြန်နိုင်ရေးအတွက် စားသုံးသူများကို အကာအကွယ်ပေးနိုင်ရန် ဈေးနှုန်း ထိန်းချုပ်မှုများ လုပ်ဆောင်သွားရန် ကြိုတင်ပြင်ဆင် လျက်ရှိသည်။ မည်သို့ပင်ဆိုစေ ကုန်ပစ္စည်းများ တင်သွင်းမှုအတွက် ကုန်ကျစရိတ်နှင့် စားသုံးသူများ ပေးရသည့် ကုန်ကျစရိတ်တို့ကြား မတူကွဲပြားမှုများ ကို သိရှိထားသင့်ပေသည်။ လက်ရှိအချိန်တွင် ဖြစ်တန် ရာဖွယ်ရှိသော တစ်ခုတည်းသောအဖြေသည် ယူရို ငွေကြေးများ ထပ်မံထုတ်ဝေသွားရန်ပင်ဖြစ်သည်။ ထိုသို့ ယူရိုငွေကြေးများထပ်မံထုတ်ဝေသွားမည်ဆို လျှင် မူလကတည်းက ငွေကြေးဖောင်းပွမှုဖြစ်နေသည့် ဥရောပဒေသတွင် မီးလောင်ရာလေပင့်သလိုဖြစ်လာ မည်ဖြစ်သည်။ မည်သို့ပင်ဆိုစေ ဥရောပဒေသတွင် ရွှေ့ပြောင်းသွားလာနေထိုင်မှုများမှ ကြီးမားသော အန္တရာယ်များ ဖြစ်ပေါ်လာနိုင်သည်။ ထို့နောက် မြောက်အာဖရိကနှင့် အရှေ့အလယ်ပိုင်းဒေသတွင် စားနပ်ရိက္ခာဈေးနှုန်းများမြင့်တက်မှုနှင့် ရှားပါးပြတ် လပ်မှုများ ဖြစ်ပေါ်လာနိုင်ပေသည်။

ဆိုရလျှင် ရုရှား-ယူကရိန်းပဋိပက္ခဖြစ်ပွားနေသည် မှာ အချိန်ကာလကိုးလကျော်သွားပြီဖြစ်သည်။ လက်ရှိ အချိန်ထိ ပဋိပက္ခအဆုံးသတ်နိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းအဖြေရှာသွားမည့် အရိပ်အယောင် ကိုလည်း မမြင်ရသေးပေ။ အမှန်တော့ ယူကရိန်းအရေး သည် အမေရိကန်နှင့် အနောက်အုပ်စုကတစ်ဖက် ရုရှားနိုင်ငံကတစ်ဖက် ဆင်နွှဲနေသောပဋိပက္ခတစ်ရပ် ဟု ဆိုရမည်ဖြစ်သည်။ ထို့ကြောင့် ရုရှားနိုင်ငံခြားရေး ဝန်ကြီးက အနောက်အုပ်စုသည် ရုရှားနိုင်ငံအပေါ် ပေါင်းစပ်ဖိနှိပ်ရန် ကြိုးစားနေသည်ဟု အခိုင်အမာ ပြောဆိုလျက်ရှိသည်။ ပဋိပက္ခကာလကြာရှည်လာသည် နှင့်အမျှ သက်ဆိုင်ရာနိုင်ငံများအပြင် ကျန်နိုင်ငံများ တွင် ဆိုးကျိုးသက်ရောက်မှုများရှိနေပြီဖြစ်သည်။

ရုရှားနိုင်ငံသည် စီးပွားရေးပိတ်ဆို့မှုများကို တုံ့ပြန်သည့်အနေဖြင့် ဥရောပနိုင်ငံများသို့ စွမ်းအင် တင်ပို့မှုလျှော့ချလိုက်သဖြင့် စွမ်းအင်နှင့် လူသုံးကုန် ပစ္စည်းများ ဈေးနှုန်းမြင့်တက်လာခဲ့သည်။ ဥရောပ သမဂ္ဂအနေဖြင့် အမေရိကန်မှ သဘာဝဓာတ်ငွေ့အရည် များ တင်သွင်းသွားမည်ဟုဆိုသော်လည်း အခြေခံ အဆောက်အအုံများ လိုအပ်လျက်ရှိသဖြင့် ချက်ချင်း တင်သွင်းနိုင်ဦးမည်မဟုတ်ချေ။ ထို့ကြောင့် ယူကရိန်း အရေးတွင် အမေရိကန်ဦးဆောင်သော အနောက် အုပ်စုသည် ရုရှားနိုင်ငံအပေါ် ပိတ်ဆို့မှုများချမှတ်ခြင်း သည် အနာဂတ်တွင် ကုန်ဈေးနှုန်းကြီးမြင့်မှုများ၊ ငွေကြေးဖောင်းပွမှုများ၊ စားနပ်ရိက္ခာရှားပါးလာမှုများ စသည့် တန်ပြန်သက်ရောက်မှုများနှင့် ပိုမိုတိုးမြှင့် ရင်ဆိုင်လာရဖွယ်ရှိကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**ကိုးကား** –

**Sanction Blowback by Beijing Review.**

**မောင်သောင်းဝင်း(တမန်ဟောင်း)**

# မိုးညိုမြို့နယ် ဇီးပင်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**မိုးညို နိုဝင်ဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာနက ၂၀၂၂- ၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ ဖြင့် ဇီးပင်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက် လုပ်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက် ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းလွင် ၊ လက်ထောက်ညွှန်ကြားရေး မှူး ဒေါ်လေးလေးလွင်၊ မိုးညိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ဇီးပင်ကျေးရွာ ကုန်ထုတ်လမ်းဖြစ်မြောက် ရေးကော်မတီဝင်များနှင့်အတူ ကုန်ထုတ် လမ်းဖောက်လုပ်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက တင်ဒါရကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားခဲ့ ကြောင်း သိရသည်။

ဇီးပင်ကျေးရွာ ကုန်ထုတ်လမ်း အရှည် ပေ ၃၄၅၀၊ အကျယ် ၁၂ ပေ၊ မြေနီ ကျောက်စရစ် ကိုးလက်မခင်းခြင်းလုပ်ငန်း နှင့် အလျား ၁၈ ပေ၊ အနံ သုံးပေ၊ အမြင့် နှစ်ပေခြောက်လက်မရှိ Box Culvert တည်ဆောက်ခြင်းလုပ်ငန်းကို ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၆၃ ဒသမ ၃၉ သန်း ဖြင့် တင်ဒါအောင်မြင်သည့် မိုးညိုအောင် ကုမ္ပဏီက ဇူလိုင်လပထမပတ်က စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင် ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှုကြောင့် ကျေးရွာမှထွက်ရှိ လာသော ထုတ်ကုန်၊ ထွက်ကုန်များကို ကုန်ကျစရိတ်သက်သာစွာဖြင့် ဈေးကွက်သို့ အချိန်မီတင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းလွင်က ပြောပြ၍ သိရသည်။

**သုတ**

# တောင်တွင်းကြီးမြို့ရှိ ရတနာပိမာန်ဂူဘုရားအား ရှေးမူမပျက် ပြုပြင်ခြင်းလုပ်ငန်းများ ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်လျက်ရှိ



**တောင်တွင်းကြီး နိုဝင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ရှိ ရတနာပိမာန်ဂူဘုရားအား ရှေးမူမပျက်ပြုပြင်ခြင်းလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်လျက်ရှိကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ဗိသနိုးဌာနစုမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဖြိုးပြည့်ကိုကိုက ပြောပြ၍ သိရသည်။

တောင်တွင်းကြီးမြို့ ရတနာပိမာန် ကျောင်းဝင်းအတွင်းရှိ ရတနာပိမာန်ဂူဘုရားကြီးအား ပြန်လည်ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများကို ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန၊ ဗိသနိုးဌာနစုမှ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ပင်းယခေတ်လက်ရာ ရတနာပိမာန်ဂူဘုရားကြီးရဲ့ ပျက်စီးယိုယွင်းမှုတွေကိုတော့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေကျပ်သိန်း ၃၅၀ နဲ့ ပထမအကြိမ် ပြုပြင်မွမ်းမံမှုတွေ ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ခြောက်လတာကာလမှာ ပြည်ထောင်စုရန်ပုံငွေကျပ်သိန်း ၆၅၀ နဲ့ ဒုတိယအကြိမ် ပြုပြင်မွမ်းမံမှုတွေ ဆောင်ရွက်ခဲ့ပါတယ်။ အခု ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှာလဲ ကမ္ဘာ့ဗုဒ္ဓသာသနာပြု ချမ်းမြေ့ဆရာတော်ကြီးရဲ့ ဒါယကာ၊ ဒါယိကာမတွေရဲ့ စုပေါင်းအလှူငွေကျပ် ၁၃၈ သိန်းနဲ့ ရှေးမူမပျက်ပြုပြင်ထိန်းသိမ်းတဲ့လုပ်ငန်းတွေ ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်"ဟု ဦးဖြိုးပြည့်ကိုကိုက ပြောပြသည်။

တောင်တွင်းကြီးမြို့ ရတနာပိမာန် ကျောင်းဝင်းအတွင်းရှိ ရတနာပိမာန်ဂူဘုရားကြီးအား ရေရှည်တည်တံ့ကြံ့ခိုင်စေရန် ရှေးဟောင်းအုတ်အရွယ်အစားအတိုင်း အုတ်အစားဖြည့်စီခြင်း၊ အနားသတ်ကြားသိပ်ခြင်း၊ ရေပိတ်လွှာလောင်းခြင်းလုပ်ငန်းများ၊ ဂူဘုရားကြီးအတွင်းရှိ ရုပ်ပွားတော်လေးဆူကို ရှေးမူမပျက် ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ASH

# Easy Rider ဇာတ်ကား ပြန်လည်ဆန်းသစ်ရိုက်ကူးရန် စီစဉ်နေ

**နယူးယောက် နိုဝင်ဘာ ၃၀**


ဟောလိဝုဒ်ရုပ်ရှင်လောက၏ ကမ္ဘာကျော်ဂန္ထဝင်ရုပ်ရှင်ဇာတ်ကားတစ်ကားဖြစ်သည့် Easy Rider ဇာတ်ကားကို ပြန်လည်ဆန်းသစ်ရိုက်ကူးရန် ရုပ်ရှင်ကုမ္ပဏီများက စီစဉ်နေကြောင်း Variety သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၂၉ ရက်တွင် ရေးသားတင်ပြထားသည်။

Easy Rider(1969) ဇာတ်ကားသည် မူလက ကိုလံဘီယာရုပ်ရှင်ကုမ္ပဏီက ထုတ်လုပ်ခဲ့သော လမ်းပေါ်ယဉ်ကျေးမှုဒရာမာဇာတ်ကားတစ်ကားဖြစ်သည်။

လက်ရှိတွင် Easy Rider ဇာတ်ကား ပြန်လည်ဆန်းသစ်ရိုက်ကူးခွင့်ကို Kodiak Pictures ရုပ်ရှင်ကုမ္ပဏီ၊ Defiant Studios ရုပ်ရှင်ကုမ္ပဏီနှင့် Jean Boulle Group ဖျော်ဖြေရေးကုမ္ပဏီတို့က ရရှိထားကြောင်း သိရသည်။

လက်ရှိတွင် အဆိုပါရုပ်ရှင်ကုမ္ပဏီများသည် Easy Rider ဇာတ်ကားအတွက် ဇာတ်ညွှန်းရေးဆရာနှင့် ဒါရိုက်တာကို ရှာဖွေနေပြီဖြစ်သည်။

မူလ Easy Rider ဇာတ်ကား (1969) ကို ဒါရိုက်တာ ဒင်းနစ်ဟော့ပါးက တာဝန်ယူရိုက်ကူးပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ KKO




# သရုပ်ဆောင် ညီနန္ဒနှင့် အနုပညာမောင်နှမများ၊ စေတနာရှင် အလှူရှင်များက လူဦးရေ ၁၅၀ ကို ဆန်နှင့် စားသောက်ကုန်များ လှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၃၀**

သရုပ်ဆောင် ညီနန္ဒနှင့် အနုပညာမောင်နှမများ၊ စေတနာရှင်အလှူရှင်များက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိ လူဦးရေ ၁၅၀ ကို ဆန်နှင့် စားသောက်ကုန်များ နိုဝင်ဘာ ၂၉ ရက်က လှူဒါန်းခဲ့ကြောင်း သိရသည်။

သရုပ်ဆောင် ညီနန္ဒ၊ နှိုင်းယှဉ်မြင့်မိုရ်၊ ဘေဘီမောင်၊ အင်ကြင်းနှင့် PMC စိန်ရွှေရတနာဆိုင်မိသားစုတို့စုပေါင်း၍ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် (၃၂) ရပ်ကွက် ရွှေပြည်သာလမ်းရှိ သရုပ်ဆောင် ထူးခန့်ကျော်၏ဆေးခန်းသို့ လာရောက်ဆေးကုသသူ လူနာဦးရေ ၁၅၀ အတွက် ဆန်နှစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ကြက်ဥငါးလုံး၊ ငါးခြောက်နှင့် ဆပ်ပြာမှုန့်တစ်ထုပ်တို့ကို လှူဒါန်းခဲ့ခြင်းဖြစ်ပြီး စုစုပေါင်း ငွေကျပ် ၁၀ သိန်းဖိုးခန့်ဖြစ်ကြောင်း သိရသည်။



"ကျွန်တော်တို့ အနုပညာမောင်နှမတစ်စုနဲ့ PMC စိန်ရွှေရတနာဆိုင်ရဲ့ စုပေါင်းအလှူဒါနဖြစ်ပါတယ်။ ကိုထူးခန့်ကျော်ဆီမှာ အနယ်နယ်အရပ်ရပ်က ဆေးလာရောက်ကုသတဲ့သူ အများစုက ဝင်ငွေနည်းပြီး အခက်အခဲများစွာရှိကြတဲ့အတွက် ပထမဆုံး ကျွန်တော်တို့ရဲ့ စုပေါင်းအလှူကို ကိုထူးခန့်ကျော်ရဲ့ဆေးခန်းကို ရွေးချယ်လိုက်တာဖြစ်ပါတယ်။ နောက်လဲ ဆက်လက်ပြီးတော့ အခြားလိုအပ်ချက်ရှိတဲ့နေရာတွေမှာ လှူဒါန်းသွားအုံးမှာပါ"ဟု သရုပ်ဆောင် ညီနန္ဒက ပြောပြ၍ သိရသည်။ ASH

# Family Leave ဇာတ်ကား၌ မင်းသား အက်ဟမ်း ပါဝင်သရုပ်ဆောင်မည်

**နယူးယောက် နိုဝင်ဘာ ၃၀**

Netflix ရုပ်ရှင်ကုမ္ပဏီ၏ မိသားစုဟာသရုပ်ရှင်ဇာတ်ကားဖြစ်သည့် Family Leave အမည်ရှိ ဇာတ်ကား၌ မင်းသား အက်ဟမ်း ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း Movieweb သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၂၉ ရက်တွင် ရေးသားတင်ပြထားသည်။

Family Leave ဇာတ်ကားတွင် မင်းသား အက်ဟမ်းသည် မင်းသမီး ဂျင်နီဖာဂါနာနှင့်အတူ သရုပ်ဆောင်မည်ဖြစ်သည်။

အဆိုပါဇာတ်ကားသည် ရုပ်ခန္ဓာချင်း ပြောင်းသွားသော မိသားစုဝင် လေးဦး၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဟာသဇာတ်ကားဖြစ်သည်။

သို့ရာတွင် Family Leave ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ် အသေးစိတ်ကို Netflix ရုပ်ရှင်ကုမ္ပဏီက ထုတ်ဖော်ကြေညာခြင်း မရှိသေးကြောင်း၊ အဆိုပါ ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ အဒမ်စတီကီရယ်က ရေးသားပေးထားပြီး ဒါရိုက်တာ မက်ဂျီက တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

Family Leave ဇာတ်ကား ထုတ်လွှင့်ပြသမည့်ရက်၊ ရုံတင်ပြသမည့်ရက်ကို Netflix က သတ်မှတ်ကြေညာထားခြင်းမရှိသေးကြောင်း သိရသည်။

KKO



# လှိုင်လင်မြို့နယ် ခဲလောင်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**လှိုင်လင် နိုဝင်ဘာ ၃၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) လှိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် ခဲလောင်းကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လှိုင်လင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သိန်းနွဲ့ဦး၊ လှိုင်လင်ခရိုင် စာရင်းစစ်ဦးစီးမှူး ဦးနီထွန်းနှင့် တာဝန်ရှိသူများသည် ခဲလောင်းကျေးရွာတွင် ကျေးလက်ရေရရှိရေးအတွက် စိမ့်စမ်းရေသွယ်ယူခြင်း အရှည် နှစ်မိုင်ခြောက်ဖာလုံနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လက်ထောက်ညွှန်ကြားရေးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာရေပေးရေးကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ကျေးရွာသူ၊ ကျေးရွာသားများက ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ခဲလောင်းကျေးရွာတွင် ကျေးလက်ရေရရှိရေး လုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၅၅ ဒသမ ၂၂ သန်းဖြင့် တင်ဒါအောင်မြင်သည့် DNT ကုမ္ပဏီက ဇွန်လ ဒုတိယပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှုကြောင့် ကျေးရွာရှိ အိမ်ခြေ ၄၅ အိမ်၊ လူ ၃၈၅ ဦးတို့အတွက် သန့်ရှင်းသောသောက်ရေ၊ သုံးရေများ ဖူလုံစွာရရှိမည်ဖြစ်ကြောင်း လှိုင်လင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သိန်းနွဲ့ဦးက ပြောပြ၍ သိရသည်။

**ရှိုသန်းညွန့်**

# Robusta coffee plantations thriving in Thandaunggyi area of Kayin State



A long stretch of coffee beans in sunshine.

**Thandaunggyi November 30**

The Kayin State Agriculture Department stated that Robusta coffee plantations are thriving in Thandaunggyi Township of Kayin State.

Thandaunggyi Township located at an altitude of more than 3,000 feet is engaging in cultivation of coffee plants.

The township targets to grow 9,836 acres of coffee plantation, 9,806 acres of which are placed under coffee plants. Most of the plants are of Robusta species. Among them, 7,547 acres of plants can be plucked for production of coffee beans.

This year, the township has 172 viss of coffee per acre, weighing 2,120 tons of coffee beans in total. Moreover, Thandaunggyi Township is an area of using the least volume of fertilizers and pesticides.

Generally, local people grow nurturing coffee sapling in February with 95 per cent of thriving saplings.

The coffee plant can bear fruits till 20 years old. Coffee fruits can be picked out in December and plentiful fruits can be harvested in February and March in Thandaunggyi Township.

Coffee beans are roasted at home with the use of modern technologies. The roasted beans are grinded before sending to the market.

Merchants and coffee industries from Toungoo purchase coffee from Thandaunggyi Township. Depending on the quality, prices of coffee set K5,000 to K7,000 per viss. One viss of coffee bean can be produced 70 ticals of coffee. One viss of coffee fetches K20,000.

Coffee beans from Thandaunggyi region are exported to China, fetching K3.5 million to K4 million per ton of coffee bean.

336

# Ayeyawady Region sent 1.4 million bags of rice, broken rice to Yangon Region in November

**Pathein November 30**

Ayeyawady Region sent 1.4 million 1-5-basket-bags of rice to Yangon Region in November alone, said Daw Su Su Hlaing, in-charge of market promotion sector of Rice and Paddy Merchants Association in Pathein.

"As foreign market reopens, bags of rice to Yangon are on the rise monthly. These bags are sent to Yangon by car. Increasingly handling of sending rice bags helps local freight workers and merchants as well as local farmers to earn incomes. November's supply of rice was increased by 600,000 bags of rice and broken rice more than October," said Daw Su Su Hlaing.



Bags of rice stockpiled in a warehouse.

Ayeyawady Region sends Pawsanhmwe, Pyapon Pawsan, Manaw Thukha, Thai Baygyar, 90-day, Theehtetyin, Hnankar, Shwethweyin, Ayeyamin and Hsinthukha paddy species to Yangon.

During the period from 1 to 30 November, Pawhsanhmwe rice was traded at K76,000 per bag, Thai Baygyar K43,500, Manaw Thukha K44,500, Theehtetyin K44,000, 90-day K45,500, Hnankar K43,500, Shwethweyin K45,000, Ayeyamin K45,500 and Hsinthukha K44,500.

Kyaw Kyaw Lin

# Nearly 600 items of goods approved after lab tests in Mandalay

**Mandalay November 30**

A total of 598 items of foodstuffs and consumer goods have been approved after lab tests for manageable-scale businesses in Mandalay Region, said U Win Bo, director of Mandalay Region Small Scale Industries Department.

During the current financial year, over 600 items of goods will receive lab tests. Of them, 598 items of foodstuffs, consumer goods and cosmetics have been tested.

"When it comes to lab testing, there are two types. Nearly 600 items of goods have been tested so far. For manufacturing businesses, it is essential to have lab tests for their sales. As foodstuffs, consumer goods and cosmetics are consumed by most public members, lag testing is essential. The aim is for safety purposes," U Win Bo said.

Such measures are being taken for businesses to be able to produce and distribute foodstuffs and consumer goods in a safe manner in the local markets. Moreover, they have to ensure quality goods for the sake of the public.

185

# China Covid: Unrest continues in Guangzhou as lockdown anger grows

**Beijing November 30**

People in the southern Chinese city of Guangzhou have clashed with police overnight in the latest protest against the country's strict Covid rules.

Footage online showed police in white hazmat suits clutching riot shields to protect themselves from debris and glass thrown at them by protesters.

Another video showed people being taken away in handcuffs.

On Wednesday city officials said Covid restrictions would be relaxed in several districts.

China has seen record numbers of new cases in recent days.

According to posts on social media, the protests took place late on Tuesday and into the early hours of Wednesday in the district of Haizhu.

One Guangzhou resident told news agency AFP that he saw around 100 police officers converge on Houjiao village in Haizhu and arrest at least three men.

Haizhu was also the scene of angry Covid protests earlier this month. BBC

# Students killed as bomb blast hits Afghan school

**Kabul November 30**

At least 10 people have been killed after a bomb blast hit a religious school in northern Afghanistan, the ruling Taliban has said.

The blast took place in Aybak in the Samangan province and left many more injured, a spokesperson for the interior ministry told the BBC.

But the death toll remains uncertain, and two provincial officials told the BBC that 17 people died in the blast.

No group has claimed responsibility for the attack.

The blast is said to have occurred as people were leaving congregational prayers, and a doctor at the local hospital said most of the victims were students at the school.

"All of them are children and ordinary people," one doctor was quoted by AFP as saying.

Interior ministry spokesman Abdul Nafee Takkur said the Taliban's security forces were investigating the attack, and vowed to "identify the perpetrators and punish them for their actions".

Aybak is a historical city that came to prominence as a trading hub and a centre for Buddhists in the 4th and 5th Centuries. It sits around 200 km (130 miles) north of the capital Kabul.

BBC



# Garment products, natural gas and maize the largest volume of exportation in October 2022-23 FY


An offshore oil and gas project.

**Nay Pyi Taw November 30**

The Myanmar Trade Promotion Organziation under the Ministry of Commerce stated that garment products, natura gas and maize were the largest volume of exportation among 10 export items in October 2022-23 FY.

In October, garment products, natural gas, maize, rice, black bean, fish, broken rice, rubber, green gram and shrimp were exported to customer countries.

Among them, the garment products earned US$364.136 million, natural gas US$247.613 million and maize US$56.204 million.

Moreover, rice exportation earned US$52.002 million, black bean US$51.69 million, fish US$30.990 million, broken rice US$21.876 million, rubber US$18.841 million, green gram US$14.826 million and shrimp US$8.05 million respectively.

At the same time, the country imported oil products, textile, medicines, fertilizers, machine and machiunery, plastic raw materials, palm oil, chemicals, electronic supply application, iron and steel wares and construction materials.

Among them, oil products worth US$419.571 million was imported in October, followed by textile US$95.129 million and medicine US$59.303 million respecively.

In October, the least import products were electrical supply equipment, iron and sheel wares and construction materials.

In this regard, electricity supply equipment worth US$38.017 million and iron, steel ware and construction materials US$29.287 million. 336

# Mineral export earns US$199.248 million from 1 April to 18 November 2022

**Nay Pyi Taw November 30**

The export of minerals earned US$199.248 million from 1 April to 18 November 2022 of the 2022-23 fiscal year, said director U Nanda of Trade Department under the Ministry of Commerce.

Minerals goods earned US$12 million in the State-owned sector and US$187.248 million in private owned sector from 1 April to 18 November of 2022-23 fiscal yer.

"Both State and private sectors pocketed US$199.248 million in export of minerals during the period," said U Nanda.

Myanmar sells out gold, jade, gems, pearl, diamond, lead, tin, tungsten, silver, copper, zinc, coal and other minerals to foreign markets. ASH

# Oil millers invited to apply for loans till 27 December 2022

**Nay Pyi Taw November 30**

The Ministry of Industry on 25 November stated that oil millers wishing to take loans may apply for the loan at the ministry not later than 27 December 2022.

Currently, farmers grow 8 million acres of oil crops in the nation but production of oil reaches some 300,000 tons per year. So, the country needs some 1.2 million tons of cooking oil on a yearly basis.

So, the government emphasizes production of quality oil for local oil sufficiency. As such, oil mills are established across the nation with necessary capitals.

The oil millers wishing to take loans can download the applications for loans through https://msmewebportal.gov.mm/latest-news/185 of the Department of Industrial Supervision and Inspection and https//www.moali.gov.mm/my/tender/2022-11-25t1011090630 of the Ministry of Agriculture, Livestock and Irrigation free of charge.

The loan proposal must be submitted not later than 27 December 2022. The proposals must be sent to the secretary of oil mill loan requirement assessment board to the director general of Industrial Supervision and Inspection Department. For further information, dial 067-3408378. 336


An oil mill in operation.

# Myanmar bags US$2.196 billion in export of agricultural produce from 1 April to 18 November

**Nay Pyi Taw November 30**

Myanmar sent agricultural produce worth US$2.196 billion to foreign market from 1 April to 18 November 2022 of the 2022-23 fiscal year, said deputy director U Htet Aung Win of the Trade Development Branch of the Myanmar Trade Promotion Organization under the Ministry of Commerce.

Although Myanmar agriculture sector faced loss in the period when Covid-19 broke out in 2020-21 years, the sector resumed operations with cultivation, production and exportation as of 2022. Now, its exportation volume resurged to earn the increased income rather than that of previous year.

"The latest statistics showed export of agricultural produce earned more than US$2.196 billion from 1 April to 18 November 2022. The previous year secured US$2.152 billion in export of same products. So, this year's earnings increased more than US$44 billion rather than that of previous year," said U Htet Aung Win.

The agricultural produce comprises rice, broken rice, pulses and beans, maize, rubber and other horticultural produce exported to Thailand, China, India and Bangladesh through border lands as well as to South Korea, Japan, Russia and RU member countries through shipping. ASH


Bags of rice being loaded onto a ship.

# Tamu border trade camp handles US$10.407 million worth of trade volume with Indian till 18 November

**Tamu November 30**

Tamu border trade camp in Sagaing Region handled US$10.407 million worth of trade volume with India from 1 April to 18 November this year of the 2022-23 fiscal year, said U Htet Aung Win, deputy director of Trade Development Branch of Myanmar Trade Promotion Organization of the Ministry of Commerce.

The camp exported US$6.49 million worth of goods and imported US$3.917 million worth of goods from India during the period.

"The camp set a target to export products worth US$70 million and import goods worth US$5 million, totalling US$75 million this year. Hance, handling more than US$10 million accounted for 14.256 per cent of the target," said the deputy director.

The camp mosty exports areca nut, coconut, domestic products and cigarette to India and imports fertilizers and hair.

ASH

# အမေရိကန်နှင့် ဥရောပနိုင်ငံများက လက်နက်များပံ့ပိုးပြီးနောက် ယူကရိန်းစစ်ဘက်၏ လေကြောင်းရန်ကာကွယ်ရေးစွမ်းရည်များ



ယူကရိန်းပဋိပက္ခစတင်ချိန်ကတည်းက ယူကရိန်းသမ္မတ ဗလာဒီမာဇီလန်စကီးသည် ရုရှားစစ်ဘက်၏ ဒရုန်းများ၊ ဒုံးကျည်များဖြင့် တိုက်ခိုက်ခြင်းမှ ကာကွယ်ရန်၊ ယူကရိန်းဝေဟင်ပိုင်နက်ကို အားကောင်းစေရန်တို့အတွက် ခေတ်မီလေကြောင်းရန်ကာကွယ်ရေးစနစ်များပံ့ပိုးပေးနိုင်ရေး အမေရိကန်နှင့် ဥရောပနိုင်ငံများကို တောင်းဆိုခဲ့သည်။ အမေရိကန်နှင့် ဥရောပနိုင်ငံများက လက်နက်များပံ့ပိုးခဲ့ပြီးနောက် ယူကရိန်းစစ်ဘက်များ၏ လေကြောင်းရန်ကာကွယ်ရေးစွမ်းရည်သစ်များကို Army Recognition အယ်ဒီတာအဖွဲ့မှ အသေးစိတ်စာရင်းပြုစုဖော်ပြခဲ့သည်။

ယူကရိန်းပဋိပက္ခမဖြစ်မီက ယူကရိန်းတပ်မတော်၌ ရုရှားထုတ်လေကြောင်းရန်ကာကွယ်ရေးစနစ်များဖြစ်သည့် S-300V (SA-12A Gladiator)၊ 9K330 Tor-M (SA-15 Gauntlet)၊ 9K35 Strela-10 (SA-13 Gopher)၊ 9K33 Osa-AKM (SA-8 Gecko) နှင့် 2K22 Tunguska (SA-19 Grison)၊ 9K37M Buk-M1 (SA-11 Gadfly) နှင့် S-125 Pechora (SA-3 Goa) တို့ ပိုင်ဆိုင်ထားသည်။ ယူကရိန်းစစ်ဘက်၏ တာတိုလေကြောင်းရန်ကာကွယ်ရေးစနစ်များတွင် ZSU-23-4 Shilka Self-Propelled လေယာဉ်ပစ်အမြောက်စနစ်နှင့် ယာဉ်ဆွဲ ZU-23-2 နှင့် S-60 တို့ ပါဝင်သည်။

**S-300V**

S-300V (NATO ကုဒ် Sa-12A Gladiator/Giant)သည် ရုရှားထုတ် လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်ဖြစ်ပြီး ချိန်းတပ်သံချပ်ကာယာဉ်ပေါ်တွင် တပ်ဆင်ထားသည်။ ဒုံးကျည်ကွန်တိန်နာလောင်ချာပြွန်လေးခုပါသည့် 9A83(SA-12a Gladiator) နှင့် 9A82 (SA-12b Giant) အမျိုးအစားဟူ၍ နှစ်မျိုးရှိသည်။

S-300V တွင် 9M83 ဒုံးကျည်သည် ပြင်းထန်သောတိုက်ခိုက်မှုများကို တန်ပြန်ရန်ဒီဇိုင်းထုတ်ထားသည်။ ၎င်းသည် အကွာအဝေး ၇၅ ကီလိုမီတာထိ မည်သည့်လေယာဉ်အမျိုးအစားကိုမဆို SRAM အမျိုးအစား ဝေဟင်ပစ်ပဲ့ထိန်းဒုံးကျည်များ၊ Lance အမျိုးအစား နည်းဗျူဟာမြောက်ပဲ့ထိန်းဒုံးကျည်များကို ၄၀ ကီလိုမီတာထိ၊ အနိမ့်ပျံခရုဇ်ဒုံးကျည်များကို တိုက်ခိုက်ဖျက်ဆီးနိုင်သည်။

**9K330 Tor-M (SA-15 Gauntlet)**

TOR-M1 9A331-1၊ (NATO ကုဒ်အမည် SA-15 Gauntlet) သည် ရုရှားကာကွယ်ရေးစက်မှုလုပ်ငန်းက ဒီဇိုင်းထွင်ထုတ်လုပ်ထားသော မိုဘိုင်းလ်၊ ပေါင်းစည်းမြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်စနစ်ဖြစ်သည်။ အဆိုပါယာဉ်တွင် ပစ်မှတ်ရယူရေးရေဒါ၊ ရှေ့ဘက်ရှိ ခြေရာခံထိန်းကျောင်းရေးရေဒါနှင့် ပစ်ခတ်ရန်အသင့်ရှိသော 9M330 သို့မဟုတ် 9M331 ဒုံးကျည် ရှစ်စင်းတို့ကို ရေဒါနှစ်ခုကြားတွင် ဒေါင်လိုက်တပ်ဆင်ထားသည့် တာတိုပစ်လေကြောင်းရန်ကာကွယ်ရေးစနစ်ဖြစ်သည်။ Tor-M ဒုံးကျည်၏ တိုက်ပွဲဝင်နိုင်မှုအကွာအဝေးသည် ဗားရှင်းပေါ်မူတည်၍ အနည်းဆုံးအကွာအဝေး မီတာ ၁၀၀ မှ မီတာ ၂၀၀၀ ကြားရှိပြီး ထိရောက်အမြင့် ၁၀ မီတာမှ မီတာ ၆၀၀၀ ထိရှိသည်။

**9K35 Strela-10 (SA-13 Gopher)**

SA-13 GOPHER သို့မဟုတ် 9K35 Strela-10 သည် တာတိုပစ် SAM (Surface-to-Air) စနစ်တစ်ခုဖြစ်သည်။ SA-13 သည် အနိမ့်ပျံလေယာဉ်နှင့် ရဟတ်ယာဉ်များ၊ တိကျလမ်းညွှန်ပဲ့ထိန်းလက်နက်ခဲယမ်းများနှင့်ကင်းထောက်(RPV)အဝေးထိန်းမောင်းသူမဲ့လေယာဉ်များရန်မှ တပ်ဖွဲ့ဝင်များချီတက်ရာတွင် ကာကွယ်ရန် ဒီဇိုင်းထုတ်ထားသည်။ ပစ်ရန်အသင့်ဒုံးကျည်လေးစင်းကို ဆုံလည်ပေါ်တွင် တပ်ဆင်ထားပြီး နောက်ထပ်ရှစ်စင်းကို ယာဉ်အတွင်း တင်ဆောင်ထားသည်။ ကျည်ထိုး၊ ကျည်ထုတ်လုပ်ရန် အချိန် သုံးမိနစ်ခန့်သာကြာသည်။ ယာဉ်နောက်ဘက်အလယ်ဗဟိုတွင်တပ်ဆင်ထားသော လောင်ချာခြေနင်းသည် ၃၆၀ ဒီဂရီလှည့်လည်ပစ်ခတ်နိုင်သည်။ ဒုံးကျည်၏ အမြင့်ဆုံးအမြန်နှုန်းသည် Mach 2 ခန့်ရှိပြီး အကွာအဝေးမီတာ ၅၀၀ မှ မီတာ ၅၀၀၀၊ အမြင့် ၁၀ မီတာမှ မီတာ ၃၅၀၀ ကြား တိုက်ပွဲဝင်နိုင်သည်။

**9K33 Osa-AKM (SA-8 Gecko)**

NATO အခေါ် SA-8 Gecko (ရုရှားအမည် 9K33 OSA)သည် ရုရှားထုတ်ယာဉ်တင်၊ အနိမ့်ပျံ၊ တာတိုပစ်နည်းဗျူဟာမြောက် မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်စနစ်ဖြစ်ပြီး ယာဉ်ခေါင်မိုးပေါ်တွင် ပစ်ခတ်ရန် အသင့်ဒုံးကျည် ခြောက်စင်းတပ်ဆင်ထားသည်။ ၎င်းဒုံးကျည်ကို ရေဒီယိုအမိန့်ပေးထိန်းကျောင်းလမ်းညွှန်စနစ်ဖြင့် ခြေရာခံထိန်းကျောင်းနိုင်သည်။ ကျည်ထိုး၊ ကျည်သယ်ယာဉ်တွင် ဒုံးကျည်နှစ်စင်းမှ ခြောက်စင်းထိ သယ်ဆောင်နိုင်သည်။

SA-8 Gecko ဒုံးကျည်စနစ်သည် ခန့်မှန်းခြေအားဖြင့် အကွာအဝေး၂ ကီလိုမီတာ၊ ၉ ကီလိုမီတာ၊ အမြင့်မီတာ ၅၀ မှ မီတာ ၅၀၀၀ ကြားပစ်မှတ်များကို တိုက်ပွဲဝင်နိုင်စွမ်းရှိသည်။ 9M33M2 "Osa-A" ဒုံးကျည်စနစ်တွင် တိုက်ပွဲဝင်စွမ်းဆောင်ရည်တိုးမြှင့်လာပြီး အကွာအဝေး မီတာ ၁၅၀၀ မှ မီတာ ၁၀၀၀၀၊ အမြင့် ၂၅ မီတာမှ မီတာ ၅၀၀၀ ထိ ရောက်ရှိလာသည်။ 9M33M3 ဒုံးကျည်သည် အမြင့်ပေ ၁၀ မီတာမှ မီတာ ၁၂၀၀၀ အကွာအဝေး ၁၅ ကီလိုမီတာထိ ပျံသန်းတိုက်ပွဲဝင်နိုင်သည်။ သို့သော် ဒုံးကျည်များ၏ ရေဒါခြေရာခံထိန်းကျောင်းခြင်းကဲ့သို့သော နည်းပညာဆိုင်ရာဝိသေသအချက်များကြောင့် တာဝေးပစ်မှတ်များကို တိုက်ခိုက်ဖျက်ဆီးနိုင်ခြင်းမရှိပေ။

**2K22 Tunguska (SA-19 Grison)**

2S6 Tunguska 2K22 (NATO ကုဒ် SA-19 Grison) သည် ရုရှားထုတ် ချိန်းတပ်ယာဉ်တင်ဒုံး၊ အမြောက် ဒွန်တွဲပေါင်းစပ်ထားသော တာတိုပစ်လေကြောင်းကာကွယ်ရေးစနစ်ဖြစ်သည်။ 2S6M Tunguska တွင် ဆုံလည်ကို ကိုယ်ထည်၏အလယ်ဗဟိုတွင်တပ်ဆင်ထားပြီး 30mm 2A38 လေယာဉ်ပစ်စက်အမြောက်ပြောင်း နှစ်လက်ဘယ်ညာတစ်စုံဆုံလည်ဘေးတစ်ဖက်တစ်ချက်စီ၌ တပ်ဆင်ထားသည်။ မီလီမီတာ ၃၀ လေယာဉ်ပစ်စက်အမြောက်များအောက်ဘက်အပြင်၌ 9M311 SAM (Surface-to-Air Missile) မြေပြင်မှဝေဟင်ပစ်ဒုံးကျည် လေးစင်းပါသော ဒုံးပြွန် လေးခုစီ ဘယ်၊ ညာပါရှိသည်။ ၎င်းဒုံးပြွန်များသည် ချိန်ရွယ်ပစ်ခတ်ရန် အနိမ့်၊ အမြင့်မြှင့်တင်မှုများ အမှီအခိုကင်းကင်းလုပ်ဆောင်နိုင်သည်။

9M311 သည် အမြင့် ၁၅ မီတာမှ မီတာ ၃၅၀၀ ကြားနှင့် အကွာအဝေးမီတာ ၂၄၀၀ မှ မီတာ ၈၀၀၀ အတွင်း အလျင်နှုန်း မီတာ ၅၀၀ ဖြင့် ပစ်မှတ်ကို တိုက်ပွဲဝင်နိုင်စွမ်းရှိသည်။ ရုရှားသတင်းရင်းမြစ်များအဆိုအရ လက်နက်စနစ်၏တစ်စောင်းအကွာအဝေးသည် မီတာ ၄၀၀၀ ထိ ရှိသည်ဟု သိရှိရသည်။

**9K37M Buk-M1 (SA-11 Gadfly)**

BUK-M1 (NATO ကုဒ်အမည် SA-11 Gadfly) ဒုံးကျည်စနစ်သည် ရုရှားကာကွယ်ရေးစက်မှုလုပ်ငန်းကထုတ်လုပ်သည့် တာလတ်ပစ်မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်စနစ်ဖြစ်သည်။ SA-11 Gadfly သည် ပြင်းထန်သောအီလက်ထရွန်နစ်စစ်ဆင်ရေး (ECM)ပတ်ဝန်းကျင်တွင် ၎င်းတို့၏တိုက်ခိုက်ရေးဇုန်အတွင်းဝင်ရောက်လာသော နည်းဗျူဟာမြောက်နှင့် မဟာဗျူဟာမြောက်လေယာဉ်များ၊ ခရုဇ်ဒုံးကျည်များ၊ ရဟတ်ယာဉ်များနှင့် အခြားသောဝေဟင်ပစ်မှတ်များကို တိုက်ခိုက်ဖျက်ဆီးနိုင်ရန် ရည်ရွယ်ထုတ်လုပ်ထားသည်။ ထို့ပြင် Lance-Type နည်းဗျူဟာမြောက်ပဲ့ထိန်းဒုံးကျည်များ၊ HARM-Typeရေဒါဖျက်ဒုံးကျည်များ၊ အခြားသောဝေဟင်နှင့်မြေပြင်အခြေစိုက်တိကျမှုမြင့်မားသောလက်နက်များ၊ ရေပြင်နှင့် မြေပြင်ပစ်မှတ်များကို တိုက်ပွဲဝင်နိုင်စွမ်းရှိသည်။

SA-11 Gadfly သည် ရေဒါနှင့်ဒုံးကျည်လေးစင်းပါရှိသောဒုံးပစ်လောင်ချာကို သယ်ဆောင်ထားသည့် ချိန်းတပ်အောက်ခံယာဉ်ကိုယ်ထည်ပေါ်တွင် တည်ဆောက်ထားခြင်းဖြစ်သည်။ SA-11 Gadfly ယာဉ်တစ်စီးစီတွင်တပ်ဆင်ထားသည့် ရေဒါကို NATO က "Fire Dome"ဟုခေါ်ဆိုသည်။ ၎င်းသည် Monopulse ရေဒါအမျိုးအစားဖြစ်ပြီး ဒုံးကျည်၏ အများဆုံးအကွာအဝေး ၃၂ကီလိုမီတာတွင် ခြေရာခံနိုင်ပြီး အမြင့် မီတာ ၁၅၀၀၀ မှမီတာ ၂၂၀၀၀ ကြား ပျံသန်းနေသောလေယာဉ်များကို ခြေရာခံနိုင်သည်။ အဆိုပါရေဒါသည် ပစ်မှတ်တစ်ခုတည်းကို ဒုံးကျည်သုံးစင်းထိ လမ်းညွှန်ထိန်းကျောင်းတိုက်ပွဲဝင်နိုင်သည်။

**Analysis: List of new air defense capabilities of Ukrainian army after donation by EU and US ကို ဘာသာပြန်ဆိုထားပါသည်။**

**ဆက်လက်ဖော်ပြပါမည်။**

**မျိုးခိုင်(ရေနံချောင်း)**

# ဧရာဝတီတိုင်းဒေသကြီးမှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ဆန်နှင့်ဆန်ကွဲအိတ်ရေ ၁၄ သိန်း တင်ပို့ရောင်းချနိုင်ခဲ့



**ပုသိမ် နိုဝင်ဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီးမှ ရန်ကုန်ဈေးကွက်သို့ ဆန်နှင့်ဆန်ကွဲများကို နိုဝင်ဘာ ၁ရက်မှ ယနေ့ထိ တစ်လအတွင်း တစ်တင်းခွဲအိတ်ရေ ၁၄ သိန်းထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပုသိမ်မြို့ ဆန်စပါးရောင်းဝယ်ရေး လုပ်ငန်းရှင်များအဖွဲ့ ဈေးကွက်ရှာဖွေရေးတာဝန်ခံ ဒေါ်စုစုလှိုင်က ပြောပြ၍ သိရသည်။

ဧရာဝတီတိုင်းဒေသကြီး ဆန်စပါးရောင်းဝယ်ရေးလုပ်ငန်းရှင်များသည် ဒေသထွက်စပါးများကို ဝယ်ယူကြိတ်ခွဲပြီး ဆန်နှင့်ဆန်ကွဲအဖြစ် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ပြီးခဲ့သည့် အောက်တိုဘာလအတွင်းက ဆန်နှင့်ဆန်ကွဲ တစ်တင်းခွဲအိတ်ရေစုစုပေါင်း ရှစ်သိန်းထိသာ တင်ပို့ရောင်းချနိုင်ခဲ့သော်လည်း နိုဝင်ဘာလအတွင်း ဆန်တစ်တင်းခွဲအိတ်ရေ ကိုးသိန်းနှင့် ဆန်ကွဲတစ်တင်းခွဲအိတ်ရေ ငါးသိန်း စုစုပေါင်းဆန်နှင့် ဆန်ကွဲအိတ်ရေ ၁၄ သိန်း တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြည်ပဈေးကွက် ပြန်ပွင့်လာတာကြောင့် ရန်ကုန်ဈေးကွက်ကို တင်ပို့နေရတဲ့ ဆန်အိတ်ရေကလဲ တစ်လထက်တစ်လ တိုးလာတာဖြစ်ပါတယ်။ ဒီလိုတစ်လထက်တစ်လ ပိုမိုတင်ပို့ရောင်းချလာရတော့ ကုန်တင်ကုန်ချလုပ်သားတွေနဲ့ကုန်သည်တွေ၊ တောင်သူတွေအားလုံး အဆင်ပြေကြပါတယ်။ အခုလမှာ ပြီးခဲ့တဲ့ အောက်တိုဘာလထက် ဆန်နဲ့ ဆန်ကွဲအိတ်ရေ ခြောက်သိန်းထိ ပိုမိုတင်ပို့ရောင်းချနိုင်ခဲ့ပါတယ်"ဟု ပုသိမ်မြို့ ဆန်စပါးရောင်းဝယ်ရေး လုပ်ငန်းရှင်များအဖွဲ့ ဈေးကွက်ရှာဖွေရေးတာဝန်ခံ ဒေါ်စုစုလှိုင်က ပြောပြသည်။

ဧရာဝတီတိုင်းဒေသကြီးမှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာ ၁ ရက်မှ ယနေ့ထိ ဆန်အမျိုးအစားနှင့် ဈေးနှုန်းများအနေဖြင့် ပေါ်ဆန်းမွှေးတစ်အိတ်လျှင် ငွေကျပ် ၇၆၀၀၀၊ ထိုင်းဘောကျား တစ်အိတ်လျှင် ငွေကျပ် ၄၂၅၀၀၊ မနောသုခ တစ်အိတ်လျှင် ငွေကျပ် ၄၄၅၀၀၊ သီးထပ်ရင် တစ်အိတ်လျှင် ငွေကျပ် ၄၄၀၀၀၊ ရက် ၉၀ တစ်အိတ်လျှင် ငွေကျပ် ၄၅၅၀၀၊ နံ့ကားတစ်အိတ်လျှင် ငွေကျပ် ၄၃၅၀၀၊ ရွှေသွယ်ရင် တစ်အိတ်လျှင် ငွေကျပ် ၄၅၀၀၀၊ ဧရာမင်း တစ်အိတ်လျှင် ငွေကျပ် ၄၅၅၀၀၊ ဆင်းသုခတစ်အိတ်လျှင် ငွေကျပ် ၄၄၅၀၀ ပေါက်ဈေးဖြင့် တင်ပို့ရောင်းချနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ဟိုပုန်းမြို့တွင်းချောင်းချဲ့ထွင်ခြင်းနှင့် ကျောက်ရိုးစီမြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်း စစ်ဆေး

**ဟိုပုန်း နိုဝင်ဘာ ၃၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) ဟိုပုန်းမြို့နယ် စည်ပင်သာယာရေးဌာနက ဟိုပုန်းမြို့တွင်းချောင်းချဲ့ထွင်ခြင်းနှင့် ကျောက်ရိုးစီမြေထိန်းနံရံ တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို နိုဝင်ဘာ ၂၉ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဟိုပုန်းမြို့နယ် စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးမောင်မောင်မြင့်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က ဟိုပုန်းမြို့ ကျွဲ၊ နွားပွဲဈေးအနီးရှိ မြို့တွင်းဖြတ်သန်းစီးဆင်းနေသောချောင်းကို ရေစီးရေလာကောင်းမွန်စေရန်အတွက် ချဲ့ထွင်ခြင်းနှင့် ကျောက်ရိုးစီမြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို စစ်ဆေးကြပြီး အမှုဆောင်အရာရှိ ဦးမောင်မောင်မြင့်က လုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် တာဝန်ရှိသူများကိုမှာကြားကာ လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။



ဟိုပုန်းမြို့တွင် အမြင့် ကိုးပေ၊ အလျား ပေ ၅၀၀ ရှိ ကျွဲနွားပွဲဈေး အနီးရှိ ချောင်းချဲ့ထွင်ခြင်းနှင့် ကျောက်ရိုးစီမြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ပံ့ပိုးရန်ပုံငွေကျပ် ၆၈ ဒသမ ၁ သန်းဖြင့် စက်တင်ဘာလတတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် လုပ်ငန်းများ ၇၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်ပေးနိုင်မှုကြောင့် မြို့တွင်းရေစီးရေလာကောင်းမွန်စေပြီး ပတ်ဝန်းကျင်အတွက်လည်း အကျိုးပြုစေမည်ဖြစ်ကြောင်း၊ ဒေသခံပြည်သူများ လူနေမှုအဆင့်အတန်းမြင့်မားစေရေး၊ မြို့သာယာလှပစေရေးအတွက်လည်း အကျိုးပြုစေမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စောဦး(မောရှမ်းမြေ)**

# ရွှေကူမြို့နယ် ငါးဘတ်ဝကျေးရွာ၌ VDP စီမံကိန်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ရွှေကူ နိုဝင်ဘာ ၃၀**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ငါးဘတ်ဝကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရွှေကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယဉ်ခိုင်၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ငါးဘတ်ဝကျေးရွာ၌ ကျေးရွာခန်းမဆောင်မျက်နှာကြက် တပ်ဆင်ခြင်း၊ ခြစည်းရိုးအုတ်တံတိုင်းနှင့် သံပန်းကာရံခြင်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကျိုးရှိစွာအသုံးပြုရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲရေး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ လုပ်ငန်းများကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေကျပ် သိန်း ၁၀၀ ဖြင့် ရွှေကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာ ပြည်သူလူထုကိုယ်တိုင် သြဂုတ်လစတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ရွှေကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကို ငါးဘတ်ဝကျေးရွာအပါအဝင် ကျေးရွာရှစ်ရွာ၌ ဆောင်ရွက်ပေးလျက်ရှိကြောင်း ရွှေကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**မင်းမြင့်မိုရ်**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

နိုင်ငံတော်စီမံဖွံ့ဖြိုးရေးအတွက်



အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၃၀-၁၁-၂၀၂၂**

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၆၃၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၁၈၀၀၀ |
| **(ခွဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဘောကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| နွေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၆၆၀၀/၇၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၃၈၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၄၆၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၁၉၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၀၀၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၀၇၅ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို ပြင်ဦးလွင်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်း ဆရာ၊ဆရာမများနှင့်တွေ့ဆုံ အမျိုးသားကန်တော်ကြီးဥယျာဉ် ပန်းပွဲတော်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေး



**မန္တလေး နိုဝင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကိုသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်ဌာနဆိုင်ရာများလိုက်ပါပြီး ပြင်ဦးလွင်မြို့ရှိ အမှတ်(၂)၊ အမှတ်(၃)၊ အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်းများသို့ ယနေ့နံနက်ပိုင်းက ရောက်ရှိရာ ခရိုင်၊ မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့်အတူ ကျောင်းများအတွင်း အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး ဆရာ၊ ဆရာမများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကာပြောကြားပြီး စာသင်ခန်းများ၊ စာကြည့်တိုက်များအတွင်း လိုက်လံကြည့်ရှုကြကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ကျောင်းများသို့ သွားရောက်ကြည့်ရှုအားပေးစဉ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း၌ ပညာသင်ကြားနေသည့် ကိုရင် ၂၈ ပါး၊ သီလရှင် ၃၆ ပါး တို့ကို နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကန်တော်ကြီး ကန်အမှတ်(၄) ကန်ပေါင်ရေထိန်းမျှော်စင်သို့ ရောက်ရှိပြီး ကန်တော်ကြီးအတွင်း ရေဝင်ရောက်နေမှု အခြေအနေများနှင့် ကန်ပေါင်ဝန်းကျင် သန့်ရှင်းသပ်ရပ်လှပရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုပြီး အမျိုးသားကန်တော်ကြီးဥယျာဉ် ရှင်းလင်းဆောင်သို့ရောက်ရှိပြီး တာဝန်ရှိသူတစ်ဦးက (၁၅)ကြိမ်မြောက် ပန်းပွဲတော်ကျင်းပရန်အတွက် ကြိုတင်ပြင်ဆင်ထားမှုများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပန်းပွဲတော်ကို ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များအတွက် နိုင်ငံတကာအဆင့်မီ ထူးခြားဆွဲဆောင်မှုရှိရန်၊ မြန်မာနိုင်ငံ၏ပန်းစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍကို အထောက်အကူပြုရန်နှင့် သဘာဝပတ်ဝန်းကျင်ကိုချစ်ခင်တန်ဖိုးထားမှုပိုမိုမြင့်မားလာစေရန်၊ မြန်မာ့ခရီးသွားလုပ်ငန်းကဏ္ဍမြှင့်တင်ခြင်း၊ ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားရေးကိုအထောက်အကူပြုရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပသည့်အတွက် စည်ကားသိုက်မြိုက်ပြီး ကြည်နူးပျော်ရွှင်မှုအပြည့်အဝပေးနိုင်ရန် အလေးထားဆောင်ရွက်ရန်မှာကြားကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ



**ရေဝတီတိုင်းဒေသကြီး ဟသ္သာတမြို့နယ်၌ ဒေသခံပြည်သူများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးစဉ်။**

**နေပြည်တော် နိုဝင်ဘာ ၃၀**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်သည့်လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရေဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၄၁၃၉ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၅၂၆၉ ဦးတို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူဆေးရုံများမှဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းများဆောင်ရွက်ပေးသည်။

ထို့အတူ ကျောင်းသား၊ ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများထိုးနှံပေးလျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့၌ ကျောင်းသား၊ ကျောင်းသူဦးရေ ၃၉၀တို့ကို တပ်မတော်မှဆေးအဖွဲ့များ ပြည်သူဆေးရုံများမှဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းများဆောင်ရွက်ပေးသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Mask များကို ပြည်သူများလက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှတာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်တို့မှ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာနေရာများတွင် နယ်မြေခံတပ်မတော်သားများက ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် အသိပညာပေး ဆောင်ရွက်ခြင်း၊ Mask များတပ်ဆင်ပြီး သွားလာကြရန်လှုံ့ဆော်ခြင်းနှင့် Maskများကို ဒေသခံပြည်သူများလက်ဝယ်အရောက် အခမဲ့ပေးဝေလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

## (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် (၂၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနိုးနှောဖလှယ်ပွဲကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာ (၈၊ ၉)ရက်တို့တွင် MICC-2 နေပြည်တော်၌ ကျင်းပမည်ဖြစ်သည်။

## "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"ပေသောင်းရှာလူသတ်မှု"**ခေါင်းစဉ်ဖြင့် ၃၀-၁၁-၂၀၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးခဲ့ပြီးဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ပုလောမြို့နယ် ပလမြို့တွင် PDF အမည်ခံအကြမ်းဖက်သမားများက အပြစ်မဲ့ပြည်သူများကို သေနတ်ပြခြိမ်းခြောက်ပြီး ရွှေထည်ပစ္စည်းများအား လုယက်ယူဆောင်ကာ နေအိမ်ကိုမိုင်းခွဲဖျက်ဆီးမှု"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

☆ **ကျော်ဖုံးမှအဆက်**

မကြာမီချေးငွေသက်တမ်းကာလပြည့်မြောက်ပြီး ပြန်လည်ပေးဆပ်ရမည့်ကာလ စေ့ရောက်တော့မည်ဖြစ်ပါသည်။

၃။ ယခုအခါ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စီးပွားရေးလုပ်ငန်းများ ထိခိုက်မှုများထပ်မံရှိနေပြီး ပြည်တွင်းရှိ စီးပွားရေးလုပ်ငန်းများ ငွေကြေးလည်ပတ်မှု အဆင်ပြေချောမွေ့စေရေးအတွက် ချေးငွေပြန်လည်ပေးဆပ်ရမည့် ကာလကို ချေးငွေပြန်လည်ပေးဆပ်ရန် ကာလစေ့ရောက်သည့်နေ့မှစ၍ နောက်ထပ်တစ်နှစ် သက်တမ်းတိုးမြှင့်ပေးရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက လမ်းညွှန်ခဲ့ပါသည်။

၄။ သို့ပါ၍ ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေရယူထားသည့်နိုင်ငံသားပိုင် ငါး၊ ပုစွန်မွေးမြူရေးအပါအဝင် မွေးမြူရေးကဏ္ဍမှ ကုမ္ပဏီ၊ လုပ်ငန်း ၃၂၅ ခုအနေဖြင့် အောက်ပါအခြေအနေများဖြင့် ကိုက်ညီသူများကို ချေးငွေပြန်ဆပ်ရန်ကာလကို ချေးငွေကာလ သက်တမ်းတစ်နှစ်စေ့ရောက်သည့်နေ့မှစ၍ နောက်ထပ်တစ်နှစ် ထပ်မံတိုးမြှင့်ပေးပါကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) အတိုးများကို ကာလစေ့ရောက်သည့်နေ့တွင် ပေးဆပ်ပြီးဖြစ်ရပါမည်၊

(ခ) ချေးငွေကို ရည်ရွယ်ချက်အတိုင်း ထိရောက်အောင်ဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီ၊ လုပ်ငန်းဖြစ်ရပါမည်။

၅။ လုပ်ငန်းကော်မတီက ခွင့်ပြုခဲ့သည့် ချေးငွေထုတ်ယူခွင့်ပြုကြောင်း အကြောင်းကြားစာတွင် "ပြန်လည်ပေးဆပ်ရန်ပျက်ကွက်ပါက ဥပဒေနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်ခံရမည်ဖြစ်ပါကြောင်း" အသိပေးဖော်ပြပါရှိသဖြင့် မြန်မာ့စီးပွားရေးဘဏ်က ချေးငွေထုတ်ယူထားသည့် ကုမ္ပဏီ၊ လုပ်ငန်းများအနေဖြင့် ချေးငွေအရင်း၊ အတိုးပြန်လည်ပေးဆပ်ရန်ပျက်ကွက်ပါက ချေးငွေသဘောတူစာချုပ်ပါအတိုင်း ဘဏ်လုပ်ထုံးလုပ်နည်းနှင့်အညီ တရားမကြောင်းအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် သက်တမ်းတိုးမြှင့်ရန်ခွင့်ပြုထားသည့်ကာလအတွင်း အပြီးသတ်အပြေအကျေပေးဆပ်ရန် အသိပေးကြေညာအပ်ပါသည်။

**ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့်**
**စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ**

# ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲအမည်လေးမျိုး၊ နေ့ဆွမ်းများနှင့် နဝကမ္မအလှူငွေများဆက်ကပ်လှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၃၀**

ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့်ကာလအတွင်း ဆွမ်းကိစ္စရပ်များအဆင်ပြေစေရန် ရည်ရွယ်၍ တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများ၊ ဘာသာရေးကျောင်းများနှင့် ဘိုးဘွားရိပ်သာများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲအမည်လေးမျိုးနှင့်လှူဖွယ်ပစ္စည်းများလှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများကိုဆောင်ရွက်လျက်ရှိသည်။



ပုသိမ်ကြီးမြို့နယ် ချမ်းမြရံသီပရိယတ္တိစာသင်တိုက်ရှိ သီလရှင်များကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ဆွမ်းဆန်တော်များနှင့် ကိုဗစ်-၁၉ ရောဂါ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ မဟာဂန္ဓာရုံ ဘုန်းတော်ကြီးကျောင်းတိုက်၊ ပူတာအိုမြို့ရှိ မန်ပန်ဘုန်းတော်ကြီးကျောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့ရှိ နယ်စပ်ဒေသ တောင်တန်းသာသနာပြု ရွှေမောင်းသာသနာ ဝေပုလ္လသီလရှင်စာသင်တိုက်၊ ကွမ်းလုံမြို့ရှိ သာသနာ့အလင်းရောင်ဘုန်းတော်ကြီးကျောင်း၊ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် မိုးကုလားစုကျေးရွာရှိ အောင်ဘုန်းပွင့်ကျောင်းတိုက်၊ လှည်းကူးမြို့နယ် ဆားတလင်းကျေးရွာရှိ ကျူတောရိုးကျောင်းတိုက်၊ သန်လျင်မြို့နယ် စစ်ပင်ကွင်းကျေးရွာရှိ အရှေ့ကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အောင်မြေဘုံသာကျောင်းတိုက်၊ ကွင်းကောက်မြို့ သီရိမင်္ဂလာကျောင်းကြီးစာသင်တိုက်၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ် ကြို့တဲကျေးရွာဘုန်းတော်ကြီးကျောင်း၊ အမ်းမြို့နယ် စပ်စီကျေးရွာ ဘုန်းတော်ကြီးကျောင်း၊ ဘူးသီးတောင်မြို့ အောင်မြေရတနာဘုန်းတော်ကြီးကျောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ ဇိနမာရ်အောင်တပ်ဦးကျောင်းတိုက်နှင့် မင်္ဂလာရုံကျောင်းတိုက်၊ ခန္တီးမြို့ရှိ မဟာသုခိတာရာမကျောင်း၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက်ရှိ ဇိနောဒယသီလရှင်စာသင်တိုက်၊ ပုသိမ်ကြီးမြို့နယ် ချမ်းမြရံသီပရိယတ္တိစာသင်တိုက်နှင့် နံ့သာတောရကျောင်းတိုက်၊ အမရပူရမြို့နယ် ဖျောက်ဆိပ်ကုန်းကျေးရွာရှိ သဉ္စာဝတီသီလရှင်စာသင်တိုက်၊ မိတ္ထီလာမြို့ ရတနာမာရ်အောင်ရပ်ကွက် အောင်ချမ်းသာကျောင်းတိုက်နှင့် သရက်ပင်ကျေးရွာဘုန်းတော်ကြီးကျောင်း၊ ကျီးပင်ကုန်းကျေးရွာရှိ ကျီးပင်ကုန်းကျောင်းတိုက်၊ ကျောက်ပန်းတောင်းမြို့နယ် နွယ်ရိုးတောရ ဓမ္မရိပ်သာ၊ ပြင်ဦးလွင်မြို့ စစ်ဆေးရုံ တပ်ဦးကျောင်းတိုက်၊ ရမည်းသင်းမြို့နယ် မြို့မရပ်ကွက် ရန်အောင်မြင်ကျောင်းတိုက်၊ ပျော်ဘွယ်မြို့နယ် ရှမ်းပွဲရပ်ကွက် ပါဠိတက္ကသိုလ်ရေလယ်ကျောင်းတိုက်၊ မြစ်သားမြို့နယ် ဖောင်းခရွှေဘုန်းတော်ကြီးကျောင်း၊ မကွေးတိုင်းဒေသကြီး စကုမြို့ ဇေယျာမဏ္ဍိုင်သီလရှင်ကျောင်း၊ မိကျောင်းရဲမြို့ မင်္ဂလာတပ်ဦးဘုန်းတော်ကြီးကျောင်း၊ မကွေးမြို့ ခေမာသီရိသီလရှင်စာသင်တိုက်၊ စိတ္တသုခကျောင်းတိုက်၊ ငဖဲမြို့နယ် မြစ်ဖျားကျေးရွာဘုန်းတော်ကြီးကျောင်း၊ ပန်းထိန်းအုပ်စု ဗိုလ်ကုန်းကျေးရွာ ပွင့်လင်းဘုန်းတော်ကြီးကျောင်း၊ သရက်မြို့နယ် မုဥ္စလိကျေးရွာဘုန်းတော်ကြီးကျောင်း၊ အောင်လံမြို့နယ် ရွာထောင်ရပ်ကွက် ဆုတောင်းပြည့်ရွာလယ်ဘုန်းတော်ကြီးကျောင်း၊ ရေနံချောင်းမြို့ ဆားတိုင်ဘုန်းတော်ကြီးကျောင်း၊ မင်းဘူးမြို့ မုဒိတာသီလရှင်စာသင်တိုက်၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့ နဝင်းရပ်ကွက်ရှိ နဝင်းဝါဆိုဘုန်းတော်ကြီးကျောင်းတို့မှ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များကို ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမည်လေးမျိုး၊ နဝကမ္မအလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြပြီး နယ်မြေခံဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက်ရှိ မန်းတောင်ခြေဘိုးဘွားရိပ်သာနှင့် မကွေးတိုင်းဒေသကြီး မကွေးမြို့ရှိ ဖန်ခါးမြေဘိုးဘွားရိပ်သာတို့မှ အဘိုး၊ အဘွားများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မန္တလေးတပ်နယ်နှင့် မကွေးတပ်နယ်တို့မှ နယ်မြေခံတပ်မတော်သားများက အလှူငွေများနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများ သွားရောက်လှူဒါန်းသည်။

အလားတူ ပြည်ထဲရေးဝန်ကြီးဌာနတပ်ဖွဲ့ဝင်၊ ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက နေပြည်တော်ကောင်စီနယ်မြေ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်တိုက်များမှ သံဃာတော်များကို ဆွမ်းဆန်တော်နှင့်စားသောက်ဖွယ်ရာများ အသီးသီးသွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

# ဥပဒေဘောင်အတွင်းဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များကို ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၃၀**

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များကို ပြန်လည်ကြိုဆိုလက်ခံ၍ ၎င်း၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင်လည်း မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြန်လည်ကြိုဆိုလက်ခံခြင်းအခမ်းအနားကို ပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ပဒါန်းတပ်နယ်မှ တာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူတစ်ဦးက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာပုဒ်မများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်နှင့် မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်တို့မှ PDF အဖွဲ့ဝင် အမျိုးသားနှစ်ဦးကို ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးကြသည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်မည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သတင်းရရှိသည်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ပဒါန်းတပ်နယ်မှ တာဝန်ရှိသူတစ်ဦးက ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်တစ်ဦးကို ထောက်ပံ့ငွေများပေးအပ်စဉ်။

# ဖလူး၊ ကျောက်ခက်၊ သေဘောဘိုး၊ ဝေါလေဒေသတစ်ဝိုက်နှင့် မြဝတီ-ဝေါလေကားလမ်းတစ်လျှောက်ရှိ ကျေးရွာများမှ ပြည်သူများ ၎င်းတို့နေရပ်အသီးသီးသို့ ပြန်လည်ဝင်ရောက်လျက်ရှိ



သေဘောဘိုးကျေးရွာနှင့် ဘလက်ဒိုကျေးရွာတို့သို့ ပြန်လည်ဝင်ရောက်လာသည့် ပြည်သူများကို တာဝန်ရှိသူများက စနစ်တကျလက်ခံစဉ်။

**နေပြည်တော် နိုဝင်ဘာ ၃၀**

ကရင်ပြည်နယ်အတွင်းရှိ ဖလူး၊ ကျောက်ခက်၊ သေဘောဘိုး၊ ဝေါလေဒေသတစ်ဝိုက်နှင့် မြဝတီ-ဝေါလေကားလမ်းတစ်လျှောက်တို့ကို KNU၊ KNLA မှ အကြမ်းဖက်မှုကို လိုလားသောအဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ၂၀၂၂ ခုနှစ် မေလမှ စတင်ထိန်းချုပ်၍ အဆိုပါဒေသတစ်ဝိုက်ရှိ လူနေအိမ်များ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ စာသင်ကျောင်းများအတွင်း ဝင်ရောက်နေထိုင်ကာ အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်လျက်ရှိသဖြင့် ဒေသခံပြည်သူများအနေဖြင့် ဘေးလွတ်ရာနေရာများသို့ ထွက်ပြေးတိမ်းရှောင်လျက်ရှိသည်။

အဆိုပါဒေသတစ်ဝိုက်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက နိုဝင်ဘာ ၂၈ ရက်မှစ၍ ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ဒေသတည်ငြိမ်အေးချမ်းမှုရှိသည့်အတွက် ထွက်ပြေးတိမ်းရှောင်နေသည့် အပြစ်မဲ့ပြည်သူများကို ပြန်လည်နေထိုင်နိုင်ရေးအတွက် တယ်လီဖုန်းများဖြင့်လည်းကောင်း၊ အသံချဲ့စက်များဖြင့် မြန်မာဘာသာ၊ ကရင်ဘာသာစကားများဖြင့်လည်းကောင်း ပြန်လည်ဖိတ်ခေါ်ခြင်းနှင့် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးမှုများကြောင့် ထွက်ပြေးတိမ်းရှောင်နေသူများ ပြန်လည်ဝင်ရောက်လျက်ရှိရာ ယနေ့တွင် သေဘောဘိုးကျေးရွာနှင့် ဘလက်ဒိုကျေးရွာတို့သို့ အမျိုးသား ၅၄ ဦး၊ အမျိုးသမီး ၆၄ ဦး စုစုပေါင်း ၁၁၈ ဦး ပြန်လည်ရောက်ရှိလာကြောင်း သိရသည်။

အဆိုပါ ပြန်လည်ဝင်ရောက်လာသူများကို သက်ဆိုင်ရာတာဝန်ရှိသူများက နွေးထွေးစွာ ပြန်လည်ကြိုဆို၍ စနစ်တကျလက်ခံလျက်ရှိပြီး လိုအပ်သည်များ၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

# နိုဝင်ဘာ ၃၀ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၈ ဦးတွေ့ရှိ

**နေပြည်တော် နိုဝင်ဘာ ၃၀**

နိုဝင်ဘာ ၂၉ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၇၉၄၁ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၈ ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

**ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ**

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၃၂၄၅ ဦး |
| သေဆုံးသူ | ၁၉၄၈၈ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၀၇၇၆၀ ဦး |

# မသန်စွမ်းမဲဆန္ဒရှင်များ၏ ရွေးကောက်မှုအခွင့်အရေးနှင့် ကဏ္ဍစုံတွင် ပါဝင်မှုမြှင့်တင်ရေး

**နိဒါန်း**

၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၃ ရက်သည် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ်ဖြစ်ပြီး ကမ္ဘာတစ်ဝန်းတွင် ၁၉၉၂ ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် ၁၉၉၄ ခုနှစ်တွင်စတင်ကျင်းပခဲ့ရာ ယခုနှစ်သည်(၂၉)ကြိမ်မြောက်ဖြစ်ပါသည်။ ယခုနှစ်၏ အထိမ်းအမှတ်ဆောင်ပုဒ်မှာ **"Transformative solutions for inclusive development: the role of innovation in fuelling an accessible and equitable world"** ဖြစ်ပြီး **"အားလုံးပါဝင် ဖွံ့ဖြိုးမို၊ ဆန်းသစ်တီထွင်အဖြေရှာရိုး၊ အားလုံးလက်လှမ်းမီ ညီမျှရေး၊ တီထွင်ဖန်တီးမှုစွမ်းအားဖြင့်ဆောင်ရွက်ပေး"** ဟူ၍ မြန်မာဘာသာသို့ ပြန်ဆိုထားရှိကြောင်း လေ့လာဖတ်ရှုရပါသည်။ မသန်စွမ်းသူများအတွက် ခွဲခြားဆက်ဆံမှု ကင်းစင်ရေး၊ အခြေခံလူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို အများနည်းတူ မျှမျှတတရရှိရေး၊ နိုင်ငံရေးနှင့် ပြည်သူ့ရေးရာအပါအဝင် နယ်ပယ်အသီးသီးတွင် ပေါင်းစည်းပါဝင်နိုင်ရေး၊ မသန်စွမ်းသူများလူ့ဂုဏ်သိက္ခာနှင့်အညီ ရပ်တည်နေထိုင်နိုင်ရေးနှင့် လူမှုစီးပွားလုံခြုံစိတ်ချမှုအတွက် တီထွင်ဖန်တီး ဆောင်ရွက်ပေးနိုင်ရေးတို့သည် ကျယ်ပြန့်သော အကြောင်းခြင်းရာများဖြစ်ပြီး ယင်းတို့အနက် နိုင်ငံသားများဖြစ်ကြသော မသန်စွမ်းသူများ၏ ရွေးကောက်မှုဆိုင်ရာအခွင့်အရေးများသည် မသန်စွမ်းသူများအသိုက်အဝန်းတစ်ရပ်လုံးအတွက် အခြေခံကျသော နိုင်ငံရေးလုပ်ငန်းစဉ်တစ်ရပ်ဖြစ်ကြောင်း ယုံကြည်မိပါသည်။

**ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများ**

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂ ပုဒ်မခွဲ(က) တွင် **"နိုင်ငံတော်သည် မိခင်နှင့်ကလေးသူငယ်များ၊ မိဘမဲ့ကလေးများ၊ ကျဆုံးသောတပ်မတော်သားများ၏ ကလေးများ၊ အိုမင်းမစွမ်းသူများ၊ မသန်စွမ်းသူများကို ကြည့်ရှုစောင့်ရှောက်ရမည်"** ဟု ပြဋ္ဌာန်းထားရာ မသန်စွမ်းသူများဂုဏ်သိက္ခာရှိစွာဖြင့် အမှီအခိုကင်းစွာ ဘဝရပ်တည်နေထိုင်နိုင်ရေးအတွက် အသက်မွေးဝမ်းကျောင်းပညာရရှိရေး၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် ကိုယ်ပိုင်ဝင်ငွေရရှိရေး၊ မသန်စွမ်းသူများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်ပေးရေးနှင့် မြှင့်တင်ပေးရေးတို့သည် နိုင်ငံတော်က ကြည့်ရှုစောင့်ရှောက်ပေးရမည့် အမျိုးသားရေးလုပ်ငန်းတာဝန်ဖြစ်ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈ ပုဒ်မခွဲ (က) တွင် **"နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်"** ဟုလည်း ပြဋ္ဌာန်းထားသည်ဖြစ်ရာ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေများနှင့် မဆန့်ကျင်လျှင် မသန်စွမ်းမဲဆန္ဒရှင်များသည် လွှတ်တော်ရွေးကောက်ပွဲများတွင် ဆန္ဒမဲပေးခွင့်နှင့် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်တစ်ရပ်ရပ်သို့လည်း ကိုယ်တိုင်ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသူများ ဖြစ်ကြသည်။

**ကုလသမဂ္ဂ မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာကွန်ဗင်းရှင်း**

ကုလသမဂ္ဂမသန်စွမ်းသူများအခွင့်အရေးဆိုင်ရာကွန်ဗင်းရှင်း **(UNITED NATIONS CONVENTION ON THE RIGHTS OF PERSONS WITH DISABILITIES)** သဘောတူစာချုပ်ကို ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်တွင် ကြေညာခဲ့ရာ ကမ္ဘာ့နိုင်ငံများက လက်မှတ်ရေးထိုးခဲ့ကြသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရကလည်း၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် သဘောတူစာချုပ်ကို ပါဝင်လက်မှတ်ရေးထိုးခဲ့သည်။ သဘောတူစာချုပ်အပိုဒ်(၁)တွင် **"ဤကွန်ဗင်းရှင်း၏ ရည်ရွယ်ချက်မှာ မသန်စွမ်းသူတိုင်း လူ့အခွင့်အရေးအားလုံးနှင့် အခြေခံလွတ်လပ်ခွင့်များကို ညီမျှစွာ အပြည့်အဝရရှိရေးတို့ကို ကာကွယ်စောင့်ရှောက်ရန်၊ တိုးမြှင့်လုပ်ဆောင်ရန်၊ သေချာစေရန်နှင့် မသန်စွမ်းသူများ၏ မွေးရာပါဂုဏ်သိက္ခာကို ပိုမိုလေးစားမှုရှိစေရန်ဖြစ်ကြောင်း"** ဖော်ပြထားသည်။ သဘောတူစာချုပ်တွင် မသန်စွမ်းသူများအတွက် ရွေးကောက်မှုဆိုင်ရာအခွင့်အရေးနှင့်စပ်လျဉ်း၍ **အပိုဒ်(၂၉) နိုင်ငံရေးနှင့် ပြည်သူ့ဘဝနယ်ပယ်များ၌ ပါဝင်ဆောင်ရွက်ခြင်း** ခေါင်းစဉ်ဖြင့် သတ်မှတ်ပေးထားပါသည်။ အပိုဒ်(၂၉) အပိုဒ်ခွဲ(က)တွင် **"အဖွဲ့ဝင်နိုင်ငံများသည် မသန်စွမ်းသူများကို အခြားသူများနည်းတူ နိုင်ငံရေးပါဝင်ဆောင်ရွက်ခွင့်ရရှိမှုကို အာမခံရမည်။ အဖွဲ့ဝင်နိုင်ငံများသည် မသန်စွမ်းသူများ အခြားသူများနည်းတူ နိုင်ငံရေးနှင့် ပြည်သူ့ဘဝနယ်ပယ်များ၌ ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ကို လွတ်လပ်စွာရွေးချယ်၍ဖြစ်စေ ပါဝင်ဆောင်ရွက်ခွင့်ရရှိမှုသေချာအောင် ဆောင်ရွက်ပေးရမည်။ ယင်းတို့တွင် မသန်စွမ်းသူများ၏ တန်းတူမဲပေးပိုင်ခွင့်နှင့် ကိုယ်တိုင်ရွေးချယ်ခံပိုင်ခွင့်ရရှိမှုသေချာစေရေးအတွက် မဲပေးရေးလုပ်ငန်းအစီအစဉ်များ၊ အကူအညီပေးမှုများနှင့် အသုံးအဆောင်ပစ္စည်းများသည် မသန်စွမ်းသူများအတွက် သင့်လျော်မှု၊ ချဉ်းကပ်ဝင်ရောက်ရန်လွယ်ကူမှု၊ အလွယ်တကူနားလည်သဘောပေါက် အသုံးပြုနိုင်မှုရှိရမည်။ ရွေးချယ်တင်မြှောက်ပွဲနှင့် ပြည်သူ့ဆန္ဒခံယူပွဲတို့၌ မသန်စွမ်းသူတို့ကို လျှို့ဝှက်ဆန္ဒမဲပေးနိုင်သည့် အခွင့်အရေးကို ခြိမ်းခြောက်ခံရခြင်းမရှိဘဲဆောင်ရွက်နိုင်ရန် ကာကွယ်ပေးရမည်။ ထို့ပြင် ယှဉ်ပြိုင်ရွေးချယ်ခံ၍ ရုံးဖွင့်လုပ်ရေး၊ အစိုးရအဖွဲ့၏ အဆင့်တိုင်း၌ ပြည်သူ့ရေးရာလုပ်ငန်းများကို ဆောင်ရွက်ရေးတို့တွင် အကူအားပြုကိရိယာများနှင့် နည်းပညာအသစ်များအသုံးပြုရေးတို့အတွက် အဆင်ပြေအောင် စီစဉ်ပေးရမည်။ မသန်စွမ်းသူများသည် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများဖြစ်သည့်အပြင် ၎င်းတို့၏ဆန္ဒကို လွတ်လပ်စွာထုတ်ဖော်ပြောဆိုနိုင်ရန်နှင့် ၎င်းတို့၏ဆန္ဒအတိုင်း မဲပေးနိုင်ရေးအတွက် ၎င်းတို့၏ တောင်းဆိုချက်အရ လိုအပ်ပါက မဲထည့်ရာ၌ ၎င်းတို့ စိတ်ကြိုက်ရွေးချယ်သောသူ၏ အကူအညီဖြင့် မဲထည့်ခြင်းကို ခွင့်ပြုရမည်"** ဟု ဖော်ပြပါရှိသည်။

**မသန်စွမ်းမဲဆန္ဒရှင်များအတွက် ရွေးကောက်ပွဲဥပဒေပါ အခွင့်အရေးများ ဖော်ဆောင်ပေးလျက်ရှိ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးထားသည့် ကုလသမဂ္ဂမသန်စွမ်းသူများအခွင့်အရေးဆိုင်ရာကွန်ဗင်းရှင်းအရ မသန်စွမ်းသူများ၏ ရွေးကောက်မှုဆိုင်ရာအခွင့်အရေး ပိုမိုမြှင့်တင်နိုင်ရေးအတွက် ကွန်ဗင်းရှင်း၏ အပိုဒ်(၂၉)နှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၁၄ ခုနှစ် ဇူလိုင် ၂၈ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၄) ဖြင့် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများတွင် ဖြည့်စွက်ပြဋ္ဌာန်းပေးခဲ့ပြီးဖြစ်သည်။ ရွေးကောက်ပွဲဥပဒေတွင် မသန်စွမ်းမှုအတွက် ကန့်သတ်ချက်မရှိပါ။ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများအရ မသန်စွမ်းသူများအတွက် ရွေးကောက်မှုဆိုင်ရာ အခွင့်အရေးများနှင့်စပ်လျဉ်း၍ ဥပဒေနှင့်အညီ မဲစာရင်းပြုစုရာတွင် မသန်စွမ်းမဲဆန္ဒရှင်များ မကျန်စေဘဲ ပြုစုခြင်းလုပ်ငန်းစဉ်၊ လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းခြင်းလုပ်ငန်းစဉ်၊ မဲရုံများဆောက်လုပ်ရာတွင် မသန်စွမ်းသူများ အဆင်ပြေချောမွေ့စွာ ဝင်ရောက်ဆန္ဒမဲပေးနိုင်ရေးအတွက် စီမံဆောင်ရွက်ပေးခြင်းလုပ်ငန်းစဉ်နှင့် မသန်စွမ်းသူကိုယ်တိုင် စိတ်ကြိုက်ရွေးချယ်သောသူတစ်ဦး၏ အကူအညီဖြင့် ဆန္ဒမဲပေးခြင်းတို့ကို ဥပဒေပါအခွင့်အရေးများအဖြစ် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်၊ မြန်မာနိုင်ငံမျက်မမြင်အသင်းချုပ်၊ မသန်စွမ်းသူများအသင်းအဖွဲ့များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ ပူးပေါင်း၍ မသန်စွမ်းသူများရွေးကောက်ပွဲတွင် ပါဝင်ခြင်းအခန်းကဏ္ဍ မြှင့်တင်ရေးအစီအစဉ်များကို ပူးပေါင်းဆောင်ရွက်ခဲ့ကြပါသည်။ ရွေးကောက်ပွဲများမတိုင်မီ မဲရုံအလိုက်မသန်စွမ်းသူအမျိုးအစားခွဲခြား၍ မဲဆန္ဒရှင်စာရင်းပြုစုခြင်း၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်အတွက် ပညာပေးသင်တန်းများ၊ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအတွက် ရွေးကောက်ပွဲပညာပေးသင်တန်းများတွင် မသန်စွမ်းသူမဲဆန္ဒရှင်များအတွက် ဆောင်ရွက်ပေးရမည့် ဥပဒေပါအခွင့်အရေးများ ဆွေးနွေးပို့ချပေးခြင်း၊ လက်တွေ့သရုပ်ပြသင်ကြားပေးခြင်းတို့ဖြင့် မဲဆန္ဒရှင်အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကဆောင်ရွက်သည့် ရွေးကောက်ပွဲဆိုင်ရာသင်တန်းများတွင် **"အားလုံးပါဝင်သော ရွေးကောက်ပွဲနှင့် မသန်စွမ်းသူများအခန်းကဏ္ဍ"** ကို သီးခြားခေါင်းစဉ်တစ်ရပ်အနေဖြင့် သင်ကြားပို့ချပေးလျက်ရှိသည်။

မသန်စွမ်းမဲဆန္ဒရှင်များမဲရုံအတွင်း အလွယ်တကူသွားလာနိုင်ရန်၊ ဆန္ဒမဲပေးခြင်း လွယ်ကူစေရန်တို့အတွက် မဲရုံ အဝင်၊ အထွက်၊ အတက်၊ အဆင်းများတွင် ပြေပြစ်သောလျှောစောက် ဆောင်ရွက်ခြင်း၊ မဲရုံအတွင်း လျှောက်လမ်းများတွင် လက်ကိုင်တန်းသို့မဟုတ် ကြိုးတန်းများထားရှိပေးခြင်း၊ ဘီးချဲအလွယ်တကူဝင်ထွက်နိုင်ရန် သင့်လျော်သော အကွာအဝေးထားရှိခြင်း၊ ဆန္ဒပြုခန်းနှင့် မဲပုံးတင်ထားသည့်စားပွဲများရှိရာသို့ မသန်စွမ်းမဲဆန္ဒရှင်များ အလွယ်တကူသွားရောက်နိုင်ရန် စီစဉ်ထားရှိခြင်းတို့ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြီးကြပ်မှုဖြင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်က မဲရုံအဆင့်ထိ စီမံခန့်ခွဲမှုနည်းလမ်းများဖြင့် ဆောင်ရွက်ပေးခဲ့သည်။ မသန်စွမ်းမဲဆန္ဒရှင်အများစုရှိသည့်နေရာများတွင် စံပြမဲရုံများ ဖွင့်လှစ်ဆောင်ရွက်ပေးခဲ့သည်။

**မျက်မမြင်လက်စမ်းစာကတ်ပြားဖြင့် ဆန္ဒမဲပေးခြင်း ဆောင်ရွက်ပေးနိုင်ခဲ့**

ပြီးခဲ့သောရွေးကောက်ပွဲများတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်၊ မြန်မာနိုင်ငံမျက်မမြင်အသင်းချုပ်တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ရန်ကုန်မြို့ ကြည့်မြင်တိုင်မျက်မမြင်ကျောင်း၊ မုံရွာမြို့ ရောင်ခြည်သစ်မျက်မမြင်ကျောင်း၊ စစ်ကိုင်းမြို့ လူမှုဝန်ထမ်းမျက်မမြင်ကျောင်းနှင့် ပခုက္ကူမြို့ မျက်မမြင်ကျောင်းတို့မှ အမြင်အာရုံမသန်စွမ်းမဲဆန္ဒရှင်များအတွက် စံပြမဲရုံများဖွင့်လှစ်ပေးပြီး Braille Template မျက်မမြင်လက်စမ်းစာကတ်ပြားအသုံးပြု၍ အမြင်အာရုံမသန်စွမ်းမဲဆန္ဒရှင်က အကူဖြင့်မဟုတ်ဘဲ ဆန္ဒမဲလက်မှတ်ပေါ်တွင် မိမိနှစ်သက်ရာကိုယ်စားလှယ်လောင်းကို ကိုယ်တိုင်ရွေးချယ်ဆန္ဒပြုနိုင်သည့်စနစ်ကို ရွေးကောက်ပွဲမှတ်တမ်းတစ်ခုအဖြစ် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

**မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေနှင့် နည်းဥပဒေပါ လုပ်ငန်းတာဝန်များ**

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကုလသမဂ္ဂမသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ ကွန်ဗင်းရှင်းတို့အရ ၂၀၁၅ ခုနှစ် ဇွန် ၅ ရက်တွင် ပြည်ထောင်စုလွှတ်တော်က မသန်စွမ်းသူများ၏အခွင့်အရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး မသန်စွမ်းသူများ၏ အခွင့်အရေးနည်းဥပဒေများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် (၁၂၄/၂၀၁၇)ဖြင့် ထုတ်ပြန်ခဲ့ပါသည်။ ဥပဒေပုဒ်မ ၄ အရ ယင်းဥပဒေ၏ပြဋ္ဌာန်းချက်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့်လမ်းညွှန်မှု၊ စီမံခန့်ခွဲမှုနှင့် ကြီးကြပ်ကွပ်ကဲမှုများပြုလုပ်ရန် ပြည်ထောင်စုအစိုးရအဖွဲ့က မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီကို ဖွဲ့စည်းထားရှိပါသည်။ မသန်စွမ်းသူများအတွက် ရွေးကောက်တင်မြှောက်ခြင်းနှင့်စပ်လျဉ်း၍ ယင်းဥပဒေအခန်း(၈) မသန်စွမ်းသူများ နိုင်ငံရေးနှင့် ပြည်သူ့ရေးရာနယ်ပယ်များတွင် ပါဝင်ဆောင်ရွက်ခွင့်ရရှိရေးခေါင်းစဉ်ဖြင့် ပုဒ်မ ၂၉ တွင် **"ဥပဒေအရဆန္ဒမဲပေးပိုင်ခွင့်ရှိသော မသန်စွမ်းသူတိုင်းသည် လွှတ်တော်တစ်ရပ်ရပ်အတွက် လျှို့ဝှက်ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်"**ဟု

**စာမျက်နှာ ၂၁ သို့**

> ❖ မသန်စွမ်းမဲဆန္ဒရှင်များအတွက် အခြေခံလူ့အခွင့်အရေးများ မျှမျှတတရရှိရေး၊ လူမှုစီးပွားမြင့်မားရေးနှင့် ကဏ္ဍစုံတွင်ပါဝင်မှု မြှင့်တင်ရေးတို့ကို အလေးဂရုပြုမည့် နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ ရွေးကောက်ပွဲတွင် အားကောင်းရန်လို၊ ထို့ပြင် မသန်စွမ်းမဲဆန္ဒရှင်ကိုယ်တိုင်လည်း ပါတီကိုယ်စားပြု၍ဖြစ်စေ၊ တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းအနေဖြင့်ဖြစ်စေ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ပြီး မသန်စွမ်းသူများအသိုက်အဝန်းအတွက် ကိုယ်စားပြုမှုကို ဆောင်ကြဉ်းပေးနိုင်မည်ဖြစ်။ ❖

**စာမျက်နှာ ၂၀ မှအဆက်**

ပြဋ္ဌာန်းထားပါသည်။ ပုဒ်မ ၃၀ တွင် **"မသန်စွမ်းသူ နိုင်ငံသားတိုင်းသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ တည်ဆဲဥပဒေများနှင့်အညီ လွှတ်တော်တစ်ရပ်ရပ်တွင် ရွေးချယ်ခံပိုင်ခွင့်ရှိသည်"**ဟု ပြဋ္ဌာန်းထားပါသည်။ နည်းဥပဒေများအခန်း(၆) မသန်စွမ်းသူများ နိုင်ငံရေးနှင့်ပြည်သူ့ရေးရာနယ်ပယ်များတွင် ပါဝင်ဆောင်ရွက်ခွင့်ရရှိရေးခေါင်းစဉ်ဖြင့် နည်းဥပဒေ ၂၆ နှင့် နည်းဥပဒေ ၂၇ တို့တွင် မသန်စွမ်းသူများ၏ ရွေးကောက်မှုဆိုင်ရာအခွင့်အရေးများနှင့် စပ်လျဉ်းဆောင်ရွက်ပေးရမည့် လုပ်ငန်းစဉ်များကို သတ်မှတ်ဖော်ပြပေးထားသည်။

**မသန်စွမ်းမှုအဆင့် သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်း**

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေး (၂/၂၀၂၂)ကို ၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၅ ရက်က နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ကျင်းပရာ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကား ပြောကြားရာတွင် **"မသန်စွမ်းသူများအတွက် အလွန်အကျိုးရှိစေမည့် မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းလုပ်ငန်းကို ကနဦးစီမံကိန်းနယ်မြေ လေးခုဖြစ်သည့် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၊ ကရင်ပြည်နယ် ဘားအံမြို့နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တို့တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ မသန်စွမ်းမှု အဆင့်သတ်မှတ်ခြင်းဖြင့် မသန်စွမ်းမှုအဆင့်အလိုက် လိုအပ်သောပံ့ပိုးမှုများကို သိရှိပံ့ပိုးပေးနိုင်မည်ဖြစ်သကဲ့သို့ မသန်စွမ်းသူများမှတ်ပုံတင်ခြင်းဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မသန်စွမ်းသူများအပေါ် ကူညီထောက်ပံ့မှုများ ထိထိရောက်ရောက်ဆောင်ရွက်လာနိုင်မည်ဖြစ်၍ မသန်စွမ်းသူများအတွက် အလွန်အကျိုးရှိစေမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် မြို့နယ်ပေါင်း ၃၃၀ ရှိသည့်အတွက် တစ်နိုင်ငံလုံးလွှမ်းခြုံနိုင်စေရေး စီမံကိန်းရေးဆွဲဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူရာတွင် မသန်စွမ်းသူမှတ်ပုံတင်ခြင်းလုပ်ငန်းကို တစ်ပြိုင်တည်းဆောင်ရွက်နိုင်ရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း"** မှာကြားခဲ့သည်။

ထို့အတူ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၀ ရက်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပသော ရွေးကောက်ပွဲအတွက် မဲစာရင်းပြုစုခြင်းဆိုင်ရာ အစည်းအဝေးတွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကား ပြောကြားရာတွင် **"မဲစာရင်းများမှန်ကန်စေရန် ပထမအဆင့်အနေဖြင့် နိုင်-၄ နှင့်ပတ်သက်သည့် စာရင်းဇယားများကို အတိအကျဖြစ်အောင်ဆောင်ရွက်ခဲ့ကြောင်း၊ ဒုတိယအဆင့်အနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကွန်ပျူတာစနစ်ဖြင့် စစ်ဆေးပြီးနောက် ပုံစံ(၆၆/၆) ကို Software နည်းပညာဖြင့် စစ်ဆေးခဲ့ကြောင်း၊ တတိယအဆင့်အနေဖြင့် ပုံစံ(၆၆/၆)ပါ မှားယွင်းမှုများကို မြေပြင်တွင် သေချာစွာစိစစ်ပြုပြင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထိုသို့မှန်ကန်စွာစာရင်းဇယားကောက်ယူနိုင်မှသာ နောင်ဆက်လက်ဆောင်ရွက်မည့် e-ID စနစ်တွင် မှန်ကန်သည့် အချက်အလက်များ ရရှိနိုင်မည်ဖြစ်ကြောင်းနှင့် နိုင်-၄၊ ပုံစံ (၆၆/၆) ကိစ္စရပ်များနှင့်ပတ်သက်၍ မြေပြင်စာရင်းကောက်ယူသည့်အခါ မသန်စွမ်းအမျိုးအစား လေးမျိုးကိုလည်း သေချာစွာရေးသားဖော်ပြနိုင်ရန်လိုကြောင်း"** ထည့်သွင်းမှာကြားခဲ့သည်။

**မသန်စွမ်းမဲဆန္ဒရှင်အမျိုးအစားစာရင်းရရှိရေး**

မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနက ပုံစံ(၆၆/၆)များနှင့်ပတ်သက်၍ မြေပြင်စာရင်းကောက်ယူချိန်တို့တွင် မသန်စွမ်းအမျိုးအစား လေးမျိုးကိုပါ တစ်ပါတည်းစိစစ်ကောက်ယူနိုင်ခြင်းအားဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က လာမည့်ရွေးကောက်ပွဲအတွက် မဲစာရင်းပြုစုရာတွင် မသန်စွမ်းမဲဆန္ဒရှင်အမျိုးအစား လေးမျိုး စာရင်းရရှိရေးအတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်သည်။ မဲရုံအလိုက်၊ ရပ်ကွက်ကျေးရွာအုပ်စုအလိုက် မသန်စွမ်းမဲဆန္ဒရှင်အချက်အလက်များရရှိမှသာ သက်ဆိုင်ရာမဲရုံများတွင် မသန်စွမ်းသူများ လွယ်ကူချောမွေ့စွာဆန္ဒမဲပေးနိုင်ရေးနှင့် ရွေးကောက်မှုဆိုင်ရာအခွင့်အရေးများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကျယ်ကျယ်ပြန့်ပြန့်စီမံဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက တတိယအဆင့်ဆောင်ရွက်မည့် အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ(၆၆/၆)များ မြေပြင်စိစစ်ခြင်းလုပ်ငန်းစဉ်အတွက် လုပ်ငန်းအဖွဲ့အဆင့်ဆင့်နှင့် ကွင်းဆင်းကောက်ယူမည့်အဖွဲ့များကို သင်တန်းပေးချိန်တွင် မသန်စွမ်းအမျိုးအစား လေးမျိုးစာရင်းကောက်ယူခြင်း စနစ်တကျဖြစ်စေရန်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ပါဝင်ပို့ချဆွေးနွေးပေးရန် လိုအပ်မည်ဖြစ်သည်။

**ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိ**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ် အမှတ်စဉ်(၅)အရ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကျင်းပပေးရမည်ဖြစ်သည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လာမည့်ရွေးကောက်ပွဲများတွင် အချိုးကျကိုယ်စားပြုစနစ် (PR) ပြောင်းလဲကျင့်သုံးသွားမည်ဖြစ်သည်။ လွှတ်တော်ရွေးကောက်ပွဲဥပဒေများ အသစ်ပြဋ္ဌာန်းနိုင်ရေးအတွက်ဆောင်ရွက်ခြင်း၊ ကော်မရှင်အဖွဲ့ခွဲရုံးအဆင့်ဆင့် ရုံးဝန်ထမ်းများကို လေ့ကျင့်သင်တန်းပေးခြင်း၊ အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ(၆၆/၆)ကို အခြေခံထားသည့် အခြေခံလူဦးရေစာရင်းများနှင့် မြေပြင်လူဦးရေစာရင်းများ တိုက်ဆိုင်စိစစ်ခြင်းတို့ ဆောင်ရွက်နေပြီဖြစ်သည်။

ရွေးကောက်ပွဲဥပဒေအရ နိုင်ငံသားတစ်ဦးအနေဖြင့် ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်အခွင့်အရေးကို ကျင့်သုံးနိုင်ရန်အတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနကထုတ်ပေးသည့် နိုင်ငံသားဖြစ်ကြောင်းအထောက်အထား၊ နိုင်ငံသားကတ်တစ်မျိုးမျိုးနှင့် နေထိုင်ကြောင်းအထောက်အထား၊ အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ(၆၆/၆)ရှိရန် လိုပါသည်။ ပုံစံ(၆၆/၆) ရှိရာ ရပ်ကွက်ကျေးရွာအုပ်စု၏ မဲစာရင်းတွင်သာ မိမိအမည်ပါဝင်မည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံသားဖြစ်သည့် မသန်စွမ်းမဲဆန္ဒရှင်များအနေဖြင့်လည်း ဥပဒေပါအခွင့်အရေးဖြစ်သော မိမိတို့၏ ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်အတွက် မဲစာရင်းတွင်ပါဝင်ရန် နိုင်ငံသားကတ်တစ်မျိုးမျိုးနှင့် နေထိုင်ကြောင်းအထောက်အထား အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)ရှိရန်လိုအပ်ပါကြောင်း ဖော်ပြအပ်ပါသည်။ ရွေးကောက်ပွဲတွင် မသန်စွမ်းသူများပါဝင်ခြင်းအခန်းကဏ္ဍမြှင့်တင်နိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် မသန်စွမ်းအဖွဲ့အစည်းများ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်သည်။

**ပြောင်းလဲကျင့်သုံးမည့် အချိုးကျကိုယ်စားပြုစနစ်နှင့် မသန်စွမ်းမဲဆန္ဒရှင်များ အခန်းကဏ္ဍ**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် လာမည့်ရွေးကောက်ပွဲတွင် လူထုကိုယ်စားပြုမှုကျယ်ကျယ်ပြန့်ပြန့် ဖော်ဆောင်ပေးနိုင်ရန် အချိုးကျကိုယ်စားပြုစနစ် ပြောင်းလဲကျင့်သုံးမည်ဖြစ်သည်။ အချိုးကျကိုယ်စားပြုစနစ်ဆိုသည်မှာ မဲဆန္ဒနယ်တစ်နယ်တွင် တစ်ဦးထက်ပိုသော လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ရန် မဲဆန္ဒနယ်မြေကိုကျယ်ပြန့်စွာသတ်မှတ်ပြီး ယင်းမဲဆန္ဒနယ်မှ ရွေးကောက်တင်မြှောက်ရမည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေသတ်မှတ်ပေးကာ နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းများကို ယှဉ်ပြိုင်စေခြင်းဖြစ်သည်။ နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းများရရှိသည့် ထောက်ခံဆန္ဒမဲအရေအတွက်ပေါ်မူတည်၍ အချိုးကျကိုယ်စားပြုစနစ်ဖြင့်တွက်ချက်၍ ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်အရေအတွက်ကို သတ်မှတ်ပေးသည့်စနစ်ဖြစ်သည်။ နိုင်ငံရေးမူဝါဒအခြေပြုပါတီများ၊ တိုင်းရင်းသားလူမျိုးစုအခြေပြုပါတီများ၊ နယ်မြေဒေသအခြေပြုပါတီများ၊ လူနည်းစုကိုယ်စားပြုပါတီများနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် မိမိတို့ရရှိသည့် ထောက်ခံမဲအချိုးအစားပေါ် မူတည်ပြီး ရွေးကောက်တင်မြှောက်ခံရနိုင်သည့်စနစ်ဖြစ်ပါသည်။ အုပ်ချုပ်ရေးနှင့် ဥပဒေပြုလွှတ်တော်များတွင် ပါတီစုံမှ ကိုယ်စားပြုနေရာများ ပိုမိုရရှိလာမည်ဖြစ်ပါသည်။

PR စနစ် အမျိုးအစားအများအပြားရှိသည့်အနက် နိုင်ငံတကာတွင်အသုံးများပြီး မဲဆန္ဒရှင်များလွယ်ကူစွာဆန္ဒမဲပေးနိုင်ကာ ရွေးကောက်ပွဲရလဒ်တွက်ချက်ရာတွင် ရိုးရှင်းလွယ်ကူသည့် စာရင်းပိတ်အချိုးကျကိုယ်စားပြုစနစ် (Closed List-PR)ဖြင့် ရွေးကောက်ပွဲကျင်းပသွားမည်ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသတစ်ခုစီမှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးစီနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်တို့ကို ယခင်ရွေးကောက်ပွဲများအတိုင်း မဲများသူအနိုင်ရရှိသည့်စနစ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ကျန်မဲဆန္ဒနယ်များအတွက် PR စနစ် ကျင့်သုံးသွားမည်ဖြစ်ပါသည်။ (Closed List-PR) စနစ်သည် ဆန္ဒမဲလက်မှတ်ပေါ်တွင် နိုင်ငံရေးပါတီအမည်နှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းအမည်ကို ဖော်ပြထားခြင်းဖြစ်ပြီး မဲဆန္ဒရှင်က မိမိနှစ်သက်ရာ နိုင်ငံရေးပါတီတစ်ခု သို့မဟုတ် တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းတစ်ဦးကို ရွေးချယ်ဆန္ဒပြုရခြင်းဖြစ်သည်။ ပထမအဆင့်အနေဖြင့် နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလများရရှိသည့် ထောက်ခံဆန္ဒမဲများကို မဲဝေစု(Quota)နည်းဖြင့် ကိုယ်စားလှယ်ဦးရေတွက်ချက်ပြီး သတ်မှတ်ကိုယ်စားလှယ်အရေအတွက် ပြည့်မီခြင်းမရှိသေးပါက ဒုတိယအဆင့်အနေဖြင့် အကြွင်းမဲအများဆုံးစနစ် (The Largest Remainder)နည်းဖြင့် ကြွင်းကျန်မဲအများ၊ အနည်းအလိုက် ကိုယ်စားလှယ်တစ်ဦးစီ ထပ်ဆောင်းတွက်ချက်ပေးခြင်း နည်းစနစ်ဖြစ်သည်။ ထောက်ခံဆန္ဒမဲ မဲဝေစု(Quota) တစ်စုရရှိသည်နှင့် ကိုယ်စားလှယ်တစ်ဦး ရွေးကောက်ခံရသည့်စနစ်ဖြစ်သဖြင့် ပါတီစုံနှင့် လူနည်းစုများအတွက် ကိုယ်စားပြုမှုကို ကျယ်ကျယ်ပြန့်ပြန့် ဖော်ဆောင်ပေးနိုင်မည်ဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကမ္ဘာ့ဘဏ်တို့၏ ထုတ်ပြန်ချက်အရ ကမ္ဘာ့လူဦးရေ၏ သန်းတစ်ထောင်ကျော်သည် မသန်စွမ်းမှုတစ်မျိုးမျိုး ခံစားနေရသူများဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံလူဦးရေနှင့် အိမ်အကြောင်းအရာ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း ထုတ်ပြန်ချက်အရလည်း နိုင်ငံလူဦးရေ၏ ၄ ဒသမ ၆ ရာခိုင်နှုန်း (၂ ဒသမ ၃ သန်းကျော်)သည် မသန်စွမ်းသူများဖြစ်ကြောင်းသိရပါသည်။ လူ့အသိုက်အဝန်းထဲမှ လူသားများ၊ လူသားထဲမှ နိုင်ငံသားများဖြစ်ကြသည့် မသန်စွမ်းသူများကို ကမ္ဘာ့အကြီးဆုံး လူနည်းစုအုပ်စုအဖြစ် သတ်မှတ်ထားကြသည်။ မြန်မာနိုင်ငံတွင်လည်း ရပ်ကွက်နှင့် ကျေးရွာတိုင်းတွင် မသန်စွမ်းမှုတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ခံစားနေရသူ မသန်စွမ်းမဲဆန္ဒရှင်များရှိနေနိုင်ပါသည်။ မသန်စွမ်းမဲဆန္ဒရှင်များအတွက် ကိုယ်စားပြုမှုကို ပိုမိုမြှင့်တင် ပေးကြရမည်ဖြစ်ပါသည်။ မသန်စွမ်းမဲဆန္ဒရှင်များအတွက် အခြေခံလူ့အခွင့်အရေးများ မျှမျှတတရရှိရေး၊ လူမှုစီးပွားမြင့်မားရေးနှင့် ကဏ္ဍစုံတွင်ပါဝင်မှု မြှင့်တင်ရေးတို့ကို အလေးဂရုပြုမည့် နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများရွေးကောက်ပွဲတွင် အားကောင်းရန် လိုပါသည်။ ထို့ပြင် မသန်စွမ်းမဲဆန္ဒရှင်ကိုယ်တိုင်လည်း ပါတီကိုယ်စားပြု၍ဖြစ်စေ၊ တစ်သီးပုဂ္ဂလလွှတ်တော် ကိုယ်စားလှယ်လောင်းအနေဖြင့်ဖြစ်စေ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ပြီး မသန်စွမ်းသူများ အသိုက်အဝန်းအတွက် ကိုယ်စားပြုမှုကို ဆောင်ကြဉ်းပေးနိုင်မည်ဖြစ်သည်။

**နိဂုံး**

သို့ဖြစ်ပါ၍ ကုလသမဂ္ဂမသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာကွန်ဗင်းရှင်းနှင့် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေနှင့် နည်းဥပဒေများပါ မသန်စွမ်းသူများ၏ အခန်းကဏ္ဍကိုတိုးမြှင့်ဖော်ဆောင်ပေးနိုင်ရန်နှင့် လာမည့်ရွေးကောက်ပွဲများတွင် မသန်စွမ်းသူများအတွက် ကိုယ်စားပြုမှုနှင့် ရွေးကောက်မှုဆိုင်ရာအခွင့်အရေးများကို ပိုမိုကျယ်ပြန့်စွာ ဆက်လက်မြှင့်တင်ပေးနိုင်ရန်တို့အတွက် ရွေးကောက်ပွဲတာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်း မဲဆန္ဒရှင်တစ်ဦးအနေဖြင့် ယခုနှစ်၏ အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ်အတွက် လေးစားစွာဖြင့် ဂုဏ်ပြုရေးသားဖော်ပြအပ်ပါသည်။

**မဲဆန္ဒရှင်တစ်ဦး**

# ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၃၀**

ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ၏ အစည်းအဝေးအမှတ်စဉ် (၆/၂၀၂၂)ကို ယနေ့ မွန်းလွဲပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၁)၌ ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် လုပ်ငန်းကော်မတီဝင်များဖြစ်ကြသော စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာနနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် သက်ဆိုင်ရာ ဌာနကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌက ချေးငွေပြန်လည်ပေးဆပ်ရေးဆိုင်ရာကိစ္စများအတွက် လုပ်ငန်းကော်မတီက ညှိနှိုင်းဆောင်ရွက်ထားရှိမှု၊ ချေးငွေပြန်လည်ပေးဆပ်လျက်ရှိသည့် အခြေအနေများ၊ နိုင်ငံသားပိုင် ငါး၊ ပုစွန်မွေးမြူရေးအပါအဝင် မွေးမြူရေးကဏ္ဍသို့ ထုတ်ပေးထားသည့် ချေးငွေများပြန်လည်ပေးဆပ်ရမည့်ကာလကို ချေးငွေသက်တမ်းစေ့ရောက်သည့်နေ့မှစ၍ နောက်ထပ် တစ်နှစ်ထပ်မံတိုးမြှင့်ပေးမည့် အခြေအနေများကို ဆွေးနွေးသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီ အတွင်းရေးမှူး ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်က ချေးငွေစိစစ်ကြပ်မတ်ရေးဆိုင်ရာကိစ္စ၊ ပြည်နယ်၊ တိုင်းဒေသကြီးအလိုက် ချေးငွေပြန်လည်ကောက်ခံရရှိမှုနှင့် ချေးငွေအရင်း၊ အတိုးလက်ခံရရှိမှုတို့ကို ရှင်းလင်းတင်ပြဆွေးနွေးသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသူများက ကိုဗစ်-၁၉ ကြောင့် စီးပွားရေးသက်ရောက်မှုများ ကုစားရေးအတွက် ဝန်ကြီးဌာနအလိုက် ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ၊ ကော်မတီအနေဖြင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့် နိုင်ငံသားပိုင် ငါး၊ ပုစွန် မွေးမြူရေးအပါအဝင် မွေးမြူရေးကဏ္ဍသို့ ထုတ်ပေးထားသည့် ချေးငွေများ ပြန်လည်ပေးဆပ်ရမည့်ကာလကို ချေးငွေသက်တမ်းတစ်နှစ်စေ့ရောက်သည့်နေ့မှစ၍ နောက်ထပ်တစ်နှစ်ထပ်မံတိုးမြှင့်ရေးကိစ္စကို အတည်ပြုညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအကယ်ဒမီ၏ (၁၁)ကြိမ်မြောက် အဖွဲ့ဝင်များညီလာခံကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၃၀**

ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့တွင် နိုဝင်ဘာ ၂၈ ရက်၌ ကျင်းပသော အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအကယ်ဒမီ (International Anti-Corruption Academy-IACA) ၏ (၁၁)ကြိမ်မြောက် အဖွဲ့ဝင်များညီလာခံသို့ မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကိုယ်စား ဗီယင်နာမြို့အခြေစိုက် ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးမင်းသိမ်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

ညီလာခံတွင် မြန်မာအမြဲတမ်းကိုယ်စားလှယ်က ဆွေးနွေးပြောကြားရာ၌ မြန်မာနိုင်ငံသည် ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်း (UNCAC)သို့ ၂၀၁၂ ခုနှစ်တွင်ဝင်ရောက်ခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့်အညီ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအစီအစဉ်များတွင် ပြည်သူများ၏ အသိဉာဏ်နှင့်စွမ်းဆောင်ရည်တိုးမြှင့်ရေးအတွက် IACA က ပံ့ပိုးဆောင်ရွက်ပေးနိုင်မည်ဟူသော ယုံကြည်ချက်ဖြင့် မြန်မာနိုင်ငံသည် IACA သို့ ၂၀၁၉ ခုနှစ်တွင် အဖွဲ့ဝင်အဖြစ်ဝင်ရောက်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာစီမံချက်(၂၀၂၂-၂၀၂၅)ကို ရေးဆွဲချမှတ်ပြီး နှစ်အလိုက် Action Plan ချမှတ်လျက် နိုင်ငံအတွင်း အဂတိလိုက်စားမှုတားဆီးကာကွယ်ခြင်း၊ အသိပညာပေးခြင်းနှင့် စုံစမ်းစစ်ဆေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရေးအစီအစဉ်များကို နိုင်ငံပိုင် သတင်းစာ၊ ရုပ်မြင်သံကြားနှင့် ဆိုရှယ်မီဒီယာများမှတစ်ဆင့်လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်နှင့် ပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်းများက ဖွင့်လှစ်ပို့ချသောသင်တန်းများတွင်လည်းကောင်း၊ ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍လည်းကောင်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်ထောင်စုအဆင့်ဝန်ကြီးဌာန၊အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ ၁၄ ခုတို့တွင် အဂတိလိုက်စားမှုကာကွယ်ရေးအဖွဲ့များ (CPU)ဖွဲ့စည်းပြီးစီးမှု၊ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme-PFP) ဆောင်ရွက်နေမှုနှင့် ရာထူးကြီးငယ်မရွေး အဂတိလိုက်စားမှုများကို စုံစမ်းဖော်ထုတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် UNODC နှင့်လည်းကောင်း၊ ဒေသတွင်း၌ ASEAN-PAC အဖွဲ့ဝင်နိုင်ငံများနှင့်လည်းကောင်း ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ဗီယက်နမ်၊ ထိုင်း၊ လာအို၊ တောင်ကိုရီးယား၊ အိန္ဒိယ၊ ကမ္ဘောဒီးယားနိုင်ငံတို့နှင့် နှစ်နိုင်ငံချင်း MoU များ လက်မှတ်ရေးထိုးထားပါကြောင်း၊ ဒိန်းမတ်နိုင်ငံနှင့်လည်း LOIလက်မှတ်ရေးထိုးထားပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။




ညီလာခံတွင် အဖွဲ့ဝင်နိုင်ငံအများအပြားမှ ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ခဲ့ကြပြီး IACA ၏ ရုံးလုပ်ငန်းဆိုင်ရာ တိုးတက်မှုများ၊ ၂၀၂၁-၂၀၁၄ လုပ်ငန်းစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်မှု၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးဆောင်ရွက်ရာတွင် လက်ရှိအခြေအနေ၊ ပြောင်းလဲလာသောအခြေအနေများနှင့် စိန်ခေါ်မှုများ၊ ၂၀၂၃ ခုနှစ်အတွက် ဘတ်ဂျက်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီး Measurement of Corruption eSifh General Matters ဆိုင်ရာ Resolution နှစ်ခုကို အတည်ပြုချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တွံတေးငါးလုပ်ငန်းသိပ္ပံကျောင်းကို ဒီဇင်ဘာလတွင် စတင်ဖွင့်လှစ်မည်

**ရန်ကုန် နိုဝင်ဘာ ၃၀**

မြန်မာ့ငါးလုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်နှင့် တောင်သူတို့၏ အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းသစ်များနှင့်အတူ လူ့စွမ်းအားအရင်းအမြစ်များ တိုးမြှင့်ရရှိလာနိုင်စေရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနက တွံတေးငါးလုပ်ငန်းသိပ္ပံကျောင်းကို ဒီဇင်ဘာလ၌ စတင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

ငါးလုပ်ငန်းသိပ္ပံကျောင်းသည် ရန်ကုန်မြို့မှ ၂၆ ဒသမ ၉၅၆ ကီလိုမီတာကွာဝေးပြီး တွံတေးခရိုင်အတွင်းရှိ ဇီးဖြူကုန်းကျေးရွာနှင့် မြဂိုးကျေးရွာအကြား ဇီဖြူကုန်းချောင်းနံဘေးတွင်တည်ရှိ၍ အသက်မွေးဝမ်းကျောင်းအတတ်သင်ကြားမှုပုံစံ (Vocational Training Style)တွင် ပထမနှစ်၌ သီအိုရီဆိုင်ရာသင်ကြားမှု ၆၀ ရာခိုင်နှုန်းနှင့် လက်တွေ့ဆောင်ရွက်ခြင်း ၄၀ ရာခိုင်နှုန်း၊ ဒုတိယနှစ်တွင် သီအိုရီဆိုင်ရာသင်ကြားမှု ၅၀ ရာခိုင်နှုန်းနှင့် လက်တွေ့ဆောင်ရွက်ခြင်း ၅၀ ရာခိုင်နှုန်း၊ တတိယနှစ်၌ သီအိုရီဆိုင်ရာသင်ကြားမှု ၃၀ ရာခိုင်နှုန်းနှင့် လက်တွေ့ဆောင်ရွက်ခြင်း ၇၀ ရာခိုင်နှုန်းတို့ဖြင့် သင်ကြားပေးသွားမည်ဖြစ်သည်။

ငါးလုပ်ငန်းနှင့် ရေသတ္တဝါမွေးမြူရေး ဒီပလိုမာ သုံးနှစ်သင်တန်း၌ သင်ကြားပေးမည့်ဘာသာရပ်များအနေဖြင့် မြန်မာစာ၊ အင်္ဂလိပ်စာ၊ ငါးအမျိုးအမည်သရုပ်ခွဲခြင်း၊ ငါးစာအာဟာရ၊ ငါးအစာနှင့် ငါးစာကျွေးခြင်း၊ မျိုးပွားခြင်းဆိုင်ရာဇီဝဗေဒ၊ ရေချိုငါးသယံဇာတနှင့် ဂေဟစနစ်၊ ငါးလုပ်ငန်းဆိုင်ရာ ဇီဝဗေဒ၊ ငါးသားဖောက်ရုံစီမံခန့်ခွဲမှုနှင့် အသုံးချနည်းပညာ၊ ငါးမွေးကန်စီမံခန့်ခွဲမှုနှင့် အသုံးချနည်းပညာ၊ ရေသတ္တဝါမွေးမြူရေး အင်ဂျင်နီယာပညာ၊ ဇီဝကမ္မဗေဒ၊ ငါးမျိုးရိုးဗီဇဆိုင်ရာ၊ ငါးလုပ်ငန်းဆိုင်ရာ စီးပွားရေးပညာ၊ အစားအစာဘေးအန္တရာယ်ကင်းရှင်းရေးနှင့်စီမံခန့်ခွဲမှု၊ စီမံကိန်းရေးဆွဲခြင်းနှင့် စီမံခန့်ခွဲခြင်း၊ ငါးသယံဇာတဂေဟဗေဒနှင့် ရေသတ္တဝါရောဂါဗေဒ စသည့်ဘာသာရပ် ၁၇ မျိုးကို သင်ကြားပေးသွားမည်ဖြစ်ပြီး တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ တက်ရောက်နိုင်ကာ သုံးနှစ်သင်တန်းပြီးမြောက်အောင်မြင်ပါက Diploma in Fisheries and Aquaculture လက်မှတ်ကိုအပ်နှင်းပေးမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ငါး၊ ပုစွန်မွေးမြူထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် ကျွမ်းကျင်သော အလယ်အလတ်အဆင့် ငါး၊ ပုစွန်မွေးမြူရေးအတတ်ပညာရှင်များ မွေးထုတ်ပေးရန်၊ ရေသတ္တဝါမွေးမြူမှုကို စိတ်ပါဝင်စားသော တက္ကသိုလ်ဝင်တန်းအောင်မြင်သူတို့အတွက် အဓိကဘာသာရပ်တစ်ခုအဖြစ် စာတွေ့၊လက်တွေ့သင်ကြားနိုင်မည့် အခွင့်အလမ်းများရရှိနိုင်စေရန်နှင့် ပညာရပ်ဆိုင်ရာနှင့်ကိုက်ညီသော အလုပ်အကိုင်အခွင့်အလမ်း ရရှိလာနိုင်စေရန်၊ မြန်မာ့ငါးလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် မွေးမြူရေးတောင်သူများ အသက်မွေးဝမ်းကျောင်းအတွက် အခွင့်အလမ်းများနှင့် လူ့စွမ်းအားအရင်းအမြစ်များ တိုးမြှင့်ရရှိလာနိုင်စေရန်၊ ရေနေပတ်ဝန်းကျင်၊ ရေပြင်ရှိ သက်ရှိအပင်များနှင့် သတ္တဝါများ၏ ဇီဝဗေဒနှင့် ဂေဟစနစ်၊ ရေနေသက်ရှိများ၏ ဓာတုဓာတ်များပါဝင်မှုနှင့် ၎င်းတို့ကိုအသုံးပြုခြင်းဆိုင်ရာ အခြေခံပညာရပ်များကို နားလည်သိရှိစေရန်၊ ရေငန်ပတ်ဝန်းကျင်၌ ရေငန်ငါးလုပ်ငန်းကို အထောက်အကူဖြစ်စေရန်၊ ရေငန်နေသက်ရှိများ၏ ဇီဝ၊ ဓာတုပါဝင်မှုနှင့် ရေငန် သယံဇာတထိန်းသိမ်းရေးပညာရပ်တို့ကို လေ့လာသိရှိနိုင်ရန်စသည့် ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

သင်တန်းတက်ရောက်နေစဉ် ကာလအတွင်း ထောက်ပံ့မှုအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ သက်မွေးပညာသင်တန်းကျောင်းများကဲ့သို့ နိုင်ငံတော်က ပညာသင်ထောက်ပံ့ကြေးကို တစ်ရက်လျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ကျောင်းဖွင့်ကာလတို့တွင် ထောက်ပံ့ပေးသွားမည်ဖြစ်ပြီး ငါးလုပ်ငန်းဦးစီးဌာနတွင် ဒုတိယလက်ထောက်ဦးစီးမှူးရာထူးခန့်အပ်နိုင်ရေးကို ဆောင်ရွက်ပေးသွားမည့်အပြင် မွေးမြူရေးလုပ်ငန်းရှင်၊ ကုမ္ပဏီများတွင် အလုပ်အကိုင်ရရှိရေးကို ညှိနှိုင်း ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ ဒီပလိုမာသင်တန်းအောင်မြင်ပြီး သတ်မှတ်အရည်အချင်းပြည့်မီသူများကို ရန်ကုန်တက္ကသိုလ်တွင် B.Sc (Fisheries and Aquaculture) သင်တန်းတက်ရောက်နိုင်ရန် ဝင်ခွင့်ဖြေဆိုခွင့်ကို ရရှိမည်ဖြစ်ပြီး ဒီဇင်ဘာလတွင် စတင်ဖွင့်လှစ်မည့်သင်တန်း၌ သင်တန်းသား ၄၄ ဦးကို စတင်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

တွံတေးငါးလုပ်ငန်းသိပ္ပံကျောင်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေကျပ် ၁၀၀၁ ဒသမ ၀၈၃ သန်းဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံ၏ ငါးလုပ်ငန်းဆိုင်ရာ တက္ကသိုလ်တစ်ခုပေါ်ထွန်းလာစေရန် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# NUG လက်ဝေခံ PDF အကြမ်းဖက်သောင်းကျန်းသူများက အပြစ်မဲ့လျှပ်စစ်ဝန်ထမ်းတစ်ဦးကို လုပ်ကြံပစ်ခတ်ခဲ့မှုနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသည့် အခြေခံအဆောက်အအုံများအား တိုက်ခိုက်ဖျက်ဆီးမှုအခြေအနေများကို သတင်းထုတ်ပြန်







ကေဗွီ ၂၃၀ မော်လမြိုင်-မြဝတီ(Double circuit)ဓာတ်အားလိုင်းဖျက်ဆီးခံရသည့် တာဝါတိုင်အမှတ် ၁၇၃ မှတ်တမ်းဓာတ်ပုံ။

**၂၀၂၂ ခုနှစ် နိုဝင်ဘာ ၃၀**

ပြည်သူများ၏လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ထုတ်လုပ်၊ ဖြန့်ဖြူးဆောင်ရွက်နေသော လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးလျက်ရှိသည့် ဓာတ်အားပေးစက်ရုံများနှင့် ဓာတ်အားလိုင်းများအား NUG လက်ဝေခံ PDF အကြမ်းဖက်သောင်းကျန်းသူများ၏ လုပ်ကြံတိုက်ခိုက်ဖျက်ဆီးမှုများကြောင့် (၂၉-၁၁-၂၀၂၂) ရက် ညနေပိုင်းတွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်လျှပ်စစ်ရုံး၌ တာဝန်ထမ်းဆောင်လျက်ရှိသော မြို့နယ်လျှပ်စစ်အင်ဂျင်နီယာသည် နိုင်ငံ့တာဝန်ထမ်းဆောင်ရင်း ကျိုက်ထိုမြို့၌ လုပ်ကြံပစ်ခတ်ခံခဲ့ရသဖြင့် အပြစ်မဲ့နိုင်ငံ့ဝန်ထမ်းတစ်ဦး အသက်ဆုံးရှုံးခဲ့ရခြင်း၊ (၂၈-၁၁-၂၀၂၂)ရက်တွင် ကေဗွီ ၂၃၀ ညောင်ပင်ကြီး-ချောင်းကူး မဟာဓာတ်အားလိုင်းအား လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့သဖြင့် မြို့ ၁၃ မြို့ ဓာတ်အားပြတ်တောက်ခဲ့ခြင်းနှင့် (၂၈-၁၁- ၂၀၂၂)ရက်တွင် မကွေးတိုင်းဒေသကြီး ကျွန်းချောင်းရှိ ၂၀ ဒသမ ၅၄ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံးအင်ဂျင်စက်ရုံမှ ဝန်ထမ်းများအား ခြိမ်းခြောက်ငွေတောင်းခံခဲ့ပြီး ငွေပေးသွင်းခြင်းမရှိပါက အသက်အန္တရာယ်အား ခြိမ်းခြောက်ခဲ့သဖြင့် နိုင်ငံခြားသားဝန်ထမ်းများထွက်ခွာခဲ့ရကာ ဓာတ်အားပေးစက်ရုံကို ရပ်တန့်ခဲ့ရပြီး ဓာတ်အားထုတ်လုပ်မှု လျော့နည်းခဲ့ရခြင်းစသည့်ဖြစ်စဉ်များ ဖြစ်ပေါ်ခဲ့ရပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဝန်ထမ်းများသည် ပြည်သူလူထုအတွက် အခြေခံအကျဆုံး လိုအပ်ချက်ဖြစ်သော လျှပ်စစ်ဓာတ်အားများကို ပြည့်မီစွာဖြည့်ဆည်းပေးနိုင်ရေးအတွက် လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ မဟာဓာတ်အားလိုင်းများ၊ ဖြန့်ဖြူးရေးဓာတ်အားလိုင်းများကို ပြုပြင်ထိန်းသိမ်းခြင်း၊ အသစ်တည်ဆောက်ခြင်းများအား နေ့မအား ညမနားဆောင်ရွက်လျက်ရှိသည့်အပြင် နိုင်ငံတော်၏ရန်ပုံငွေဖြစ်သည့် လျှပ်စစ်ဓာတ်အားခများ ပြန်လည်ရရှိရေးအတွက် အချို့သော လျှပ်စစ်သုံးစွဲသူများမှ မိမိတို့သုံးစွဲမှုအတိုင်းပြန်လည်ပေးဆောင်ခြင်းမရှိသည့် ဓာတ်အားခများကို လိုက်လံကောက်ခံခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်လျက်ရှိမှုများအပေါ် NUG လက်ဝေခံ PDF အကြမ်းဖက်သောင်းကျန်းသူများသည် အများပြည်သူသို့ ဖြည့်ဆည်းပေးလျက်ရှိသည့် နိုင်ငံတော်၏ အခြေခံအဆောက်အအုံများအပေါ် ပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့် အကြမ်းဖက်တိုက်ခိုက်မှုများပြုလုပ်ခဲ့ရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ နိုင်ငံ့ဝန်ထမ်းများအား လုပ်ကြံပစ်ခတ်မှုအနေဖြင့် ၂၄ ကြိမ်၊ ဓာတ်အားပေးစက်ရုံ၊ ခွဲရုံ၊ ရုံးနှင့် ဝန်ထမ်းအိမ်ရာများသို့ ဝင်ရောက်ဖောက်ခွဲပစ်ခတ်ဖျက်ဆီးမှု ၂၀၉ ကြိမ်အပြင် အများပြည်သူသို့ဖြန့်ဖြူးပေးလျက်ရှိသည့် လျှပ်စစ်ဓာတ်အားလိုင်းများကို မိုင်းခွဲဖျက်ဆီးခဲ့မှုများအနေဖြင့် မဟာဓာတ်အားလိုင်းတာဝါ ၄၈တိုင်နှင့် ဖြန့်ဖြူးရေးလိုင်း ၄၉ တိုင်တို့ကို အသီးသီးဖျက်ဆီးဖောက်ခွဲခဲ့သဖြင့် နိုင်ငံတော်ဓာတ်အားစနစ်သို့ ပို့လွှတ်လျက်ရှိသည့် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၆၀ ခန့်လျော့နည်းခဲ့ကာ အချို့သောနေရာများတွင် ပြုပြင်ဆောင်ရွက်ခြင်း မပြုလုပ်နိုင်သေးသဖြင့် ပြည်သူလူထုသို့ ဖြန့်ဝေပေးနိုင်မှုမရှိသည်များကို ကြုံတွေ့နေရပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ထိုသို့ဖောက်ခွဲဖျက်ဆီးခံရမှုများအပေါ် အကြိမ်ကြိမ်ပြုပြင်ဆောင်ရွက်မှုများ ပြုလုပ်နေစဉ်အချိန်များတွင်လည်း နှောင့်ယှက်တိုက်ခိုက်မှုများရှိခဲ့သဖြင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ထမ်းများမှ အသက်ပေးဆပ်ခြင်း ၁၉ ဦးနှင့် ထိခိုက်ဒဏ်ရာရရှိခြင်း ၅၆ ဦး ရှိခဲ့သော်လည်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် သက်ဆိုင်ရာနယ်မြေများရှိ လုံခြုံရေးအဖွဲ့များနှင့်ပူးပေါင်းကာ အကြိမ်ကြိမ်ပြုပြင်ဆောင်ရွက်မှုများကိုလည်း ဆက်လက်လုပ်ဆောင်ပေးလျက်ရှိသည်။

ထိုသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထု၏ လိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားများကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုအပေါ် ပြည်သူလူထုမှလည်း နိုင်ငံ့ဝန်ထမ်းများကိုလုပ်ကြံပစ်ခတ်ခြင်းနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်၊ သွယ်တန်း၊ ဖြန့်ဖြူးပေးလျက်ရှိသည့် နိုင်ငံ့အခြေခံအဆောက်အအုံများ လုပ်ကြံပစ်ခတ်ခြင်း၊ ဖောက်ခွဲတိုက်ခိုက်ဖျက်ဆီးခြင်းများ မပြုလုပ်စေရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် အသိပေးပန်ကြားအပ်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**

# အင်းတော်မြို့မရဲစခန်းကို PDF အမည်ခံ အကြမ်းဖက်သမားများက ၄၀ မမပုံးပစ်လောင်ချာများဖြင့် ရမ်းသန်းပစ်ခတ်ရာ ပုံးသီးများမှာ ရဲစခန်းအနီး လူနေရပ်ကွက်များအတွင်း ကျရောက်ပေါက်ကွဲခဲ့သဖြင့် အပြစ်မဲ့အရပ်သားပြည်သူအမျိုးသမီး ခုနစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် နိုဝင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့မရဲစခန်းကို PDF အမည်ခံ အကြမ်းဖက်သမားများက နိုဝင်ဘာ ၂၉ ရက် ညနေပိုင်းက ၄၀ မမပုံးပစ်လောင်ချာများဖြင့် ရမ်းသန်းပစ်ခတ်ခဲ့သဖြင့် ၄၀ မမပုံးသီးများမှာ ရဲစခန်းအနီး လူနေရပ်ကွက်များအတွင်း ကျရောက်ပေါက်ကွဲခဲ့ပြီး အပြစ်မဲ့အရပ်သားပြည်သူ အမျိုးသမီး ခုနစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၂၉ ရက် ညနေ ၄ နာရီတွင် အင်းတော်မြို့နယ် အောင်ချမ်းသာရပ်ကွက်ရှိ အင်းတော်မြို့မရဲစခန်းကို PDF အမည်ခံ အကြမ်းဖက်သမားများက ရဲစခန်း၏မြောက်ဘက် လေးဖာလုံခန့်အကွာရှိ ဇန်းမောက်လမ်းဆုံဘက်မှနေ၍ ၄၀ မမပုံးပစ်လောင်ချာများဖြင့် ရမ်းသန်းပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့ရာ PDF အမည်ခံအကြမ်းဖက်သမားများသည် သက္ကယ်ကျင်းကျေးရွာဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

အကြမ်းဖက်သမားများ၏ ပုံးပစ်လောင်ချာများဖြင့် ရမ်းသန်းပစ်ခတ်ခဲ့မှုကြောင့် ပုံးသီးများမှာရဲစခန်းအနီး လူနေရပ်ကွက်များအတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့မှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူများဖြစ်သည့် ဒေါ်စိန်ရင် ၅၀ နှစ်၊ ဒေါ်မိုးဥမ္မာကျော် ၄၇ နှစ်၊ ဒေါ်သဲကော ၃၂ နှစ်၊ ဒေါ်ဝါဝါခိုင် ၅၁ နှစ်၊ ဒေါ်မိမိငယ်(ခ) မငယ် ၄၃ နှစ်၊ ဒေါ်ခင်ထွေးစိန် ၃၇ နှစ်နှင့် ဒေါ်ကေသွယ်ဝင်း ၄၆ နှစ်တို့ ခုနစ်ဦးတို့တွင် (မစိုးရိမ်ရ) ပုံးစထိမှန်ဒဏ်ရာများ အသီးသီးရရှိခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သောဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့သည်။

ထိုကဲ့သို့ အပြစ်မဲ့အရပ်သားပြည်သူများ ထိခိုက်ဒဏ်ရာရရှိအောင် ပုံးပစ်လောင်ချာများဖြင့် ရမ်းသန်းပစ်ခတ်ပြီး ဆုတ်ခွာထွက်ပြေးသွားသည့် အကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေးလုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

# ငါန်းဇွန်မြို့နယ်၌ "De Huse Company"မှ ကုမ္ပဏီဝန်ထမ်းများအား လုပ်အားခလစာများထုတ်ပေးရန် YOMA Bank မှ ငွေကျပ်သိန်း ၁၇၆၀ ထည့်ထားသည့် ATM စက် နှစ်လုံးနှင့် မော်တော်ယာဉ်တစ်စီးတို့ကို PDF အကြမ်းဖက်သမားများက ဓားပြတိုက်လုယက်ယူဆောင်

**နေပြည်တော် နိုဝင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး မြို့သာစက်မှုဇုန်ရှိ "De Huse Company"မှ ကုမ္ပဏီဝန်ထမ်းများအား လုပ်အားခလစာများထုတ်ပေးရန် YOMA Bank မှ ငွေကျပ်သိန်း ၁၇၆၀ ထည့်ထားသည့် ATM စက် နှစ်လုံးနှင့် မော်တော်ယာဉ်တစ်စီးတို့ကို ငါန်းဇွန်မြို့နယ် ထန်းတပင်ကျေးရွာအနီး၌ ယနေ့နံနက်ပိုင်းတွင် PDF အကြမ်းဖက်သမားများက ဓားပြတိုက်လုယက်ယူဆောင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက်ပိုင်းတွင် အောင်မြေသာစံမြို့နယ် သိရိမာလာအရှေ့ ရပ်ကွက် ၂၆ လမ်း၊ ၈၆ လမ်းနှင့် ၈၇ လမ်းကြားရှိ YOMA BANK မှ ဘဏ်ဝန်ထမ်း ဦးကောင်းဆက်သူနှင့် ဦးထက်ပိုင်စိုးတို့ နှစ်ဦးသည် မြို့သာစက်မှုဇုန်ရှိ "De Huse Company"မှ ကုမ္ပဏီဝန်ထမ်းများအား လုပ်အားခလစာများထုတ်ပေးနိုင်ရန်အတွက် ATM စက်တစ်လုံးလျှင် ငွေကျပ်သိန်း ၈၈၀ စီထည့်ထားသည့် ATM စက်နှစ်လုံးကို ဘဏ်မှ ယာဉ်မောင်းဖြစ်သူ ဦးသန်းဖြိုးအောင်မောင်းနှင်သည့် MDY 5R/9902 Diner Box မော်တော်ယာဉ်ပေါ်တင်ဆောင်ကာ မြို့သာ-တံတားဦး ကားလမ်းအတိုင်း ထွက်ခွာလာခဲ့ရာ နံနက် ၈ နာရီခွဲတွင် ငါန်းဇွန်မြို့နယ် ထန်းတပင်ကျေးရွာအနီး အရောက်၌ PDF အကြမ်းဖက်သမား ခြောက်ဦးက ဆိုင်ကယ်သုံးစီးဖြင့် လမ်းကိုပိတ်ရပ်ကာ မော်တော်ယာဉ်အား တားဆီးပြီး ဦးကောင်းဆက်သူတို့ သုံးဦးကို သေနတ်များဖြင့်ခြိမ်းခြောက်၍ ယာဉ်ပေါ်မှဆင်းခိုင်းကာ မော်တော်ယာဉ်နှင့် ငွေကျပ်သိန်း ၁၇၆၀ ပါ ATM စက်နှစ်လုံးတို့အား ဓားပြတိုက်လုယက်ယူဆောင်သွားခဲ့ကြောင်း သိရသည်။

ထိုသို့ ဓားပြတိုက်လုယက်ယူဆောင်သွားသော PDF အမည်ခံအကြမ်းဖက်သမားများကို ဖမ်းဆီးရမိရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သောပိတ်ဆို့ ရှာဖွေစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

0 w K H @

# ငွေ၏ခေါ်ရာ

စိုင်းစိုင်




(၁)

"ဟော့ ဟော့ ပါပြီဟော့ ငါ့ အချစ်ဆုံးလေးဟိန်းဝေယံ"

"ဝိုး . . . မိမာတို့ ကံကောင်းချက်။ ဘယ်လောက်ရနေပြီလဲ"

"ငါးထောင် ဟီးဟီး ဒီနေ့ တွက်ခြေကိုက်ပြီ"

"ဟဲ့ တွက်ခြေကိုက်ရင် အိမ်ပြန်တော့လေ။ ညည်းယောကျ်ားပြန်လာလို့ ဟင်းမကျက်သေးရင် ရန်လုပ်ခံနေရအုံးမယ်"

"နှစ်ခွင်လောက် ဆော့အုံးမယ်အေ"

မိမာက ထိုသို့ပင်။ အရုပ်ဝိုင်းကစားလျှင် အပိုးမသတ်တတ်ချေ။ တစ်ခွင်ပြီး နောက်တစ်ခွင် မနားချင်။ အရုပ်ဝိုင်းဆိုသည်ကား ဗီနိုင်းကားချပ်ပေါ်တွင် မင်းသားရုပ်ရှစ်ပုံ၊ မင်းသမီးရုပ်ရှစ်ပုံ၊ စုံတွဲပုံရှစ်ပုံ စုစုပေါင်း နှစ်ဆယ့်လေးပုံပါသည်။ ထိုးသားက ကြိုက်ရာပုံပေါ်တွင် ငွေတင်ထိုးရသည်။ စပရိန်အချောင်းရှည် နှစ်ဆယ့်လေးခုအတွင်း မင်းသား၊ မင်းသမီး၊ စုံတွဲပုံများကိုလိပ်၍ တစ်ပုံချင်းထည့်ထားသည်။ ထိုစပရိန်ချောင်းများထဲက တစ်ခုသာနှိုက်ရ၏။ အတွင်းမှပါသောအရုပ်ပုံသည် ကိုယ်ထိုးသည့်ပုံဖြစ်လျှင် ငွေတစ်ရာဆိုရင် နှစ်ထောင့်နှစ်ရာ ဒိုင်က အလျော်ပေးသည်။ မိမာက တစ်ခွင်လျှင် ဘယ်တော့မှ တစ်ကွက်တည်းမထိုးချေ။ နှစ်ရာဖိုး ငါးကွက်တော့ထိုးသည်။ အနိုင်ပိုင်းကာ အိမ်ပြန်ခိုင်းနေသော မအိစကားကို အရေးမလုပ်။ ဆက်ကစားလိုက်၍ အရှုံးပေါ်ပေပြီ။ နောက်ဆုံး လက်ထဲတွင် အိမ်ကယူလာသော ပိုက်ဆံငါးထောင်မှာ တစ်ထောင်သာကျန်တော့၏။

"ဟူး . . . တော်ပြီအေ။ ပြန်မှဖြစ်တော့မယ်။ ဒီငွေတစ်ထောင်က ဟင်းလေးဝယ်သွားမှ"

ကသုတ်ကရက်နှင့် ဆိုင်ကယ်အစုတ်လေးကိုမောင်းလာကာ လမ်းထိပ်က ထမင်းဆိုင်မှ ဘဲဥအချဉ်ဟင်းဝယ်၍ အိမ်သို့ပြန်ခဲ့သည်။ အလုပ်မှ ထမင်းစားနားချိန် အိမ်ပြန်ရောက်နှင့်နေသော လင်တော်မောင်တိုးကျော်က ဆေးလိပ်တိုကိုခဲပြီး မျက်ထောင့်နီဖြင့် ဆီးကြိုကြည့်၏။ တိုးကျော်ကို စပ်ဖြဲဖြဲရယ်ပြကာ ခပ်မြန်မြန် ထမင်းခူးကျွေးလိုက်သည်။

"မိမာ ဘဲဥချဉ်ရည်ဟင်းချည်း။ ငါ ဝက်သားချက်စားချင်တယ်ပြောထားတာကို"

"ဒါလေးပဲစားလိုက်ပါဟယ်။ ငါနောက်ရက်ချက်ကျွေးပါ့မယ်။ လစာလေးကြိုရောင်းခဲ့အုံး။ ဆန်ကောဆီပါကုန်ပြီဟဲ့"

"အင်း ဒီလလဲ လစာကြိုရောင်းရပြန်အုံးမယ်ပေါ့။ နင့်သားကြီးက ပိုက်ဆံမရှင်းခဲ့သေးဘူးလား"

"မနက်ဖြန် ဥပုသ်ရက်မှ ရှင်းမှာလေ"

မကြည်ပေါက်လေသံဖြင့် ပြန်ပြောသောတိုးကျော်ကို မိမာစကားထပ်မပြောရဲပါ။ လစာကြိုရောင်းသည်မှာ တရားမဝင်သော်လည်း ရသည့်လစာကို နှစ်ဆယ်ရာခိုင်နှုန်းလျှော့ကာ ရောင်းကြသည်။ ဝယ်သူက လစာထုတ်ရက်ရောက်သောအခါ ရုံးပေါက်ဝတွင်အသင့်ထိုင်စောင့်၍ ထုတ်လာသောလစာကို အကုန်ယူသွားရုံပင်။

တိုးကျော်သည် မိမာ၏ ဒုတိယအိမ်ထောင်ဖြစ်၏။ မိမာယခင်အိမ်ထောင်နှင့် သားကြီး အောင်ထက်ကို မွေးခဲ့၏။ သားကြီးသုံးနှစ်တွင် အိမ်ထောင်ကွဲသည်။ ထိုစဉ် မိမာ အသက်နှစ်ဆယ့်နှစ်နှစ်ပင်ရှိသေး၏။ ဘူတာတွင် အစုန်၊ အဆန်ရထားများကိုစောင့်ကာ ရာသီပေါ် သီးနှံများ ရောင်းချနေရင်း သံလမ်းလုပ်သားဖြစ်သူ တိုးကျော်နှင့် အကြောင်းပါခဲ့၏။ တိုးကျော်နှင့် သမီးတစ်ယောက်ရပြီး ဝန်ထမ်းလိုင်းခန်းလေးတွင် မိသားစုလေးယောက်နေထိုင်ကြသည်။

(၂)

"ဟဲ့ အောင်ထက် အမေ့ကို ပိုက်ဆံပေးအုံး"

"အမေကလဲဗျာ။ သားလဲ လူပျိုပေါက်လေဗျာ။ အမေ့သမီးကျတော့ အဝတ်အစားအသစ်၊ ဖိနပ်အသစ်ဝယ်ပေးပြီးတော့။ သားလဲ ဖိနပ်အသစ်ဝယ်လိုက်တာ။ နောက်တစ်ပတ်နေ့တွက်ရှင်းရင်ပေးမယ်"

အောင်ထက်က ခေါက်ဆွဲစက်ရုံတွင် အလုပ်လုပ်သည်။ တစ်နေ့လျှင် ခုနစ်ထောင်ရ၏။ ဥပုသ်ရက်တိုင်း တစ်ပတ်စာနေ့တွက်ရသည်။

"ဟယ် မင်းညီမက ကိုးတန်းကျောင်းသူလေ။ ကျောင်းဝတ်စုံအသစ်နဲ့ ဖိနပ်ကောင်းတာလေးတော့ ဝယ်ပေးရတာပေါ့။ နေ့တွက်ရတဲ့ငွေက ဖိနပ်ဝယ်ရုံနဲ့ ကုန်ရောလား။ ကျန်တာ အမေ့ကိုပေးအုံး"

"ဖိနပ်က သုံးသောင်းခွဲတန်ဝယ်လိုက်တာ။ ကျန်တဲ့ပိုက်ဆံက သားလက်ဖက်ရည်ဖိုးလေ။ နောက်တစ်ပတ်ပိုက်ဆံရရင် အမေ့ကို ပေးပါ့မယ်ဆိုဗျာ"

"အမယ်လေး ဖိနပ်သုံးသောင်းခွဲတန် ဝယ်စရာလားဟဲ့။ ကိုယ့်အနေအထားနဲ့ ဈေးတော်တာလောက်ပဲ ဝယ်ပါ့လား။ ကိုဗစ်ကြောင့် ရထားတွေမပြေးလို့ ငါ ဈေးမရောင်းရကတည်းက အိမ်မှာ ကျပ်တည်းနေတာ နင်သိလျက်သားနဲ့"

"ဟာဗျာ သားသူငယ်ချင်းတွေက ဖိနပ်အကောင်းစားစီးကြတာ။ သားလဲစီးချင်လို့ပေါ့"

"စီးချင်လဲ ကိုယ့်အတိုင်းအတာနဲ့ ချင့်ချိန်ရမယ်လေ"

"မသိဘူးဗျာ။ ဝယ်ပြီးပြီ ပြောမနေနဲ့တော့"

မိမာ ဆက်မပြောတတ်တော့ပါ။ အောင်ထက်က ရှစ်တန်းနှင့်ကျောင်းထွက်ကာ မိခင်ကို ဈေးရောင်းကူသည်။ ဈေးရောင်းနားရချိန်မှစပြီး ခေါက်ဆွဲစက်တွင် အလုပ်သွားလုပ်ကာ ပိုက်ဆံရှာပေးနေ၍သာတော်သေးသည်။ တိုးကျော်လစာဆိုသည်မှာလည်း ကြိုကြိုရောင်းစားနေရသဖြင့် မမြင်ရ။ တိုးကျော်က ညနေအလုပ်မှပြန်လာလျှင်လည်း အရက်ဆိုင်ဝင်တတ်သေးသည်။

"မိမာ ဘာဟင်းလဲဟေ့"

အရက်နံ့တထောင်းထောင်းနှင့် တိုးကျော်အော်မေးလိုက်သည့်အသံက ပြဿနာရှာချင်ဟန်ပင်။

"ဝက်သားဟေ့ ဝက်သား။ စား စားပြီးရင်အိပ်။ ငါ စကားမများချင်ဘူး"

ဝက်သားဟင်းဖြစ်နေ၍ တိုးကျော်ငြိမ်သွားသည်။ ထမင်းစားပြီး အိပ်ပြီ။ အောင်ထက်လည်း ထမင်းစားပြီးကတည်းက လက်ဖက်ရည်ဆိုင်ထွက်သွားသည်။ သမီးငယ် သီတာကျော် စာကျက်နေသည်။ မိမာ စိတ်ထဲနေလို့မရတော့ချေ။

(၃)

"သမီး အမေ မအိတို့ အိမ်ဘက်သွားမလို့။ အိမ်တံခါးပိတ်ထားနော်"

"ဟာ အမေကလဲ အန်တီအိအိမ်က အနောက်ကားလမ်းဘက် အဝေးကြီးကို။ မိုးချုပ်နေပြီ။မသွားပါနဲ့"

"ဟဲ့ ငါ ပိုက်ဆံသွားရှာမလို့။ အသာနေစမ်း"

တိုးကျော်နိုးမည်စိုးသောကြောင့် ဆိုင်ကယ်အစုတ်လေးကိုတွန်းပြီး ထွက်လာကာ လမ်းမပေါ်ရောက်မှ စီးသည်။ မအိတို့အိမ်၏ အနောက်ဘက်သပြေခြံထဲတွင် အရုပ်ဝိုင်းကျိတ်ပုန်းဆော့ကြသည်။ တိုးကျော်လစာကြိုရောင်း၍ပေးသော ပိုက်ဆံထဲမှ ဆန် ၁၀ ပြည်၊ ဆီတစ်ပိဿာသာဝယ်ရသေး၏။ ကျန်ငွေများဖြင့် စိတ်ကြိုက်ကစားနေ၏။ လောဘဇောကပ်ကာ ငွေများများထိုးနေမိသည်။ အစောပိုင်းတွင်နိုင်နေပြီး တစ်စတစ်စနှင့် ပါလာသောငွေအားလုံးကုန်ပြီ။ မိမာ စိတ်ညစ်လာပြီ။

"ကိုဦး ကျွန်မဆိုင်ကယ် ခဏအပေါင်ခံပါလား။ ငွေနှစ်သောင်းပဲပေးပါ"

"ဆိုင်ကယ်မယူထားပါဘူးဟာ။ ရော့ ရော့ သုံးသောင်းယူထား"

ပြုံးစစနှင့် သဘောကောင်းစွာ ပိုက်ဆံထုတ်ချေးလိုက်သော ကိုဦးက အရုပ်ဝိုင်းဒိုင်ကိုင်သူဖြစ်သည်။

"မိမာ ညဉ့်နက်မယ်။ ပြန်တော့ဟဲ့"

မအိက သတိပေး၍သာ မိမာပြန်ခဲ့ရသည်။ စိတ်ကတော့ မပြတ်သေးချေ။ အိမ်အနားရောက်တော့ ဆိုင်ကယ်စက်သတ်ကာ တွန်းဝင်ခဲ့သည်။ အိပ်ပျော်နေသော တိုးကျော်ကို ဘဝင်မကျစွာကြည့်မိ၏။ သူ့လစာအနည်းငယ်လေးနှင့် အသားဟင်းမပါလျှင် ရန်လုပ်တတ်သူ။ ပိုက်ဆံများအထပ်လိုက်ကိုင်ကာ-

"မိမာ လိုရင်ထပ်ယူနော်"ဟု ပြောလိုက်သော ကိုဦး၏ မျက်နှာကို မြင်ယောင်နေမိသည်။

(၄)

"ဟာကွာ။ ဆားငံပြာရည်ဖျော်၊ ကန်စွန်းရွက်ကြော်လား။ မစားဘူးဟေ့။ မိမာ ပေးစမ်းပိုက်ဆံ"

ထမင်းစားပွဲကထပြီး ရန်လိုစွာပြောနေသော တိုးကျော်ကို မိမာစိတ်ပျက်မိ၏။ သူ့လစာနှင့် မလောက်သည်ကို စိတ်မဝင်စား။ ရန်လုပ်မခံနိုင်၍ ပိုက်ဆံပေးလိုက်ရသည်။

"သားကြီး အလုပ်ကပိုက်ဆံရှင်းခဲ့လား"

"ပိုက်ဆံမကျန်ဘူး အမေ။ သား သူငယ်ချင်း မင်္ဂလာဆောင်မှာဝတ်ဖို့ စပို့ရှပ်နဲ့ ပုဆိုးဝယ်လိုက်လို့"

"ဟင်"

မိမာ မျက်ရည်များသာကျလာတော့သည်။ သမီးငယ်ကလည်း မနက်ဖြန် ကျောင်းကပွဲတွင်ဝတ်ရန် ဝတ်စုံကြေးသွင်းရမည်ဟု ပြောထားသည်။ စိတ်ညစ်ညစ်နှင့် အရုပ်ဝိုင်းဆီသို့သာထွက်လာခဲ့သည်။

"ကိုဦး ဟို ဟိုလေ"

"ဟင်း ဟင်း"

အနားကပ်၍ ခပ်တိုးတိုးပြောနေသော မိမာစကားမဆုံးခင်ပင် ကိုဦးက တစ်သောင်းတန်ဆယ်ရွက်လိပ်ကာ လက်ထဲသို့ ထိုးထည့်ပေးလိုက်သည်။ မိမာ စိတ်ကျေနပ်မိသည်။ ကစားဝိုင်းတွင် ခဏသာဆော့ပြီး အိမ်ပြန်ပြေးခဲ့၏။ လင်တော်မောင်အကြိုက် အသားဟင်းများချက်ကျွေး။ သမီးငယ်လိုအပ်သောငွေများပေးနှင့် ပိုက်ဆံမအပ်သော သားကြီးကိုလည်း ဆူပူရန် သတိမရတော့။ မိမာအတွက် ငွေဆိုသည်မှာ ကိုဦးအနားသို့ ကပ်လိုက်လျှင် အလိုလိုရနေတော့၏။

"မိမာ ညည်း အနံ့ထွက်နေပြီနော်။ ဆင်ခြင်အုံး။ အရင်ရက်က ကိုဦးဆိုင်ကယ်နဲ့ပါသွားတယ်ဆို။ ကိုဦးမိန်းမက စုံစမ်းနေတယ်တဲ့။ မိသွားရင်မလွယ်ဘူး"

မအိက သတိပေးစကားဆိုလည်း မိမာမမှုတော့။

စာမျက်နှာ ၂၅သို့ ➤

# ရွှေဘိုခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၂၀၉၄၃ ဧက စိုက်ပျိုးပြီးစီး



ယခုနှစ် မိုးရာသီက စိုက်ပျိုးခဲ့သည့် ဖူးစားပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

**ရွှေဘို နိုဝင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၂၀၉၄၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြ၍ သိရသည်။

ရွှေဘိုခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၂၈၃၇၆ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလက စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၀၉၄၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းရာသီကာလ ရွှေဘိုခရိုင်မှာ ဖူးစားပြောင်းဧက ၂၀၀၀၀ ကျော်စိုက်ဖို့ လျာထားတယ်။ ကနေ့ထိ ၂၀၀၀၀ ကျော် စိုက်ပြီးပြီ။ ဒီနှစ် မိုးရာသီကာလမှာ ဖူးစားပြောင်းသီးနှံ လျာထားချက်ထက် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးဆောင်ရွက်နေတယ်" ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြ၍ သိရသည်။

ရွှေဘိုခရိုင်တွင် ဖူးစားပြောင်းသီးနှံ စိုက်ပျိုးပြီးစီးမှုအနေဖြင့် ရွှေဘိုမြို့နယ်တွင် ဧက ၂၀၄၀၊ ဝက်လက်မြို့နယ်တွင် ဧက ၁၃၂၈၀၊ ခင်ဦးမြို့နယ်တွင် ၅၆၂၃ ဧက စုစုပေါင်း ဖူးစားပြောင်း ၂၀၉၄၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ရွှေဘိုခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၄၄၆၆ ဧကနှင့် ဖူးစားပြောင်းဧက ၁၁၂၄၀ စိုက်ပျိုးရန်လျာထားပြီး အစေ့ထုတ်ပြောင်းဧက ၃၈၄၀ နှင့်ဖူးစားပြောင်း ၁၁၄၃၂ ဧက စိုက်ပျိုးထားကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# တနိုင်းမြို့နယ် ကောင်းရာကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**တနိုင်း နိုဝင်ဘာ ၃၀**

ကချင်ပြည်နယ် တနိုင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကောင်းရာကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှုအခြေအနေများကို ယနေ့နံနက် ၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တနိုင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဒေါ်ယမင်းမြင့်မော်၊ တနိုင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မျိုးနှင့် တာဝန်ခံဝန်ထမ်းများက သက်ဆိုင်ရာကုမ္ပဏီမှတာဝန်ရှိသူများ၊ ကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ ကောင်းရာကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခေတ္တခရိုင်ဦးစီးမှူးက သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ဆွေးနွေးမှာကြားသည်။



ကောင်းရာကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းအရှည် သုံးမိုင်သုံးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ဖြန်းကျောက်ခင်းခြင်းနှင့် အဆိုပါကုန်ထုတ်လမ်းပေါ်ရှိ RC Box Culvert တစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၃၆၅ ဒသမ ၆၆ သန်းဖြင့် မြန်မာဟူးကောင်းစတားကုမ္ပဏီက ဩဂုတ်လပထမပတ်က စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါကုန်ထုတ်လမ်းဆောင်ရွက်ပြီးစီးပါက ကောင်းရာကျေးရွာရှိ စိုက်ပျိုးမြေဧက ၅၀၀ ကျော်မှ ထွက်ရှိသောထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်သို့ ကုန်ကျစရိတ်သက်သာစွာ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

➤ စာမျက်နှာ ၂၄မှအဆက်

ငွေတွင်းကြီးဖြစ်သော ကိုဦးဆီသို့သာ မိမာ ခုန်ဆင်းနေမိတော့သည်။

"မိမာ ငါအလုပ်သွားချိန်တိုင်း နင် အိမ်မကပ်ဘူးဆို။ အရုပ်ဝိုင်းပဲ သွားနေတာဆို"

"အေးလေ။ အရုပ်ဝိုင်းမှာ ကူလုပ်ပေးနေလို့ နေ့တွက်လေးရနေလို့သာ နင် နေ့တိုင်း အသားဟင်းစားနေရတာပေါ့ဟဲ့"

"နေ့တွက်ရတာထက် နောက်ယောက်ျားရနေအုံးမယ်"

"အရုပ်ဝိုင်းမသွားစေချင်ရင် နင်လဲ ညနေတိုင်း မူးမလာနဲ့လေ။ ဟင်းမကောင်းရင်လဲ ရန်မလုပ်နဲ့လေ"

မိမာ၏စကားကြောင့် တိုးကျော်ငြိမ်သွားသည်။

(၅)

မိမာက တိုးကျော်ကို ထိုသို့ပြောပြီးနောက်ပိုင်း အတင့်ရဲလာတော့သည်။ အရုပ်ဝိုင်းကလည်း နေရာပြောင်းကာ ကျိတ်ဝိုင်းများ လုပ်ကြရသောကြောင့် နေရာပြောင်းသည့်နောက် မိမာလိုက်သည်။ အရုပ်ဝိုင်းမလုပ်ဖြစ်သော နေ့များကတော့ မိမာနှင့် ကိုဦးအတွက်က လောကနိဗ္ဗာန်ပင်။ နက်သည်ထက်နက်လာသော တွင်းထဲသို့ မိမာတို့ ခဏခဏခုန်ဆင်းနေတော့၏။

"မိမာ ကိုဦးမိန်းမ အခုလေးတင်ပြန်သွားတာ။ နင် သတိထားတော့နော်။ ပက်ပင်းမိအောင်စောင့်ဖမ်းမှာတဲ့။ နင် နောက်ဆုတ်တော့မိမာ မလွယ်ဘူးဟေ့"

မအိ၏စကားကြောင့် မိမာလန့်သွားမိသည်။ သို့သော် ပိုက်ဆံအရလွယ်သောငွေတွင်းကို မစွန့်နိုင်။ မြို့အစွန်တွင်ရှိသည့် လူမနေသောကိုဦး၏ မိတ်ဆွေအိမ်က မိမာတို့၏ သတ်မှတ်နယ်မြေဖြစ်သည်။ သည်တစ်ကြိမ်ကိုဦးနှင့် တွေ့ပြီးလျှင် မိမာနောက်ဆုတ်တော့မည်ဟု တွေးထားသည်။

"ကိုဦး မိမာ နောက်ဆုတ်တော့မယ်။ ပန်းရန်အလုပ်လိုက်လုပ်ဖို့လဲ ပြောထားပြီးပြီ။ နောက်ဆုံးအနေနဲ့ မိမာကို ပိုက်ဆံနည်းနည်းတော့ ပေးအုံးနော်"

"ပေးမှာပေါ့ မိမာရယ်။ ကိုယ့်မိန်းမကလဲ ကျိန်းလှုပြီ။ လာပါကွာ။ အခုတွေ့ရတုန်းလေး ဟဲ ဟဲ"

ကိုဦး၏ရင်ခွင်ထဲသို့ မိမာခိုဝင်လိုက်ပြီး လောကကြီးကိုမေ့ထားလိုက်စဉ် ခြံအတွင်းသို့ ကားတစ်စီးဝင်လာသည်။

"ကဲ. . . ဘာငြင်းမလဲ။ နင်တို့"

ရပ်ကွက်လူကြီးများ၊ ရဲများကို ခေါ်လာသော ကိုဦး၏ မိန်းမကနာကြည်းခံပြင်းစွာဖြင့် နှစ်ဦးစလုံးကို ဖမ်းခိုင်းပါတော့သည်။ မိမာ၏ဂယက်ကြောင့် အရက်သမားကြီးလုံးလုံးဖြစ်သွားသောတိုးကျော် အလုပ်မဆင်းနိုင်တော့ပါ။ အရက်ကြီးကာ အိမ်မှ အဝေးသို့ထွက်သွားသောသားကြီးက ဘယ်ဝယ်ဘယ်ဆီသို့ရောက်သွားသည်မသိ။ ကျောင်းမတက်ရဲတော့သော သမီးက ဖခင်အရက်သမားကြီးဘေးတွင် အားငယ်စွာငိုယိုလျက်။

## နိုင်ငံ့ဝန်ထမ်း

\- စည်းလုံးကာ ရှေ့ချီတက်
အောင်ပွဲရက် တွေ့ရမည်၊
တိုင်းပြည်ဝန် ညီအောင်ပြု
ဂုဏ်ထုဂုဏ်ရည်၊
လေးစားလို့ ပေးဆပ်သည်
တာဝန်တည် မပြတ်သေး၊
စေတနာ မေတ္တာအားက
ကြီးထွားဂုဏ်မွေး။

\- တို့နိုင်ငံ သာယာအေးဖို့
အမြဲတွေး ထမ်းဆောင်နေ၊
ခွဲခွာရှာ မိသားစုလည်း
မျက်ရည်ဥဝေ၊
ပြည်သူများ ကောင်းဖို့လေ
တာဝန်ကျေလို့ အသက်ရင်း၊
ဂုဏ်ပြုရန် အားပေးစကား
ပြောကြားသူငယ်ချင်း။

\- မညည်းရှာ ပင်ပန်းခြင်းလည်း
ကောင်းသတင်း ပေါ်စေရန်၊
စွမ်းနိုင်သည် ကုသရေး
အားဆေးပေးမှန်၊
ကျန်းမာဖို့ ပြည်သူ့အထံ
ကောင်းဖို့ကြံ သူတို့လှမ်း၊
လေးစားရှယ်
သွေးသားသဖွယ် ပြုစုကြတဲ့
စံပြဝန်ထမ်း။ ။

**ဖြိုးထက်(ရေစကြို)**

# တောင်သာမြို့နယ်တွင် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဆင်း

**တောင်သာ နိုဝင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုအခြေခံစက်ချုပ်သင်တန်းဆင်းပွဲကို ယနေ့ နံနက် ၁၀ နာရီက အဆိုပါဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြင်းခြံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြည်ကြည်မာက သင်တန်းဆင်းအမှာစကား ပြောကြားသည်။

ထို့နောက် တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မိုးနှင့် တာဝန်ရှိသူတို့က သင်တန်းသူများကို သင်တန်းဆင်းလက်မှတ်များနှင့် သင်တန်းထူးချွန်ဆုများ ပေးအပ်ခဲ့ကြသည်။

သင်တန်းဆင်းပွဲသို့ မြင်းခြံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြည်ကြည်မာ၊ တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးဇော်မိုးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အသက်မွေးဝမ်းကျောင်း အထောက်အကူပြုအခြေခံစက်ချုပ်သင်တန်းသို့ တောင်သာမြို့နယ်အတွင်း ကျေးရွာလေးရွာမှ သင်တန်းသူ ၁၀ ဦး တက်ရောက်ခဲ့ကြပြီး အဆိုပါသင်တန်းကို သင်တန်းနည်းပြများက နိုဝင်ဘာ ၁ ရက်မှ နိုဝင်ဘာ ၃၀ ရက်ထိ တစ်လကြာ စာတွေ့၊ လက်တွေ့အခမဲ့သင်ကြားပို့ချပေးခဲ့ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မိုးက ပြောပြ၍ သိရသည်။

**ချစ်ဦးကို**

# ပါရဂူ၏ထင်မြင်ချက်နှင့် မျက်မြင်သက်သေ၏ထွက်ဆိုချက်

စိန်လှိုင်ပိုင်



ရာဇဝတ်မှုခင်းများကို စီရင်ဆုံးဖြတ်ကြရာတွင် ပါရဂူ၏ထင်မြင်ချက်ကို အလေးပေး၍ စဉ်းစားရမည် မှန်သော်လည်း မျက်မြင်သက်သေတို့၏ အမှန်တကယ် မြင်တွေ့ခဲ့ရသောဖြစ်ရပ်မှန်ကို လွှမ်းမိုးခြင်းမပြုနိုင် ကြောင်း၊ မျက်မြင်သက်သေများ၏ထွက်ဆိုချက်မှာ စိတ်ချယုံကြည်ရပါက ပါရဂူ၏ထင်မြင်ချက်ကို ပယ်ရမည်သာဖြစ်ကြောင်း အမှုတစ်ခုတွင် အထူး အယူခံခုံရုံးက စီရင်ဆုံးဖြတ်ထုံးဖွဲ့ခဲ့သည်ကို ဥပဒေ လောကသားအားလုံးနှင့် ပြည်သူအများသိရှိနိုင်ကြရန် လမ်းညွှန်စီရင်ထုံးတစ်ခုကို ရည်ညွှန်းကိုးကား၍ ရေးသားတင်ပြပါဦးမည်။

ရောဝတီတိုင်း ဘိုကလေးမြို့နယ် လမုကိုင်း ကျေးရွာ လမုတိုင်ချောင်းဘေးနေ ဒေါ်ခင်၏ တဲသို့ လူဆိုးနှစ်ဦး ၁၉၉၉ ခုနှစ် မေ ၇ ရက် ည ၁၁ နာရီအချိန်ခန့်တွင် ဓားများဖြင့် ဝင်ရောက်ကာ ဒေါ်ခင်၊ မောင်ကြည်လှနှင့် ၎င်း၏ဇနီးမအေးအေးမိုး တို့ကို ဓားဖြင့်ထောက်ပြီး ကြိုးဖြင့်တုပ်၍ ဒေါ်ခင်ထံမှ ရွှေထည်ပစ္စည်းနှင့် ငွေများတောင်းယူသွားကြောင်း၊ ၎င်းအမည်မသိသူနှစ်ဦးကို အရေးယူပေးရန် ဦးတင် မြင့်က အမှုဖွင့်တိုင်ကြားရာမှ ပေါ်ပေါက်လာသော အမှုဖြစ်သည်။

ရောဝတီတိုင်းတရားရုံး (ဖျာပုံခရိုင်) ပြစ်မှုကြီး အမှတ်-၁၉/၉၉ တွင် တရားခံ စန်းလွင်နှင့် ညိမ်းမင်း တို့အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၃၇၆ အရ ပြစ်မှုနှစ်ရပ်ဖြင့် အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်စီ အသီးသီးကျခံစေရန်နှင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ- ၃၀၂(၁)(ဂ)/၃၄ အရ သေဒဏ်အသီးသီးကျခံစေရန် ပြစ်ဒဏ်စီရင်ခဲ့သည်။ တရားရုံးချုပ်သို့ ပြစ်မှုဆိုင်ရာ အယူခံမှုကို တင်သွင်းခဲ့သည်။ အယူခံမှုကို ပလပ်ပြီး သေဒဏ်ကို အတည်ပြုခဲ့သည်။ တရားရုံးချုပ်က သေဒဏ်အတည်ပြုမှုအမှတ်-၄/၂၀၀၀ ကို ဖွင့်လှစ် ခဲ့သည်။ စန်းလွင်နှင့် ညိမ်းမင်းတို့နှစ်ဦးက ပြစ်မှု ဆိုင်ရာအထွေထွေလျှောက်လွှာ (အထူး)အယူခံ လျှောက်ထားခဲ့ရာ-

"လျှောက်ထားသူ စန်းလွင်နှင့် ညိမ်းမင်းတို့အပေါ် ဒေါ်ခင်နှင့် မအေးအေးမိုး (လိုပြ-၅) ကို သားမယား ပြုကျင့်ကြောင်း ကောက်ယူကာ ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ-၃၇၆ အရ ပြစ်မှုထင်ရှားတွေ့ရှိခြင်းနှင့် လူ သတ်မှုကျူးလွန်ပြီး ဒေါ်ခင်ကို အကြံတူသတ်ဖြတ်ခဲ့ ကြောင်း ကောက်ယူကာ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ- ၃၀၂(၁)(၂)/၃၄ အရ ပြစ်မှုထင်ရှားတွေ့ရှိခဲ့ခြင်းသည် ဥပဒေအရ မှန်ကန်ခြင်းရှိ၊ မရှိ"ဟူသောပြဿနာကို ကြားနာရန် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်။

**အထူးအယူခံခုံရုံး၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

အမှုတွဲရှိ သက်သေခံချက်များအရ ဘိုကလေး မြို့နယ် လမုကိုင်းရွာနေ သေသူ ဒေါ်ခင်သည် အိမ် ထောင်မရှိ အပျိုကြီးဖြစ်ပြီး စိတ်ရောဂါသည် ဒေါ်အေး ချိုနှင့်အတူနေထိုင်ကြောင်း၊ မောင်ကြည်လှ (လိုပြ-၄) နှင့် မအေးအေးမိုး (လိုပြ-၅) တို့ လင်မယားသည် ဒေါ်ခင်နေထိုင်သည့် အိမ်ကြီး၏နောက်ဘက်ရှိ တဲအိမ်တွင် နေထိုင်ကြကြောင်း၊ အချင်းဖြစ်ပွားသော ညကပင် ဒေါ်ခင်က မောင်ကြည်လှကို ခေါ်သံကြား၍ မောင်ကြည်လှ ရောက်ရှိသွားရာ ဒေါ်ခင်၏အိမ်ပေါ် တွင် လူဆိုးနှစ်ဦးကိုတွေ့ရှိရပြီး ၎င်းတို့ကိုင်ဆောင် ထားသော လက်နှိပ်ဓာတ်မီးရောင်ဖြင့် ၎င်းလူဆိုး များမှာ စန်းလွင်နှင့် ညိမ်းမင်းတို့ဖြစ်ကြောင်း မောင်ကြည်လှ တွေ့မြင်ရကြောင်း ထွက်ဆိုချက်ကို ဦးစွာစိစစ်ခဲ့သည်။

မောင်ကြည်လှ ကြိုးတုပ်ခံထားရစဉ် ဇနီး မအေး အေးမိုးကို တရားခံ စန်းလွင်က သားမယားအဖြစ် နှစ်ကြိမ်ပြုကျင့်ကြောင်း၊ ညိမ်းမင်းကလည်း မအေး အေးမိုးကို သားမယားအဖြစ်ပြုကျင့်ကြောင်း၊ စန်းလွင် နှင့် ညိမ်းမင်းတို့နှစ်ဦးစလုံးက ဒေါ်ခင်ကိုလည်း တစ်ယောက်တစ်လှည့်စီ သားမယားပြုကျင့်ကြောင်း၊ စိတ်ရောဂါသည် ဒေါ်အေးချိုကိုလည်း သားမယားပြုကျင့် ကြောင်း၊ ထိုသို့ မုဒိမ်းပြုကျင့်ကြပြီးနောက် မအေးအေး မိုးကို ကြိုးနှင့်တုပ်ထားကာ ထဘီကိုချွတ်ယူသွားသဖြင့် ကိုယ်တုံးလုံးကျန်ခဲ့ကြောင်း၊ ဒေါ်ခင်ဝတ်ဆင်ထားသည့် ကျောက်နီနားကပ်ကို တရားခံများက တောင်းသဖြင့် ဒေါ်ခင်က ချွတ်ပေးလိုက်ရကြောင်း၊ ဒေါ်ခင် အိမ် ပေါ်မှ ဆန်အိတ်၊ ကြက်များ၊ ဘဲဥနှင့် ငွေကျပ် ၃၀၀ နှင့် အဝတ်အထည်များကို တရားခံများက ယူဆောင် သွားပြီး ဒေါ်ခင်ကို အိမ်ပေါ်မှ အိမ်နောက်ဖေးတာကြီး ဘက်သို့ ခေါ်ဆောင်သွားပြီး ငှက်ကြီးတောင်ဓားဖြင့် ဒေါ်ခင်ကို ခုတ်သတ်သွားကြသည်ဟု အမှုဖြစ်ပွား ပေါ်ပေါက်ခဲ့သည်ကို မအေးအေးမိုးနှင့် မောင်ကြည် လှတို့၏ ထွက်ဆိုချက်များအပေါ် ရုံးတော်က စိစစ်ခဲ့သည်။

၁၉၉၉ ခုနှစ် မေ ၁၀ ရက်တွင် တရားခံနှစ်ဦး စလုံးကို ဖမ်းဆီးရမိပြီး ဒုတိယမြို့နယ် တရားသူကြီး ဒေါ်ဌေးဌေးရွှေ့တွင် ဖြောင့်ချက်အသီးသီးပေးခဲ့ကြ သည်။ ဖြောင့်ချက်တွင် တရားခံ စန်းလွင်နှင့် ညိမ်း မင်းတို့သည် ဒေါ်ခင်နှင့် လူငှား၏မိန်းမကို တစ် လှည့်စီ မုဒိမ်းကျင့်ကြကြောင်း၊ လူငှားကို ကြိုးတုပ် ထားကြောင်း၊ ဒေါ်ခင်နားကပ်ကို ညိမ်းမင်းက ဖြုတ် ခိုင်းပြီး စန်းလွင်သို့ပေးလိုက်ကြောင်း၊ ဒေါ်ခင် အိမ် ပေါ်မှ ကြက်၊ ဆန်တို့ကို ယူဆောင်ပြီး ဒေါ်ခင်အား အိမ်နောက်ဖေးဘက်သို့ ခေါ်ဆောင်သွားကြောင်း၊ စန်းလွင်အား ဒေါ်ခင်က ယခင်ကပင် သိရှိနေသဖြင့် ဒေါ်ခင်အား စန်းလွင်က ငှက်ကြီးတောင်ဓားဖြင့် သုံးချက်ခုတ်ကြောင်း၊ ညိမ်းမင်းက စန်းလွင်ထံမှ ငှက် ကြီးတောင်ဓားကိုယူပြီး ဒေါ်ခင်အား နှစ်ချက်ထိုး ကြောင်း ဖြောင့်ဆိုထားသည်ကို ရုံးတော်က စိစစ်ခဲ့ သည်။ ဒုတိယမြို့နယ် တရားသူကြီး ဒေါ်ဌေးဌေးရွှေ့ တွင် တရားခံနှစ်ဦးအား လူတန်းစီပြသရာတွင် မအေး အေးမိုးက တရားခံ စန်းလွင်နှင့် ညိမ်းမင်းတို့နှစ်ဦး စလုံးကို မှန်ကန်စွာဆွဲပြနိုင်ခဲ့ကြောင်းကိုလည်း ရုံး တော်က စိစစ်ခဲ့သည်။

ယခုအမှုတွင် မျက်မြင်သက်သေ မောင်ကြည်လှ နှင့် ဇနီးဖြစ်သူ မအေးအေးမိုးတို့၏ထွက်ဆိုချက် လူတန်းစီပြသရာတွင် တရားခံများကို မှန်ကန်စွာဆွဲပြ နိုင်သည့်အချက်၊ အချင်းဖြစ်ညက တရားခံများ ဒေါ်ခင်၏နေအိမ်သို့ ရောက်ရှိကြပြီး ပစ္စည်းများ ယူဆောင်ကာ ဒေါ်ခင်အား ဓားနှင့်ခုတ်သတ်သွား ကြောင်း၊ မုဒိမ်းကျင့်သည်ဆိုသောအချက်ကို လက်မခံ နိုင်စရာအကြောင်းမရှိကြောင်း၊ မအေးအေးမိုးအနေ ဖြင့် တရားခံများအပေါ် မဟုတ်မမှန်လုပ်ကြံစွပ်စွဲရန် လည်း အကြောင်းမရှိကြောင်း ရုံးတော်က ဆင်ခြင် သုံးသပ်ခဲ့သည်။

ဒေါက်တာ ချစ်ဖေက အလောင်းကို စစ်ဆေးနေ ချိန်တွင် ဒေါ်ခင်၏အလောင်းမှာ ပုပ်ပွနေခြင်း၊ မအေးအေးမိုး၏မိန်းမကိုယ်မှ အရည်ကို ၁၉၉၉ ခုနှစ် မေ ၈ ရက်တွင် ရယူခဲ့သည်ဟုဆိုသော်လည်း ဓာတု ဗေဒဝန်၏ ပြန်စာတွင် ၁၉၉၉ ခုနှစ် ဇွန် ၈ ရက် တွင်မှ လက်ခံရရှိသဖြင့် အချိန်ကြန့်ကြာခြင်းဖြစ်၍ သုက်ပိုးမတွေ့ခြင်းလည်းဖြစ်နိုင်ကြောင်း၊ ထို့ပြင် သေသူ ဒေါ်ခင်နှင့် မအေးအေးမိုးတို့ဝတ်ဆင်ထား သော ထဘီကို တရားခံများက ချွတ်ယူသွားသဖြင့် ၎င်းထဘီများတွင် သုက်ရည်သုက်ပိုးရှိ၊ မရှိ စစ်ဆေး နိုင်ခြင်းမရှိကြောင်း ရုံးတော်က စိစစ်ခဲ့သည်။

မည်သို့ပင်ဆိုစေ **ပါရဂူ၏ ထင်မြင်ချက်ကို အလေးပေး၍ စဉ်းစားရမည်မှာ မှန်သော်လည်း မျက်မြင်သက်သေတို့၏ အမှန်တကယ်မြင်တွေ့ခဲ့ရ သော ဖြစ်ရပ်မှန်ကို လွှမ်းမိုးခြင်းမပြုနိုင်ကြောင်း၊ မျက်မြင်သက်သေများ၏ထွက်ဆိုချက်မှာ စိတ်ချယုံကြည် ရပါက ပါရဂူ၏ထင်မြင်ချက်ကို ပယ်ရမည်သာဖြစ် ကြောင်း၊ သို့ဖြစ်၍ သုက်ပိုးမတွေ့ရကြောင်း ဓာတု ဗေဒဝန်က ပြန်ကြားခဲ့သော်လည်း ၎င်းပြန်ကြား ချက်မှာ မျက်မြင်သက်သေများ၏ ထွက်ဆိုချက်ကို လွှမ်းမိုးနိုင်မည်မဟုတ်ကြောင်း** ရုံးတော်က ဆင်ခြင် သုံးသပ်ခဲ့သည်။

တရားခံနှစ်ဦးသည် ထောင်ဒဏ်တစ်သက်တစ် ကျွန်း ချမှတ်ခြင်းခံထိုက်သော သေသူ ဒေါ်ခင်အား မုဒိမ်းမှုကို ကျူးလွန်ပြီး တစ်ချိန်တည်းမှာပင် ၁၀ နှစ် ထိ ထောင်ဒဏ်ချမှတ်ထိုက်သော လုယက်မှုကိုကျူး လွန်ကာ လူသတ်မှုကိုပါ ဆက်လက်ကျူးလွန်ခဲ့ကြ သဖြင့် အယူခံတရားလို စန်းလွင်နှင့် ညိမ်းမင်းတို့ကို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၃၉၄ အရ ပြစ်မှုထင်ရှား စီရင်ရန်အကြောင်းမရှိကြောင်း စိစစ်သုံးသပ်ခဲ့သည်။

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၃၀၂(၁)(ဂ)/၃၄ အရ ပြစ်မှုထင်ရှားစီရင်ရန်သာဖြစ်ရာ ထိုသို့ ပြစ်ဒဏ်စီရင် ရာတွင် သေသူ ဒေါ်ခင်အား မုဒိမ်းပြုကျင့်ခြင်းအတွက် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၃၇၆ အရ သီးခြားပြစ်ဒဏ် ပေးရန် လိုမည်မဟုတ်ကြောင်း **မောင်ထွန်းလွင်နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် စီရင်ထုံး ၁၉၈၈ ခုနှစ်၊ မ.တ.စ(ဗဟိုတရားရုံး) စာ-၂၄ ကို** ရည်ညွှန်းကိုးကားခဲ့သည်။

စန်းလွင်နှင့် ညိမ်းမင်းတို့သည် မအေးအေးမိုးကို မုဒိမ်းပြုကျင့်ကြသဖြင့် ၎င်းတို့နှစ်ဦးအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၃၇၆ အရ ပြစ်မှုထင်ရှားစီရင်ခြင်းမှာ မှားယွင်းမှုမရှိကြောင်း၊ ထို့ကြောင့် အယူခံတရားလို စန်းလွင်နှင့် ညိမ်းမင်းတို့အား ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ-၃၀၂(၁)(ဂ)/၃၄ အရ သေဒဏ်အသီးသီးကျခံ စေရန် ချမှတ်သောအမိန့်နှင့် မအေးအေးမိုးအား မုဒိမ်းပြုကျင့်မှုအတွက် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၃၇၆ အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်စီကျခံစေရန် ချမှတ်သောအမိန့်တို့ကို ဆက်လက်အတည်ပြုပြီး သေသူ ဒေါ်ခင်အား မုဒိမ်းပြုကျင့်မှုအတွက် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၃၇၆ အရ ထောင်ဒဏ် ၁၀ နှစ်စီ ချမှတ် ထားခြင်းကို ပယ်ဖျက်ကြောင်း အမိန့်ချမှတ်ခဲ့သည်။

အထက်ပါလမ်းညွှန်စီရင်ထုံးအရ ဓာတုဗေဒဝန် အပါအဝင် မှုခင်းဆိုင်ရာ ပါရဂူအသီးသီးတို့၏ ထွက် ဆိုချက်များကို အမှုစီရင်ဆုံးဖြတ်ရာတွင် အလေးပေး ၍ စဉ်းစားရမည်မှာမှန်သော်လည်း မျက်မြင်သက်သေ များ၏ အမှန်တကယ်မြင်တွေ့ခဲ့ရသော ဖြစ်ရပ်မှန် ကို လွှမ်းမိုးခြင်းမပြုနိုင်ကြောင်း၊ မျက်မြင်သက်သေ များ၏ထွက်ဆိုချက်မှာ စိတ်ချယုံကြည်ရပါက ပါရဂူ၏ ထင်မြင်ချက်ကို ပယ်ရမည်သာဖြစ်ကြောင်း သိရှိနိုင် ကြစေရန် စန်းလွင်ပါ-၂ နှင့် ပြည်ထောင်စုမြန်မာ နိုင်ငံတော် ၂၀၀၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာအထူးအယူခံမှု အမှတ်-၁၆ ကို ရည်ညွှန်းကိုးကားရေးသားတင်ပြ လိုက်ရပါသည်။

**❖ ပါရဂူ၏ထင်မြင်ချက်ကို အလေးပေး၍ စဉ်းစားရမည်မှာ မှန်သော်လည်း မျက်မြင်သက်သေတို့၏ အမှန်တကယ်မြင်တွေ့ခဲ့ရသော ဖြစ်ရပ်မှန်ကို လွှမ်းမိုးခြင်းမပြုနိုင်ကြောင်း၊ မျက်မြင်သက်သေများ၏ထွက်ဆိုချက်မှာ စိတ်ချယုံကြည်ရပါက ပါရဂူ၏ထင်မြင်ချက်ကို ပယ်ရမည်သာဖြစ်ကြောင်း၊ သို့ဖြစ်၍ သုက်ပိုးမတွေ့ရကြောင်း ဓာတုဗေဒဝန်က ပြန်ကြားခဲ့သော်လည်း ၎င်းပြန်ကြားချက်မှာ မျက်မြင်သက်သေများ၏ ထွက်ဆိုချက်ကို လွှမ်းမိုးနိုင်မည်မဟုတ်ကြောင်း ရုံးတော်က ဆင်ခြင်သုံးသပ်ခဲ့သည်။ ❖**

# နယူးဒေလီမြို့တွင် မီးခိုးငွေ့များပျံ့နှံ့နေသဖြင့် လေထုညစ်ညမ်းမှုပမာဏမြင့်တက်



**နယူးဒေလီ နိုဝင်ဘာ ၃၀**

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် နိုဝင်ဘာ ၂၉ ရက်မှစ၍ မီးခိုးငွေ့များပျံ့နှံ့နေသဖြင့် လေထုညစ်ညမ်းမှုပမာဏမြင့်တက်နေကြောင်း အိန္ဒိယလေထုသန့်စင်မှုစောင့်ကြည့်ရေးအဖွဲ့က ထုတ်ပြန်ခဲ့ကြောင်း NIE သတင်းဌာနက ယနေ့တွင် ဖော်ပြသွားခဲ့သည်။

နယူးဒေလီမြို့သည် ကမ္ဘာ့လေထုညစ်ညမ်းမှု အမြင့်မားဆုံးသော မြို့တော်များစာရင်းတွင် ပါဝင်နေပြီး ဆောင်းကာလတွင် လေထုညစ်ညမ်းမှုနှုန်း ပိုမိုမြင့်တက်ကြောင်းလည်း အိန္ဒိယလေထုသန့်စင်မှုစောင့်ကြည့်ရေးအဖွဲ့က ထုတ်ပြန်သွားခဲ့သည်။ ဆောင်းကာလတွင် အပူချိန်လျော့ကျပြီး လေတိုက်နှုန်းလည်းတည်ငြိမ်သည့်အတွက် ညစ်ညမ်းသည့်လေထုသည် မြေပြင်နှင့် နီးကပ်စွာပျံ့နှံ့လေ့ရှိသောကြောင့် ကျန်းမာရေးကို ပိုမိုထိခိုက်စေနိုင်သည့် အခြေအနေ ဖြစ်သည်။

“ဆောင်းကာလမှာ အပူချိန်လျော့ကျလာတယ်။ လေတိုက်နှုန်းတွေလဲ တည်ငြိမ်လာပြီးတော့ ညစ်ညမ်းတဲ့လေထုတွေဟာ မြေပြင်နဲ့ကပ်ပြီး ပျံ့နှံ့နေတယ်။ မီးခိုးငွေ့တွေဖုံးလွှမ်းနေပြီးတော့ လေထုညစ်ညမ်းမှုပမာဏကလဲ မြင့်တက်လာတယ်။ လေထုညစ်ညမ်းမှုပမာဏကို အချိန်ပြည့်စောင့်ကြည့်တိုင်းတာပေးနေပြီးတော့ အချိန်နဲ့တစ်ပြေးညီ ထုတ်ပြန်ပေးနေပါတယ်”ဟု အိန္ဒိယလေထုသန့်စင်မှုစောင့်ကြည့်ရေးအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

လေထုညစ်ညမ်းမှုသည် နယူးဒေလီမြို့အပြင် အိန္ဒိယနိုင်ငံမြောက်ဘက်ပိုင်းဧရိယာများတွင်လည်း ဖြစ်ပေါ်လာနိုင်သည့် အခြေအနေဖြစ်ကြောင်း အိန္ဒိယလေထုသန့်စင်မှု စောင့်ကြည့်ရေးအဖွဲ့က သတိပေးချက်ထုတ်ပြန်ခဲ့သည်။

**နိုင်းဆက်**


# အာဖရိကဦးချိုဒေသမှနိုင်ငံများ မိုးခေါင်ရေရှားမှုကြောင့် ငတ်မွတ်ခေါင်းပါးမှုနှင့် ရင်ဆိုင်ခဲ့ရ

**နယူးယောက် နိုဝင်ဘာ ၃၀**

အာဖရိကဦးချိုဒေသမှ နိုင်ငံများအနေဖြင့် မိုးခေါင်ရေရှားမှုကြောင့် မကြုံစဖူးအရေးပေါ်အခြေအနေနှင့်ကြုံနေကြရပြီး ငတ်မွတ်ခေါင်းပါးမှုနှင့်ရင်ဆိုင်ခဲ့ရကြောင်း ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာညှိနှိုင်းရေးမှူးရုံးက နိုဝင်ဘာ ၂၉ ရက်တွင် သတိပေး ပြောကြားကြောင်း ဆင်ဟွာသတင်းဌာနက ရေးသားဖော်ပြထားသည်။

အာဖရိက ဦးချိုဒေသတွင် ပဥ္စမမြောက်ရာသီဆက် မိုးခေါင်ရေရှားမှုနှင့်ကြုံတွေ့နေရပြီး ယခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလအတွင်းကျရောက်သော ပဥ္စမမြောက်ရာသီဆက်တွင်မိုးရွာသွန်းမှုမရှိသေးသဖြင့် လာမည့် ၂၀၂၃ ခုနှစ် မတ်လမှ မေလထိ ဆဋ္ဌမအကြိမ်မြောက် ရာသီဆက်မိုးခေါင်ရေရှားမှု ဖြစ်ပေါ်လာနိုင်ကြောင်း ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာညှိနှိုင်းရေးမှူးရုံးက သတိပေးပြောကြားခဲ့သည်။

၂၀၂၀ ပြည့်နှစ် အောက်တိုဘာလမှ ဒီဇင်ဘာလထိလည်းကောင်း၊ ၂၀၂၁ ခုနှစ် မတ်လမှ မေလထိလည်းကောင်း၊ ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလထိလည်းကောင်း၊ ယခုနှစ်မတ်လမှ မေလထိလည်းကောင်း၊ ယခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလထိလည်းကောင်း ငါးရာသီဆက် မိုးရွာသွန်းမှုသည် သမိုင်းတွင် မကြုံစဖူးပျမ်းမျှအောက် လျော့နည်းခဲ့ပြီး ဆိုမာလီးယားနိုင်ငံ တောင်ပိုင်း၊ အီသီယိုးပီးယားနိုင်ငံ အရှေ့တောင်ပိုင်းနှင့်မြောက်ပိုင်း၊ ကင်ညာနိုင်ငံ အရှေ့ပိုင်းတို့တွင် ရေရှားပါးမှု၊ သီးနှံပျက်စီးမှု၊ ငတ်မွတ်ခေါင်းပါးမှုနှင့် ရင်ဆိုင်ခဲ့ရကြောင်း၊ ယခုနှစ် မတ်လမှ မေလထိ မိုးရာသီသည် နှစ်ပေါင်း ၇၀ အတွင်း အာဖရိကဦးချိုဒေသ၏ အခြောက်သွေ့ဆုံး ရာသီအဖြစ်မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။



ဆက်လက်ဖြစ်ပေါ်နေသော မိုးခေါင်ရေရှားမှုသည် လူမှုအသိုင်းအဝိုင်းကို ထိခိုက်ပျက်စီးစေကြောင်း ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံးက သတိပေးထားပြီး အဆိုပါအခြေအနေကြောင့် အီသီယိုပီးယားနိုင်ငံတွင် လူ ၂၄ ဒသမ ၁ သန်း၊ ဆိုမာလီးယားနိုင်ငံတွင် ၇ ဒသမ ၈ သန်းနှင့် ကင်ညာနိုင်ငံတွင် ၄ ဒသမ ၅သန်းတို့ အပါအဝင် အာဖရိကဦးချိုဒေသတစ်ဝန်း အနည်းဆုံး လူ ၃၆ ဒသမ ၄ သန်းတို့ အပြင်းထန်ဆုံး မိုးခေါင်ရေရှားမှုဒဏ်ကို ခံစားရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

AZH

# ကနေဒါနိုင်ငံ ဆယ်ကစ်မြို့တွင် ရေဘေးအန္တရာယ်ကာကွယ်ရေး အတားအဆီးများတည်ဆောက်ရန် အမေရိကန်ဒေါ်လာ ၅ ဒသမ ၉ သန်း သုံးစွဲမည်

**အော့တဝါ နိုဝင်ဘာ ၃၀**

ကနေဒါနိုင်ငံ မန်နီတိုဘာပြည်နယ်ဆယ်ကစ်မြို့တွင် ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအစီအစဉ်များပြုလုပ်နေပြီး ရေဘေးအန္တရာယ်ကာကွယ်ရေး အတားအဆီးများ တည်ဆောက်သွားရန်အတွက် အမေရိကန်ဒေါ်လာ ၅ ဒသမ ၉ သန်း သုံးစွဲသွားမည်ဖြစ်ကြောင်း ဆယ်ကစ်မြို့တော်ဝန်ရုံးက ထုတ်ပြန်သွားခဲ့သည်ဟု Global News သတင်းဌာနက နိုဝင်ဘာ ၂၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အခြေခံအဆောက်အအုံများကိုတည်ဆောက်သွားမည်ဖြစ်ပြီး ငွေကြေးသုံးစွဲမှုအတွက် မန်နီတိုဘာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းထံမှ ခွင့်ပြုချက်ရထားပြီးဖြစ်ကြောင်းလည်း ဆယ်ကစ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။ ဆယ်ကစ်မြို့ရှိ စီးပွားရေးအဆောက်အအုံ၊ လမ်းမကြီးနှင့် အခြားအခြေခံအဆောက်အအုံများကို ရေဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်ရေးအတွက် ရေဘေးအန္တရာယ် ကာကွယ်ရေး အတားအဆီးများကို အမြန်ဆုံး တည်ဆောက်သွားမည်ဖြစ်ကြောင်းလည်း မြို့တော်ဝန် လာရီဂျိုဟန်ဆင်က ပြောကြားခဲ့သည်။

“ရာသီဥတု ဖောက်ပြန်မှုကြောင့် ကြီးမားတဲ့ရိုက်ခတ်မှုတွေ ဖြစ်ပေါ်လာနိုင်တယ်။ ရာသီဥတုဖောက်ပြန်ပြီး ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်လာရင် ပျက်စီးဆုံးရှုံးမှုတွေ မဖြစ်ရအောင် အတားအဆီးတွေ တည်ဆောက်သွားမယ်။ ဒေသခံတွေနဲ့ အခြေခံအဆောက်အအုံတွေအတွက် ရင်းနှီးမြှုပ်နှံမှုတွေ ပြုလုပ်ပေးသွားဖို့ လိုအပ်နေပါတယ်။ ဆယ်ကစ်မြို့ဟာ ရေကြီးရေလျှံမှုတွေ နှစ်စဉ်နှစ်တိုင်း ဖြစ်ပေါ်လေ့ရှိတဲ့ မြို့ဖြစ်တဲ့အတွက် ရင်းနှီးမြှုပ်နှံမှုပြုလုပ်သွားဖို့ ပြည်နယ်အာဏာပိုင်အဖွဲ့အစည်းထံ ခွင့်ပြုချက် တောင်းခံခဲ့တာဖြစ်ပါတယ်။ ပြည်နယ်အာဏာပိုင်အဖွဲ့အစည်းကလဲ ခွင့်ပြုလိုက်ပြီဖြစ်တဲ့အတွက် ရေဘေးအန္တရာယ် ကာကွယ်ရေး အတားအဆီးတွေကို အမြန်ဆုံး တည်ဆောက်သွားမှာဖြစ်ပါတယ်”ဟု ဆယ်ကစ်မြို့တော်ဝန် လာရီဂျိုဟန်ဆင်က ပြောကြားခဲ့သည်။

**နိုင်းဆက်**

# ဘရာဇီးနိုင်ငံတွင် အဝေးပြေးလမ်း မြေပြိုကျမှုကြောင့် ကား ၁၅ စီးဆုံးရှုံး

**ဘရာစီးလီးယား နိုဝင်ဘာ ၃၀**

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့ Parana ပြည်နယ် Guaratuba ခရိုင် BR 376 အဝေးပြေးလမ်းမကြီးတွင် နိုဝင်ဘာ ၂၉ ရက်ညက မြေပြိုမှုဖြစ်ပွားခဲ့ပြီး အနည်းဆုံး ကား ၁၅ စီး ပျက်စီးဆုံးရှုံးကာ ကယ်ဆယ်ရေးသမားများက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း teleSUR သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားကြောင်း သိရသည်။

ဘရာဇီးနိုင်ငံ Parana ပြည်နယ် Guaratuba ခရိုင် BR 376 အဝေးပြေးလမ်းမကြီးတွင် နိုဝင်ဘာ ၂၉ ရက်ညက မြေပြိုမှုဖြစ်ပွားခဲ့သဖြင့် ထရပ်ကားငါးစီးအပါအဝင် အနည်းဆုံး ကား ၁၅ စီး ပျက်စီးဆုံးရှုံးခဲ့ကာ လူတစ်ဦးသေဆုံးကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက အတည်ပြုပြောကြားခဲ့ပြီး ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နေဆဲဖြစ်ကြောင်း သိရသည်။

အဆိုပါဒေသတွင် နိုဝင်ဘာ ၂၉ ရက်က မိုးသည်းထန်စွာရွာသွန်းပြီးနောက် ညပိုင်းတွင် အဝေးပြေးလမ်းမပေါ်၌ မြေပြိုမှုဖြစ်ပွားခဲ့သဖြင့် Senta Catarina မီးသတ်ဌာနနှင့် အခြားကယ်ဆယ်ရေးအဖွဲ့များက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သော်လည်း မြေပြိုမှုအသစ်များ ထပ်မံဖြစ်ပေါ်နေသေးသဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ခေတ္တရပ်ဆိုင်းခဲ့ရပြီး ယနေ့နံနက်ပိုင်းတွင် ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

မြေပြိုမှုအတွင်း အနည်းဆုံး ကား ၁၅ စီး ပျက်စီးဆုံးရှုံးခဲ့ပြီး လူတစ်ဦးသေဆုံးကြောင်း ကနဦးသတင်းများအရ သိရသော်လည်း လူမည်မျှသေဆုံးသည်ကိုမူ တိတိကျကျ သတင်းထုတ်ပြန်နိုင်ခြင်းမရှိသေးကြောင်း သိရသည်။

အချင်းဖြစ်ပွားရာနေရာတွင် ဒေသဆိုင်ရာ စစ်ရဲများ၊ မီးသတ်သမားများနှင့် Parana မြို့ပြကာကွယ်ရေးအဖွဲ့များသည် အဝေးပြေးလမ်းရဲတပ်ဖွဲ့နှင့်အတူ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ဒေသတွင်းမီဒီယာများက ဖော်ပြခဲ့ပြီး မြေပြိုကျစဉ် အဝေးပြေးလမ်းမပေါ်တွင် ရောက်ရှိနေသော Guaratuba မြို့တော်ဝန် Robert Justus က အဖြစ်အပျက်နှင့်ပတ်သက်၍ မီဒီယာများကို အသေးစိတ်ရှင်းလင်းပြောပြခဲ့ကြောင်း သိရသည်။

AZH

# ဘရာဇီးရွေးကောက်ခံသမ္မတလူလာက အမေဇုန်သစ်တောကို ထိန်းသိမ်းကာကွယ်ရန်စီစဉ်နေ

**ဘရာစီးလီးယား နိုဝင်ဘာ ၃၀**

ဘရာဇီးရွေးကောက်ခံသမ္မတလူလာသည် သမ္မတတာဝန်ကို လွှဲပြောင်းထမ်းဆောင်တော့မည်ဖြစ်ပြီး သမ္မတတာဝန်ကို လွှဲပြောင်းလက်ခံပြီးပါက ပထမဦးဆုံး လုပ်ဆောင်ချက်အနေဖြင့် မဲဆွယ်ကာလတွင် ပြည်သူလူထုအား ကတိပေးထားသည့်အတိုင်း အမေဇုန်သစ်တောကို ထိန်းသိမ်းကာကွယ်သွားရန်စီစဉ်နေကြောင်း သမ္မတအကြံပေးအဖွဲ့မှ သိရသည်။

အမေဇုန်သစ်တောထိန်းသိမ်းကာကွယ်ရေးအတွက်သမ္မတလူလာက အမေဇုန်သစ်တော ထိန်းသိမ်းကာကွယ်ရေးရန်ပုံငွေ ထူထောင်သွားမည်ဖြစ်ကာ ရန်ပုံငွေထူထောင်ရေးတွင် အင်အားကြီးနိုင်ငံများဖြစ်ပြီး ဘရာဇီးနိုင်ငံနှင့် ဆက်ဆံရေးကောင်းများရှိနေသည့် ပြင်သစ်၊ အမေရိကန်နိုင်ငံ၊ ဗြိတိန်နိုင်ငံတို့ကို ရန်ပုံငွေထည့်ဝင်လှူဒါန်းရန် ဖိတ်ကြားခဲ့ကြောင်း ဘရာဇီးသမ္မတလူလာ၏ အကြံပေးအဖွဲ့က ထုတ်ပြန်ခဲ့သည်ဟု SBS သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြသွားခဲ့သည်။

သမ္မတလူလာ၏အကြံပေးအဖွဲ့မှထုတ်ပြန်ချက်အရ သမ္မတလူလာသည် အမေဇုန်သစ်တောထိန်းသိမ်းကာကွယ်ရေး ရန်ပုံငွေအတွက် ဆွစ်ဇာလန်နိုင်ငံ၊ ကနေဒါနိုင်ငံတို့ကိုလည်း ရန်ပုံငွေတွင်ထည့်ဝင်လှူဒါန်းရန် ဖိတ်ကြားထားကြောင်း သိရသည်။

“ရွေးကောက်ပွဲမှာ အနိုင်ရခဲ့တဲ့ သမ္မတလူလာဟာ ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှာ သမ္မတတာဝန်ကို တရားဝင်လွှဲပြောင်းလက်ခံသွားမှာဖြစ်ပြီးတော့ သမ္မတတာဝန်ကို လက်ခံပြီးတာနဲ့ အမေဇုန်သစ်တောကို ထိန်းသိမ်းသွားဖို့အရေး ဦးစားပေးဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အမေဇုန်သစ်တောဟာ တစ်ကမ္ဘာလုံးရဲ့ ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးနဲ့ သက်ဆိုင်တဲ့အတွက် အင်အားကြီးနိုင်ငံတချို့ထံ ရန်ပုံငွေအတွက် အလှူငွေထည့်ဝင်ဖို့လဲ တိုက်တွန်းထားပါတယ်”ဟု သမ္မတအကြံပေးအဖွဲ့တွင် ဆက်လက်တာဝန်ထမ်းဆောင်မည့် မာရီနာဆေးလ်ဗားက ပြောကြားခဲ့သည်။

**နိုင်းဆက်**

# မြစ်ရောနဒီ ရစ်ခွေကာသီ အမိမြေမြန်မာပြည်(၁)

## ကိုကိုပံသု(ပခုက္ကူတက္ကသိုလ်)

**"အမိမြေရဲ့မြောက်ဖျားမှာ၊ မလိခမေခပေါင်းဆုံကာ၊ မြစ်ကြီးရောဖြစ်ပေါ်လာ၊ မြစ်နဒီရော ရစ်ခွေသီကာ၊ တည်ရှိနေတာအမိမြေမှာ၊ အမိမြေ၏ အဓိပတိ၊ မရှိမဖြစ် ကျေးဇူးရှင်။"**

စာရေးသူရဲ့ မနောဘဝင်ကို ထိခိုက်စေတဲ့ ကိုကိုဇော်(ဘူမိ)ရဲ့ ရင်တွင်းဖြစ်ကဗျာလေးတစ်ပုဒ်ရဲ့ အစပိုဒ်တွေပါ။ ကိုကိုဇော်ဟာ အမိမြေကို မြတ်နိုးတွယ်တာတယ်။ အမိမြေကိုချစ်သလို အမိမြေပေါ်က သယံဇာတများလှတွေ့တွေ ရေ၊ လေ၊ မြေထု အစုစုကိုလဲ တန်ဖိုးထားတတ်သူဖြစ်ပါတယ်။

အမိမြေရဲ့ မြေမျက်နှာသွင်ပြင်၊ တောင်ကုန်းတောင်တန်း အုံ့မခန်းစွာ လှပနေတဲ့အရာတွေ၊ မြောက်ဖျားမှသည် တောင်ပိုင်းဆီသို့ဦးတည်လျက် စဉ်ဆက်မပြတ်စီးဆင်းနေတဲ့ မြစ်ကြီး၊ မြစ်ငယ် အသွယ်သွယ်တွေ၊ ဝေးသီမြင့်ခေါင် အလှဆောင်နေတဲ့ တောင်ကုန်းတောင်မြင့် တောင်အဆင့်ဆင့်တွေ၊ ဘော်ငွေလွှာ အနားသတ်တဲ့ ကမ်းစပ်ပင်လယ်ပြင်တွေ၊ ဖြူလွှလွှသဲသောင်ပြင်ပေါ်က အရောင်အသွေးစုံတဲ့ ခရုလေးတွေ၊ အရောင်အသွေးမစုံသော်လဲ အတိတ်ဘူမိသမိုင်းကြောင်းကို တစေ့တစောင်းပြန်ပြောင်းပြောပြ တအားလှနေတဲ့ရှမ်းရိုးမပေါ်က တစ်ချိန်တုန်းဆီက ပူနွေးတဲ့ပင်လယ်ရေတိမ်မှာ ကျက်စားခဲ့ကြတဲ့ သန္တာကောင် ကျောက်ဖြစ်ရုပ်ကြွင်းလေးတွေကိုတော့ အမြဲသတိရတသသလွမ်းဆွတ်နေသူတစ်ယောက်လဲ ဖြစ်ပါတယ်။

စာရေးသူနဲ့ကဗျာဆရာ ကိုကိုဇော်တို့ဟာ ခင်မင်ရင်းနှီးကြသူတွေဆိုတော့ မကြာခဏတွေ့ဆုံကြ၊ ဗဟုသုတဖလှယ်ကြ၊ ထူးခြားဆန်းကြယ် ဘူမိနယ်ပယ်က အကြောင်းအရာတွေကို ဆွေးနွေးကြနဲ့ မိမိတို့ရဲ့ ဘဝကို ရှင်သန်နေကြသူတွေပါ။ တစ်နေ့တုန်းဆီက သူနဲ့ကျွန်တော် ဆွေးနွေးဖြစ်ကြတဲ့ ရောဝတီမြတ်မိခင်၊ တကယ့်စွမ်းအားရှင်ရဲ့အကြောင်းကို စာရေးသူမှတ်မိသမျှတင်ပြလိုက်ပါတယ်။

နှစ်ပေါင်းများစွာ ကာလအတော်ကြာသည်ထိ ကမ္ဘာအသိဖြစ်နေခဲ့တဲ့ အမိရောဝတီဟာ အမိမြန်မာပြည်မှာ ရှိနေတာပါ။ အမိမြေရဲ့မြောက်ဖျားကနေ စတင်ခဲ့ပြီး အမိမြေထဲမှာပဲ အဆုံးသတ်ခဲ့တာဆိုတော့ မြန်မာတို့ရဲ့မြေပေါ်က မြန်မာတို့ရဲ့ရေ၊ မြန်မာတို့ရဲ့ အမေလို့ တင်စားခဲ့ကြတာပါ။

အဲဒီတော့ဗျာ ရောဝတီဟာ စာရေးသူတို့ အားလုံးရဲ့ မရှိမဖြစ်မြတ်မိခင် အသက်ရှင်ရပ်တည်နေဖို့ အသက်သွေးကြောပမာရှိနေတာပါ။ တိုင်းပြည်တစ်ဝန်း ဖွံ့ဖြိုးစည်ပင်စေဖို့၊ စပါးဆန်ရေကြွယ်ဝစေဖို့၊ စီးပွားဥစ္စာတိုးတက်စေဖို့၊ ကူးသန်းသွားလာ လွယ်ကူစေဖို့ရာမှာပဲဖြစ်ဖြစ်၊ ဩဇာထက်မြက် မြေဆီတက်နေတဲ့ မြစ်ဝကျွန်းပေါ်ဒေသတွေ၊ သဘာဝနုန်းတာတွေ၊ ရေလယ်ကျွန်းလို့အများခေါ်ကြတဲ့ နုန်းတင်မြေနုတွေကို ဖန်ဆင်းပေးရာမှာလဲ အဓိကနေရာမှာ အမိရောရှိနေတာကို သိကြမှာပါ။

ရောဝတီဆိုသည်မှာ ပါဠိစကားနှစ်လုံးဖြစ်တဲ့ ရော=ကြီးမားသော နှင့် ဝတီ=မြစ် ဆိုသောဝေါဟာရနှစ်လုံးကို ပေါင်းစပ်ပြီးဖြစ်ပေါ်လာတာပါ။ အရိုးရှင်းဆုံးဘာသာပြန်ရရင်တော့ ကြီးသောမြစ်(မြစ်ကြီး)လို့ အဓိပ္ပာယ်ရပါတယ်။ တင်စားလို့ပြောပြရရင်တော့ ခွန်အားကြီးသောမြစ်၊ ရှည်လျားသောမြစ်၊ မြန်မာပြည်ထဲမှာ မြစ်ဖျားခံပြီး အမိမြန်မာရဲ့ ပင်လယ်ပိုင်နက် ဘင်္ဂလားပင်လယ်ထဲကို စီးဆင်းဝင်ရောက်စတင်ကာ မြစ်ကြီးရောဝတီဆိုတာ ဖြစ်ပေါ်ခဲ့တာပါ။ မြစ်နှစ်မြွာဆုံရာ မြစ်ဆုံနေရာကတော့ မြစ်ကြီးနားမြို့ရဲ့ မြောက်ဘက် မိုင် ၃၀ လောက်အကွာမှာဖြစ်ပါတယ်။ ဗန်းမော်မြို့ရဲ့ မြောက်ဘက် မိုင် ၁၅၀ လောက်အကွာမှာဖြစ်ပါတယ်။

အဓိကမြစ်မြွာဖြစ်တဲ့ မလိခစတင်ခဲ့တဲ့နေရာကတော့ ပူတာအိုမြောက်ဘက်မှာရှိနေတဲ့ ရေခဲများ ဖုံးလွှမ်းနေတဲ့ အလွန်မြင့်မားလှတဲ့ တိလကုန်းမြင့်မှာဖြစ်ပါတယ်။ အမြင့်ပေပေါင်း ၁၅၀၀၀ ကျော်ထိ မြင့်မားတဲ့ တောင်ထိပ်ပေါ်ကအစပြုကာ စီးဆင်းလာတဲ့ လန်ဂွီလရေခဲမြစ်ကစတင်ခဲ့တာပါ။ အဆိုပါ ရေခဲမြစ်ကြီးစတင်ခဲ့တဲ့ ရေဝေဒေသကြီးဟာ ဧရိယာ စတုရန်းမိုင်ပေါင်း ၄၅၀ လောက်ရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဖော်ပြပါ တိလကုန်းမြင့်ကြီးဟာ ကက်ရှ်မီးယားနဲ့ ပန်ဂျပ်ပြည်နယ်များမှာရှိနေတဲ့ ဟိမဝန္တာတောင်စွယ်များနဲ့ အမြင့်ပေအားဖြင့် တူညီလုနီးပါးရှိနေတာကို တွေ့ရပါတယ်။

အဆိုပါ ရေခဲမြစ်ကြီးဟာ ဆောင်းရာသီမှာ ဆီးနှင်းတွေ ထူထပ်စွာကျရောက်ပြီး ရေခဲတွေဖုံးလွှမ်းနေတဲ့ ကျယ်ပြန့်တဲ့ရေခဲမြစ်ကြီးဖြစ်ပါတယ်။ အမြင့်ပေ ၁၅၀၀၀ ကစတင်ပြီး ပေ ၆၅၀၀ ထိ ရေခဲတွေ ပြင်လိုက်ကြီး ရွေ့လျားနေတဲ့ရေခဲမြစ်ကြီးပါ။ ပြေ၊ မေလတို့မှာပင် နှင်းကြွင်းတွေကျန်ရှိနေဆဲဆိုတော့ ဖြူဖွေးလှပရေခဲတုံးအစအနတွေ ဖုံးနေသေးတာကြောင့် လှပသာယာဂလေစီယာလို့သာ တင်စားခေါ်ဆိုကြပါတယ်။

**❖ လူသားအားလုံးအတွက် အကျိုးစီးပွားကို ဖန်တီးပေးနေသလို သဘာဝအလှအပတွေကို ခံစားကြစေဖို့၊ စံစားကြစေဖို့ကိုလဲ အမိရောက ဖန်တီးပေးနေတာပါ။ အမိရောဝတီဟာ မြန်မာပြည်မြောက်ဖျားမှသည် တောင်ဖျားဆုံး ပင်လယ်ထိတိုင် မိုင်ပေါင်း ၁၂၅၀ လောက် သွယ်လျားနေပါတယ်။ မြန်မာပြည်အလယ်ပိုင်းက မြေနိမ့်လွင်ပြင်ကို ဖြတ်သန်းလို့ ပင်လယ်ထဲကို စီးဝင်ခဲ့တာပါ။ အမိမြေမှာအစပြုလို့ အမိမြေမှာပဲ အဆုံးသတ်တဲ့ မြန်မာတို့ပိုင်နက်၊ မြန်မာတို့၏ နယ်ပယ်မှာရှိနေတဲ့ မြန်မာတို့ပိုင်တဲ့ မြစ်ကြီးရောဝတီပါ။ ❖**

အဆုံးသတ်တဲ့မြစ်လို့ ပြောရပါတော့မယ်။ မြန်မာပြည်အလယ်ပိုင်း မြေနိမ့်လွင်ပြင်ကို ဖြတ်သန်းစီးဆင်းလို့ အမိမြေရဲ့အသက်သွေးကြောလို့ တင်စားကြတဲ့ မြစ်ကြီးတစ်ခုဖြစ်ပါတယ်။

မြစ်ကြီးရောဝတီဟာ မြန်မာပြည်မြောက်ဖျားမှာ မေခနဲ့မလိခမြစ်နှစ်မြွာပေါင်းဆုံကာ ဖြစ်ပေါ်လာခဲ့တာပါ။ ဂျိန်းဖောတို့ရဲ့အဆိုအရပြောရရင် "မလိခ" ဆိုတာ မြစ်ကြီးလို့ အဓိပ္ပာယ်ရပြီး "မေခ"ဆိုတာကတော့ မြစ်ဆိုးလို့ အဓိပ္ပာယ်ရပါတယ်။မြန်မာတို့ကဆီလျော်အောင် ဘာသာပြန်ထားတာကတော့ မလိခ (မြစ်ကြီး) နဲ့ မေခ(မြစ်ငယ်)ဆိုတဲ့ မြစ်နှစ်သွယ်ပေါင်းဆုံရာက

ကျွန်ုပ်တို့ရဲ့ခန္ဓာကိုယ်ကြီး ရှင်သန်လှုပ်ရှားနေဖို့၊ အသက်ရှင်ရပ်တည်နေဖို့၊ သန့်စွမ်းကျန်းမာနေဖို့၊ ရွှင်လန်းဝမ်းသာရှိနေကြစေဖို့ သွေးကြောတွေဟာ အဓိကပါ။ နှလုံးကနေပို့လွှတ်လိုက်တဲ့သွေးတွေဟာ သွေးကြောမျှင်တွေကတစ်ဆင့် ကိုယ်ခန္ဓာအနှံ့ပျံ့နှံ့စီးဆင်းနေမှသာ ဤခန္ဓာကိုယ်ကြီးဟာ တည်မြဲနေမှာပါ။ သွေးကြောတွေဟာ ခန္ဓာကိုယ်အတွက် အဓိကဖြစ်သလို အမိမြန်မာဝေဆာဖွံ့ဖြိုးစေဖို့အတွက် အဓိကဖြစ်တာမြစ်ရောပါ။ ဒါကြောင့် အမိမြန်မာရဲ့ အသက်သွေးကြောလို့ တင်စားကြတာ လွန်မယ်မထင်ပါ။ အမိမြန်မာပြည်စည်ပင်ဝပြော စပါးဆန်ရေပေါများစေဖို့၊ ကူးသန်းသွားလာလွယ်ကူစေဖို့၊ မြေသယံဇာတ၊ ရေသယံဇာတများလှတွေ့တွေ ထုတ်ယူစေဖို့၊ စားသုံးကြစေဖို့ အမိရောက ပေးအပ်နေတာကို သတိထားကြစေလိုပါတယ်။

လူသားအားလုံးအတွက် အကျိုးစီးပွားကို ဖန်တီးပေးနေသလို သဘာဝအလှအပတွေကို ခံစားကြစေဖို့၊ စံစားကြစေဖို့ကိုလဲ အမိရောက ဖန်တီးပေးနေတာပါ။ အမိရောဝတီဟာ မြန်မာပြည်မြောက်ဖျားမှသည် တောင်ဖျားဆုံး ပင်လယ်ထိတိုင် မိုင်ပေါင်း ၁၂၅၀ လောက် သွယ်လျားနေပါတယ်။ မြန်မာပြည်အလယ်ပိုင်းက မြေနိမ့်လွင်ပြင်ကို ဖြတ်သန်းလို့ ပင်လယ်ထဲကို စီးဝင်ခဲ့တာပါ။ အမိမြေမှာအစပြုလို့ အမိမြေမှာပဲ အဆုံးသတ်တဲ့ မြန်မာတို့ပိုင်နက်၊ မြန်မာတို့၏ နယ်ပယ်မှာရှိနေတဲ့မြန်မာတို့ပိုင်တဲ့ မြစ်ကြီးရောဝတီပါ။

ဝေးသီမြင့်ခေါင် တောင်ပေါ်တောင်တန်းတောင်ခါးပန်းတွေကနေ ကွေ့ကွေ့ကောက်ကောက်ခက်ခက်ခဲခဲ ဖြတ်သန်းစီးဆင်းခဲ့ရတာပါ။ ရေတံခွန်တွေ ရေမှော်တွေ၊ တောင်ကြားတွေကို ဖြတ်သန်းခဲ့ရလေတော့ လှပတဲ့ရှုမျှော်ခင်းတွေ၊ ကုန်းမြင့်တောင်စွယ်နဲ့ ချိုင့်ဝှမ်းလျှိုမြောင်တွေကို ဖြတ်သန်းရတဲ့အခါ အားမာန်အပြည့်နဲ့ တိုက်စားခဲ့ရလေတော့ လှပတဲ့ မြစ်ကျဉ်းတွေကိုလဲ ဖန်တီးပေးခဲ့ပါတယ်။ မြေပြန့်ပိုင်းကိုရောက်တော့ ရေစီးအားနှေးသွားပြီး သဲသောင်ခုံတွေ၊ မြစ်ကျိုးအင်း၊ သဘာဝနုန်းတာနဲ့ မြစ်ပြုဆင့်တွေကို ဖန်တီးပေးနေတာက သဘာဝကို ပို၍ပို၍ လှပစေပါတယ်ဗျာ။

**ကိုးကား**

- **ညီညီ၊ ၁၉၆၇၊ မြန်မာ့မြေမျက်နှာသွင်ပြင်၊ ဘူမိဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်**
- **ဦးသိန်း၊ ၂၀၁၈၊ ခွန်အားကြီးမားသော ရောဝတီ၊ဘူမိဗေဒဌာန၊ မန္တလေးတက္ကသိုလ်။**

# နောင်ချိုမြို့နယ် နောင်ဖာကျေးရွာ၌ VDP စီမံကိန်းဖြင့် ကျေးရွာဘက်စုံသုံးခန်းမတည်ဆောက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**နောင်ချို နိုဝင်ဘာ ၃၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း)ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ပံ့ပိုးရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေတို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် နောင်ချိုမြို့နယ် နောင်ဖာကျေးရွာ၌ ကျေးရွာဘက်စုံသုံးခန်းမတည်ဆောက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက် ၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစောမြင့်ထွန်း၊ ခရိုင်နှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တာဝန်ရှိသူများ၊ မြို့နယ်ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ နောင်ဖာကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေတို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော ကျေးရွာဘက်စုံသုံးခန်းမ တည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဦးစီးမှူးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

အဆိုပါ ကျေးရွာဘက်စုံသုံးခန်းမ အလျား ပေ ၄၀၊ အနံ ပေ ၃၀၊ အမြင့် ၁၂ ပေ တည်ဆောက်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၀၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၈၄ သိန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများက နည်းပညာပံ့ပိုးပြီး အနီးကပ်ကြီးကြပ်ကာ ကျေးရွာသူကျေးရွာသားများကိုယ်တိုင် ငွေလိုင်လဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစောမြင့်ထွန်းက ပြောပြ၍ သိရသည်။

**နိုလာ**



# စစ်သည်အစားခန့်ဝန်ထမ်းများခေါ်ယူခြင်း

၁။ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်များနှင့် နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲများတွင် အောက်ဖော်ပြပါရာထူးများ၌ စစ်သည်အစားခန့်ဝန်ထမ်းများ ခန့်အပ်တာဝန်ပေးအပ်ရန် လိုအပ်လျက်ရှိပါသည်-

(က) ဂီတ(ဆိုင်းဝိုင်း)အဆို/အတီး(အမျိုးသား/အမျိုးသမီး)

(ခ) ဂီတ(ခေတ်ပေါ်)အဆို/အတီး(အမျိုးသား/အမျိုးသမီး)

(ဂ) ဇာတ်ဆောင်(ကဇာတ်)/ကဇာတ်(အမျိုးသား/အမျိုးသမီး)

(ဃ) ဂီတတီးမှုတ်သူ/ဂီတ(အမျိုးသား/အမျိုးသမီး)

၂။ အထက်ဖော်ပြပါရာထူးများအတွက် လိုအပ်သည့်အရည်အချင်းများမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုမြန်မာနိုင်ငံသား တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူဖြစ်ရမည်။

(ခ) ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်တွင် အသက် ၂၅ နှစ်မကျော်စေရ၊ အိမ်ထောင်မရှိဖူးသူ လူပျို/အပျိုဖြစ်ရမည်။ (မှတ်ချက်-အဆို၊ အကပညာရပ်များနှင့် ခေတ်ပေါ်တီးဝိုင်း၊ မြန်မာဆိုင်းဝိုင်းမှ တူရိယာတစ်မျိုးမျိုးတို့အား ကျွမ်းကျင်တတ်မြောက်သူဖြစ်ပါက အသက် ၃၀ နှစ်ထက်မကျော်ရ။)

(ဂ) စစ်မှုထမ်းနှင့် စစ်သည်အစားခန့်ဝန်ထမ်းများအတွက် အနည်းဆုံးပညာအရည်အချင်းလိုအပ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) **ဂီတ(ဆိုင်းဝိုင်း)၊ ဂီတ(ခေတ်ပေါ်)နှင့် ဂီတတီးမှုတ်သူ/ဂီတ**။ စနစ်ဟောင်းပညာရေး ဆဋ္ဌမတန်းအောင် သို့မဟုတ် စနစ်သစ်ပညာရေး Grade-7 အောင်မြင်သော ပန်တျာကျောင်းဆင်းများ သို့မဟုတ် စနစ်ဟောင်းပညာရေး ဆဋ္ဌမတန်းအောင် သို့မဟုတ် စနစ်သစ်ပညာရေး Grade-7 အောင်မြင်ပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ဤရုံးကွပ်ကဲမှုအောက်တပ်များမှ ပညာရှင်များပါဝင်သော ဘုတ်အဖွဲ့တစ်ခုခုဖြင့် စိစစ်ရာတွင် တူရိယာပစ္စည်းတစ်မျိုးအား သာမန်အဆင့်အထက် တီးမှုတ်နိုင်သူဖြစ်ရမည် သို့မဟုတ် ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးမှ သတ်မှတ်ထားသော စာမေးပွဲ သို့မဟုတ် ဘုတ်အဖွဲ့ဖြင့် ကျွမ်းကျင်မှုစစ်ဆေးခြင်းကိုအောင်မြင်ရမည်။

(၂) **ဇာတ်ဆောင်(ကဇာတ်)/ကဇာတ်**။ စနစ်ဟောင်းပညာရေး အဋ္ဌမတန်းအောင် သို့မဟုတ် စနစ်သစ်ပညာရေး Grade-9 အောင်မြင်သော ပန်တျာကျောင်းဆင်းများ သို့မဟုတ် စနစ်ဟောင်းပညာရေး အဋ္ဌမတန်းအောင် သို့မဟုတ် စနစ်သစ်ပညာရေး Grade-9 အောင်မြင်ပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ဤရုံးကွပ်ကဲမှုအောက်တပ်များမှပါဝင်သော ဘုတ်အဖွဲ့တစ်ခုခုဖြင့် စိစစ်ရွေးချယ်ထားသူဖြစ်ရမည် သို့မဟုတ် ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးမှ သတ်မှတ်ထားသော စာမေးပွဲကိုအောင်မြင်ရမည်။

(ဃ) အနည်းဆုံး ၅ နှစ် အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။ လိုအပ်ပါက စစ်သည်/စစ်သမီးအဖြစ်တာဝန်ထမ်းဆောင်နိုင်ရမည်။ (စာချုပ်ချုပ်ဆိုဆောင်ရွက်ပါမည်။)

(င) လျှောက်ထားသူနှင့် မိဘညီအစ်ကိုမောင်နှမများအားလုံးအနေဖြင့် ပြစ်မှုကင်းရှင်းရမည့်အပြင် ပါတီနိုင်ငံရေးကင်းရှင်းသူများဖြစ်ရမည်။

(စ) နေရာဒေသမရွေးတာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(ဆ) ရေးဖြေနှင့် နှုတ်ဖြေစာမေးပွဲဖြေဆိုအောင်မြင်ရမည်။

(ဇ) ကျန်းမာရေးဆေးစစ်မှုအောင်မြင်ရမည်။

၃။ အောက်ဖော်ပြပါရာထူးအသီးသီးအတွက် လိုအပ်သည့်အရည်အချင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **ဂီတ(ဆိုင်းဝိုင်း)နှင့် ဂီတတီးမှုတ်သူ/ဂီတ**။ အောက်ပါတို့ကို တတ်သိနားလည်ရမည်-

(၁) သံစဉ်ရှိ သံမှန် ၅ ပေါက်/၆ ပေါက် စသည့်အသံများကိုခွဲခြားသိရမည်။

(၂) မြန်မာနရီစည်း၊ ဝါးလတ်စည်း၊ ကရောင်းစည်း စသဖြင့်ခွဲခြားသိရှိ၍ စည်းဝါးလိုက်နိုင်ရမည်။

(၃) တူရိယာတစ်ခုခုကို တေးသွားရိုးရိုးပေါ်အောင် တီးတတ်ရမည် သို့မဟုတ် အဆိုဘက်တွင် ဆိုမှုအသံကောင်းမွန်ရမည်။

(၄) ဂီတသင်္ကေတတစ်ကြောင်းသွားကိုဖတ်တတ်ပြီး တီးတတ် သို့မဟုတ် ဆိုတတ်ရမည်။

(ခ) **ဂီတ(ခေတ်ပေါ်)**။ အောက်ပါတို့ကို တတ်သိနားလည်ရမည်-

(၁) တေးသီချင်းသံစဉ်အသံများကို ခွဲခြားသိရှိရမည်။

(၂) အခြေခံဂီတသင်္ကေတများကိုဖတ်တတ်ပြီး တီးတတ်/ဆိုတတ်ရမည်။

(၃) တူရိယာတစ်ခုခုကို တေးသွားပေါ်အောင်ဆိုတတ်ရမည်။

(ဂ) **ဇာတ်ဆောင်(ကဇာတ်)/ကဇာတ်**။ အောက်ပါတို့ကို တတ်သိနားလည်ရမည်-

(၁) ဇာတ်သီချင်းများ၊ ဇာတ်စကားများ စသည်တို့ကို လွယ်လွယ်နှင့်ကျက်မှတ်နိုင်ရမည်။

(၂) စည်းကိုက်၊ ဝါးကိုက် သီချင်းဆိုတတ်ရမည်။

(၃) အပြောသွက်လက်၍ သဏ္ဌာန်လုပ်သရုပ်ပေါ်အောင် ပြောဆိုအမူအရာထားတတ်ရမည်။

(၄) ခေါင်း၊ ခါး၊ ခြေ၊ လက် အချိုးကျပြေပြစ်စွာကနိုင်ရမည်၊ အနည်းဆုံး ကဗျာလွတ်အက ၇ မျိုးကပြနိုင်ရမည်။

၄။ နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲများတွင် တာဝန်ပေးအပ်ခြင်းခံရပါက နှစ်စဉ်ပြည်တွင်းရှိနေရာဒေသအသီးသီးသို့ လှည့်လည်ဖျော်ဖြေရသော ဖျော်ဖြေရေးအဖွဲ့များနှင့်လိုက်ပါခရီးသွားနိုင်သူဖြစ်ရမည်။

၅။ စစ်သည်အစားခန့်ဝန်ထမ်းများအဖြစ် ခန့်အပ်ခွင့်ရရှိပြီးသူများသည် အောက်ဖော်ပြပါ အကျိုးခံစားခွင့်များရရှိမည်-

(က) ဘွဲ့ရစစ်သည်အစားခန့်ဝန်ထမ်းများအနေဖြင့် တပ်ကြပ်ကြီး(အစားခန့်)အဆင့်မှ စတင်ခန့်အပ်၍ အခြေခံလစာ ၁၉၈,၀၀၀ ကျပ်ရရှိမည်ဖြစ်ပြီး ၂ နှစ်လျှင် ၁ ကြိမ်၊ နှစ်တိုးလစာ ၂,၀၀၀ ကျပ်နှုန်းဖြင့် ၅ ကြိမ်ခံစားခွင့်ရှိမည်။

(ခ) ဘွဲ့မရရှိသော စစ်သည်အစားခန့်ဝန်ထမ်းများအနေဖြင့် တပ်ကြပ်(အစားခန့်)အဆင့်မှ စတင်ခန့်အပ်၍ အခြေခံလစာ ၁၈၀,၀၀၀ ကျပ်ရရှိမည်ဖြစ်ပြီး ၂ နှစ်လျှင် ၁ ကြိမ်၊ နှစ်တိုးလစာ ၂,၀၀၀ ကျပ်နှုန်းဖြင့် ၅ ကြိမ်ခံစားခွင့်ရှိမည်။

(ဂ) တာဝန်ထမ်းဆောင်ရမည့်တပ်တွင်နေထိုင်ရန် အဆောက်အဦနှင့် ရေ/မီးစီစဉ်ပေးမည်။

(ဃ) ကျန်းမာရေးနှင့်ပတ်သက်၍ နီးစပ်ရာတပ်မတော်ဆေးရုံများတွင် အခမဲ့ဆေးကုသခွင့်ရှိသည်။

(င) တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများဖြစ်ပါက တာဝန်ထမ်းဆောင်စဉ်အတွင်း ဘွဲ့ရရှိနိုင်ရေးအတွက် အဝေးသင်တက္ကသိုလ်တက်ရောက်နိုင်ရန်ခွင့်ပြုပေးမည်။

(စ) တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း အခြားသောအနုပညာဘာသာရပ်များ တိုးတက်မြင့်မားစေရေးအတွက် ကျွမ်းကျင်နည်းပြများနှင့်ထပ်မံ၍ စနစ်တကျ သင်ကြားလေ့ကျင့်ပေးမည်။

၆။ လျှောက်ထားလိုသူများအနေဖြင့် အမှတ်(၁)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် (မှော်ဘီမြို့၊ ရန်ကုန်မြို့)၊ အမှတ်(၂)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် (တောင်ညို၊ နေပြည်တော်)၊ အမှတ်(၁)နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲ(ရဲမွန်တပ်မြို့၊ ရန်ကုန်မြို့)၊ အမှတ်(၂)နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲ(အင်းတိုင်၊ ရန်ကုန်မြို့)၊ အမှတ်(၃) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲ (မန္တလေးမြို့)နှင့် အမှတ်(၄)နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲ(ရွှေညောင်မြို့)များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ အောက်ပါစာရွက်စာတမ်း ၂ စုံစီအား ၂၆-၁၂-၂၀၂၂ ရက်အရောက် ပေးပို့လျှောက်ထားရန်နှင့် လူတွေ့စစ်ဆေးမည့်ရက်/အချိန်/နေရာတို့ကို ထပ်မံအကြောင်းကြားသွားမည်ဖြစ်သည်-

(က) ကိုယ်တိုင်ရေးလျှောက်လွှာ

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ

(ဂ) အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူ

(ဃ) အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် မြို့နယ်/ရပ်ကွက်အတွင်းနေထိုင်ကြောင်း ထောက်ခံချက်

(င) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်းထောက်ခံချက်

(စ) ပညာအရည်အချင်းအတွက် ဘွဲ့ရရှိသူများအနေဖြင့် ဘွဲ့လက်မှတ်/ ဘွဲ့ထောက်ခံစာမိတ္တူနှင့် ဘွဲ့မရရှိသူများအနေဖြင့် သက်ဆိုင်ရာကျောင်းများမှထောက်ခံချက်

(ဆ) မိဘ/ဆွေမျိုးများ၏ သဘောတူညီကြောင်းထောက်ခံချက်

(ဇ) ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ၂ ကြိမ်ထိုးနှံပြီးကြောင်းအထောက်အထား

(ဈ) တစ်လအတွင်းရိုက်ကူးထားသော ပတ်စပို့(စ်)အရွယ် ကာလာဓာတ်ပုံ ၆ ပုံ။

၇။ သတ်မှတ်ထားသည့်အချက်အလက်များ၊ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမရှိသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

**ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ နိုဝင်ဘာ ၁၈ ရက်ထိ တမူးနယ်စပ်ကုန်သွယ်ရေးစခန်းက ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၄၀၇ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့



**နေပြည်တော် နိုဝင်ဘာ ၃၀**

ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ နိုဝင်ဘာ ၁၈ ရက်ထိ တမူးနယ်စပ်ကုန်သွယ်ရေးစခန်းက ကုန်သွယ်မှုပမာဏအမေရိကန်ဒေါ်လာ ၁၀ ဒသမ ၄၀၇ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးထက်အောင်ဝင်းထံမှ သိရသည်။

ထိုကဲ့သို့ တမူးနယ်စပ်ကုန်သွယ်ရေးစခန်းက ကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ နိုဝင်ဘာ ၁၈ ရက်ထိ ကာလအတွင်း ပို့ကုန်အမေရိကန်ဒေါ်လာ ၆ ဒသမ ၄၉ သန်းဖိုးနှင့် သွင်းကုန်အမေရိကန်ဒေါ်လာ ၃ ဒသမ ၉၁၇ သန်းဖိုး စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၄၀၇ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

"တမူးနယ်စပ်ကုန်သွယ်ရေးစခန်းအနေနဲ့ကတော့ အခုဘဏ္ဍာနှစ်မှာ ပို့ကုန်အနေနဲ့ အမေရိကန်ဒေါ်လာ သန်း ၇၀ ဖိုးလောက်၊ သွင်းကုန်အနေနဲ့ အမေရိကန်ဒေါ်လာ ငါးသန်းဖိုးလောက်နဲ့ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၇၅ သန်းကျော်ဖိုးလောက် ရောက်ရှိအောင် ဆောင်ရွက်နေပါတယ်။ အခုဆိုရင်တော့ အမေရိကန်ဒေါ်လာ ၁၀ သန်းကျော်ဖိုး ရောက်ရှိနေပြီဖြစ်တဲ့အတွက် လျာထားဆောင်ရွက်ချက်ရဲ့ ၁၄ ဒသမ ၂၅၆ ရာခိုင်နှုန်းကို ရောက်ရှိအောင် ဆောင်ရွက်နိုင်ပြီဖြစ်ပါတယ်"ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးထက်အောင်ဝင်းက ပြောပြသည်။

တမူးနယ်စပ်ကုန်သွယ်ရေးစခန်းက ကုန်သွယ်မှုဆောင်ရွက်ရာတွင် မြန်မာနိုင်ငံမှ အများဆုံးပို့ကုန်များမှာ ကွမ်းသီး၊ အုန်းသီး၊ တမူးမြို့နယ်ရှိ နန့်ဖာလုံဒေသထွက်ကုန်မျိုးစုံနှင့် စီးကရက်တို့ဖြစ်ပြီး သွင်းကုန်များအနေဖြင့် ဓာတ်မြေဩဇာနှင့် ဆံပင်အတုတို့ဖြစ်ကြောင်း သိရသည်။

ASH

# စစ်ကိုင်းမြို့နယ်တွင် နွေစပါးဧက ၄၃၀၀ စိုက်ပျိုးရန်လျာထား

**စစ်ကိုင်း နိုဝင်ဘာ ၃၀**

ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်တွင် နွေစပါးဧက ၄၃၀၀ စိုက်ပျိုးရန် လျာထားကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

၂၀၂၂-၂၀၂၃ ခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းမြို့နယ်တွင် နွေစပါးဧက ၄၃၀၀ စိုက်ပျိုးရန် လျာထားကြောင်း၊ ပြီးခဲ့သည့်နှစ်က နွေသီးနှံစိုက်ပျိုးချိန်၌ စစ်ကိုင်းမြို့နယ်တွင် နွေစပါး ၃၉၆၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း စစ်ကိုင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏စာရင်းများအရ သိရသည်။

"ဒီနှစ် စစ်ကိုင်းမြို့နယ်မှာ နွေစပါးဧက ၄၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ မနှစ်ကတော့ နွေစပါးသီးနှံဧက ၃၀၀၀ ကျော်ပဲ စိုက်ပျိုးနိုင်ခဲ့တယ်။ နွေစပါးစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး အထွက်နှုန်းတိုးဖို့၊ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့၊ စိုက်နည်းစနစ်တွေကို ဆောင်ရွက်ပေးနေပါတယ်။ ဒီနှစ်



ယခုနှစ် မိုးစပါးစိုက်ခင်းကို တွေ့ရစဉ်။

နွေစပါးသီးနှံဧက လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ဆောင်ရွက်နေတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဦးက ပြောပြသည်။

ယခုနှစ် စစ်ကိုင်းမြို့နယ်တွင် နွေစပါး စိုက်ပျိုးတောင်သူများအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်း၊ မျိုးသန့်များ စိုက်ပျိုးရန်အတွက် ပညာပေးခြင်း၊ သဘာဝမြေဩဇာဖြုလုပ်သုံးစွဲနည်း ပညာများ၊ နွေသီးနှံများ အချိန်မီ စိုက်ပျိုးနိုင်ရန်၊ စီးပွားမျိုးများ စိုက်ပျိုးကြရန်အတွက် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစုံ ၂၁၉၂၄၃ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်အောက်တိုဘာလမှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၇၁၇၈၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဇော်ဦးက ပြောပြ၍ သိရသည်။

(၂၀၆)

# ညောင်ရွှေမြို့နယ်တွင် ဘက်စုံသုံးဆပ်ပြာပြုလုပ်နည်းသင်တန်းဆင်းပွဲကျင်းပ

**ညောင်ရွှေ နိုဝင်ဘာ ၃၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်း၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဘက်စုံသုံး ဆပ်ပြာပြုလုပ်နည်းသင်တန်းဆင်းပွဲကို နိုဝင်ဘာ ၂၉ ရက် မွန်းလွဲပိုင်းက လက်ခုပ်ပင်ကျေးရွာ ဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်(တောင်ပိုင်း)ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမောင်မောင်ဝင်းက သင်တန်းဆင်း အမှာစကားပြောကြားသည်။

ဆက်လက်၍ ကလောခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်းက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန်အတွက် ယခုကဲ့သို့ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများ ဖွင့်လှစ်ပို့ချပေးရခြင်းဖြစ်ကြောင်း၊ သင်တန်းတက်ရောက်ခဲ့သည့် သင်တန်းသူများအနေဖြင့် သင်တန်းမှပို့ချပေးခဲ့သော သင်ခန်းစာများကို စီးပွားဖြစ် ပြန်လည်အသုံးချနိုင်အောင် ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းတွင် ညောင်ရွှေမြို့နယ် လက်ခုပ်ပင်ကျေးရွာမှ သင်တန်းသူဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် ဆပ်ပြာရည်၊ ခေါင်းလျှော်ရည်ပြုလုပ်နည်း အမျိုးမျိုးကို အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ နည်းပြဆရာများက နိုဝင်ဘာ ၂၂ ရက်မှ နိုဝင်ဘာ ၂၈ ရက်ထိ ခုနစ်ရက်ကြာ စာတွေ့၊ လက်တွေ့အခမဲ့သင်ကြားပို့ချပေးခဲ့ကြောင်း ပြည်နယ်ဦးစီးမှူး ဦးမောင်မောင်ဝင်းက ပြောပြ၍ သိရသည်။

**ဟိန်းထက်ရိုး(မလှိုင်)**

# သာစည်မြို့နယ် မင်းလှကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**သာစည် နိုဝင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မင်းလှကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်ဝင်း၊ သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက မင်းလှကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)ရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော နေကြာစိုက်ပျိုးနေမှုနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့် တွေ့ဆုံကာ(ဆီထွက်သီးနှံ) နေကြာစိုက်ပျိုးနေမှုများနှင့်ပတ်သက်၍ စိုက်ပျိုးနည်းစနစ် မှန်ကန်စွာ စိုက်ပျိုးရန်၊ သတ်မှတ်ဧက ပြည့်မီစွာ စိုက်ပျိုးရန် ဆွေးနွေးမှာကြားသည်။

သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) စိုက်ပျိုးလုပ်ကိုင်နိုင်ရန်အတွက် မင်းလှကျေးရွာအပါအဝင် စုစုပေါင်းကျေးရွာ ရှစ်ရွာမှ အသင်းသား၊ အသင်းသူ ၄၅၃ ဦးထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ရန်ပုံငွေကျပ် သိန်း ၉၀၀ ကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှစတင်၍ ပထမအကြိမ်အဖြစ် ထုတ်ချေးပေးထားကြောင်း ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက ပြောပြ၍ သိရသည်။

**အေးသူ**

# မကွေးမြို့နယ် ဘုရားကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်မှု စစ်ဆေး

**မကွေး နိုဝင်ဘာ ၃၀**

မကွေးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ဘုရားကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်စိုးနှင့် အင်ဂျင်နီယာများက ဘုရားကုန်းကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များနှင့်အတူ ကျေးရွာတွင်း ကွန်ကရစ်လမ်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များကို ကွန်ကရစ်လမ်း ရေရှည်အသုံးပြုနိုင်ရေး တန်ပိုးယာဉ်များ ဖြတ်သန်းသွားလာခြင်းမပြုရန်နှင့် ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို တန်ဖိုးထားထိန်းသိမ်းကြရန် မှာကြားသည်။

ဘုရားကုန်းကျေးရွာတွင် လမ်းအရှည် ပေ ၁၀၀၀၊ လမ်းအကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်း ခင်းခြင်းလုပ်ငန်းကို VDP စီမံကိန်းရန်ပုံငွေကျပ် ၁၀ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၉ ဒသမ ၅၆ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အောက်တိုဘာ ၁၃ ရက်က ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်၍ ကျေးရွာရှိ အိမ်ခြေ ၃၅၉ အိမ်နှင့် လူ ၁၅၃၄ ဦးကို အကျိုးပြုမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်စိုးက ပြောပြ၍ သိရသည်။

**အထွေး**



ကျွန်တော်တို့အားလုံး ဖြတ်သန်းလာခဲ့တဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ချုပ်ဆိုခဲ့တဲ့ (၇)နှစ်ပြည့်ကာလမှာ ကျွန်တော့်အနေနဲ့

- ဖြတ်သန်းလာခဲ့ရတဲ့ကာလတစ်လျှောက် အတွေ့အကြုံတွေအရ တည်ငြိမ်အေးချမ်းမှုရှိခြင်းနဲ့ တည်ငြိမ်အေးချမ်းမှုမရှိခြင်းတို့ရဲ့ အကျိုးအပြစ်တွေကို သုံးသပ်ဆင်ခြင်ပြီး NCA စာချုပ်ရဲ့ တန်ဖိုးအနှစ်သာရပီပြင်လာအောင် ဝိုင်းဝန်းဆောင်ရွက်ကြပါ။
- ဒို့တာဝန်အရေးသုံးပါးမူဝါဒကို လေးစားတန်ဖိုးထားပြီး ပေါင်းစည်းညီညွတ်သော ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုဖော်ဆောင်အောင်မြင်နိုင်ဖို့ NCAစာချုပ်ပါ ကတိကဝတ်တွေကို လေးလေးစားစားလိုက်နာကြပါ။
- အမျိုးသားနိုင်ငံရေးအတွေးအမြင်ကြွယ်ဝသော၊ နိုင်ငံသားသစ္စာတရားပြည့်ဝသော နိုင်ငံကြီးသားစိတ်ထားရှိသူတွေဖြစ်လာစေရန် မိမိတို့ကိုယ်တိုင်နှင့် မိမိတို့ပတ်ဝန်းကျင်ကို ပြုစုပျိုးထောင်သွားကြပါ။
- NCA မှာ လက်မှတ်ရေးထိုးရန် ကျန်ရှိနေသေးသည့် အဖွဲ့အစည်းတွေပါဝင်လာစေဖို့အတွက် နှီးဆော်တိုက်တွန်းမှုတွေ၊ စည်းရုံးသိမ်းသွင်းမှုတွေ တတ်စွမ်းနိုင်သမျှ ပံ့ပိုးလုပ်ဆောင်ခြင်းဖြင့် သမိုင်းမှတ်တမ်းကောင်းတစ်ခုစိုက်ထူသွားကြပါစို့လို့ နှိုးဆော်တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် ကျင်းပပြုလုပ်သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ချုပ်ဆိုခြင်း (၇) နှစ်မြောက် နှစ်ပတ်လည်နေ့တွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

## စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၄) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနား တိုက်ရိုက်(Live) ထုတ်လွှင့်မည်

စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၄) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကျင်းပပုံများကို ဒီဇင်ဘာ ၂ ရက် နံနက် ၇နာရီ ၂၅ မိနစ်မှစတင်၍ MRTV HD Channel၊ MWD HD Channel၊ MWD Variety HD Channel နှင့် Skynet FUTURE 5 Channel တို့မှ တိုက်ရိုက်(Live)ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း မိဘပြည်သူများကို ကြိုတင်သတင်းကောင်းပါးအပ်ပါသည်။

## ကိုဗစ်-၁၉ ရန်ပုံငွေမှ နိုင်ငံသားပိုင် ငါး၊ ပုစွန်မွေးမြူရေးအပါအဝင် မွေးမြူရေးကဏ္ဍသို့ ထုတ်ပေးထားသည့်ချေးငွေများ ပြန်လည်ပေးဆပ်ရမည့်ကာလကို သက်တမ်းတစ်နှစ် ထပ်မံတိုးမြှင့်ပေးကြောင်း အသိပေးကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ကိုဗစ်-၁၉ ကြောင့်ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ်**

**ကုစားရေးလုပ်ငန်းကော်မတီ**

**သတင်းထုတ်ပြန်ချက် ( ၄/၂၀၂၂)**

၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်

ကိုဗစ်-၁၉ ရန်ပုံငွေမှ နိုင်ငံသားပိုင် ငါး၊ ပုစွန်မွေးမြူရေးအပါအဝင် မွေးမြူရေးကဏ္ဍသို့ ထုတ်ပေးထားသည့် ချေးငွေများ ပြန်လည်ပေးဆပ်ရမည့်ကာလကို သက်တမ်းတစ်နှစ် ထပ်မံတိုးမြှင့်ပေးကြောင်း အသိပေးကြေညာခြင်း

၁။ ကိုဗစ်-၁၉ ကြောင့်ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ၏တာဝန်များအနက် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စီးပွားရေးထိခိုက်မှုများကို ပြန်လည်ကုစားနိုင်ရေးအတွက် နိုင်ငံသားပိုင် ငါး၊ပုစွန်မွေးမြူရေးအပါအဝင် မွေးမြူရေးကဏ္ဍမှ ထိခိုက်မှုအများဆုံးဖြစ်သည့် လုပ်ငန်းများကို ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေသက်တမ်းတစ်နှစ် (အတိုးနှုန်း ၁ %) သတ်မှတ်ပြီး ၂၀၂၀ ခုနှစ် နိုဝင်ဘာ ၁၆ ရက်မှစတင်၍ ချေးငွေများ ခွင့်ပြုထုတ်ချေးပေးခဲ့ပါသည်။

၂။ မြန်မာ့စီးပွားရေးဘဏ်က ၂၀၂၂ ခုနှစ် အောက်တိုဘာ ၃၁ ရက်ထိ ကုမ္ပဏီ၊ လုပ်ငန်းစုစုပေါင်း ၃၂၅ ခု ချေးငွေပမာဏကျပ် ၇ ဒသမ ၆ ဘီလီယံကို ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေထုတ်ပေးခြင်းကို ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါသဖြင့် အစောဆုံးထုတ်ပေးခဲ့သည့် ချေးငွေရရှိသူများသည် **စာမျက်နှာ ၁၈ ကော်လံ ၁ ☆**

## NUG လက်ဝေခံ PDF အကြမ်းဖက် သောင်းကျန်းသူများက အပြစ်မဲ့လျှပ်စစ်ဝန်ထမ်းတစ်ဦးကို လုပ်ကြံပစ်ခတ်ခဲ့မှုနှင့်လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသည့် အခြေခံအဆောက်အအုံများအား တိုက်ခိုက်ဖျက်ဆီးမှု အခြေအနေများကို သတင်းထုတ်ပြန်

စာမျက်နှာ - ၂၃

## အင်းတော်မြို့မရဲစခန်းကို PDF အမည်ခံ အကြမ်းဖက်သမားများက ၄၀ မမပုံးပစ်လောင်ချာများဖြင့် ရမ်းသန်းပစ်ခတ်ရာ ပုံးသီးများမှာ ရဲစခန်းအနီး လူနေရပ်ကွက်များအတွင်း ကျရောက်ပေါက်ကွဲခဲ့သဖြင့် အပြစ်မဲ့အရပ်သား ပြည်သူအမျိုးသမီး ခုနစ်ဦး ထိခိုက်ဒဏ်ရာရရှိ

စာမျက်နှာ - ၂၃

## ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ နိုဝင်ဘာ ၁၈ ရက်ထိ ပို့ကုန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၀၀၉၂ ဒသမ ၇၃ သန်း ရရှိ

စာမျက်နှာ - ၅

